# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၆ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၇၇)




# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မြန်မာပိတောက်ပင် စိုက်ပျိုးပေးပြီး လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၅**

၂၀၁၈ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖိုးဇောင်တောင်ကြိုးဝိုင်းအကွက် အမှတ်(၁၇)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်သည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်းနှင့် ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ အမျိုးသားလွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သစ်ပင်များစိုက်ပျိုး**

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မြန်မာပိတောက်ပင်ကို လည်းကောင်း၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မဟော်ဂနီပင်ကို လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က တမလန်းပင်ကို လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက တမလန်းပင်ကို လည်းကောင်း စိုက်ပျိုးပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ၂၀၁၈ ခုနှစ်


*စာမျက်နှာ ၃ ကော်လံ ၁* ❇


## မြန်မာပိတောက်ပင် စိုက်ပျိုး

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် မြန်မာပိတောက်ပင်ကို စိုက်ပျိုးပေးစဉ်။

သတင်းစဉ်

**ရန်ကုန်မြို့၌ ဘတ်စ်ကားမှတ်တိုင်သစ်များ စတင်တည်ဆောက်**

*ပြည်တွင်းသတင်း- စာမျက်နှာ - ၂*


**လုံခြုံရေး တင်းကျပ်မှုများဖြင့် အမေရိကန်၌ လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ**

*နိုင်ငံတကာသတင်း- စာမျက်နှာ - ၁၄*


**လူဦးရေ လျော့နည်းကျဆင်းမှုဆိုင်ရာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့ ဂျပန်နိုင်ငံ**

*နိုင်ငံတကာရေးရာ- စာမျက်နှာ - ၁၅*



KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒဟန်ချက်ညီမျှတမှု

ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ဒုတိယဥက္ကဋ္ဌ ဗစ်တိုးရီးယားကွာကွာက ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ လူမှုရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွက် ဆက်လက်ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဒုတိယဥက္ကဋ္ဌ ဗစ်တိုးရီးယားကွာကွာ၏ ဤပြောကြားချက်သည် ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံအပေါ် အကူအညီအထောက်အပံ့ပေးမှုများ ရပ်ဆိုင်းတော့မည့်ပုံစံမျိုး ဝါဒဖြန့်မှုများကို ဖယ်ရှားရှင်းလင်းပေးလိုက်ပြီဖြစ်ပါသည်။

ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် UNHCR/UNDP တို့အကြား ချုပ်ဆိုခဲ့သည့် နားလည်မှုစာချွန်လွှာပါ သဘောတူညီချက်များ အကောင်အထည်ဖော်ရာ၌လည်းကောင်း၊ ကိုဖီအာနန်ကော်မရှင် အစီရင်ခံစာပါ အကြံပြုချက်များ အကောင်အထည်ဖော်ရာ၌လည်းကောင်း ပံ့ပိုးကူညီမည်ဟု ထုတ်ပြန်ခဲ့ပါသည်။ ဤထုတ်ပြန်မှုသည် ကမ္ဘာ့ဘဏ်၏ ဟန်ချက်ညီမျှတသော ချဉ်းကပ်ပုံကို ထင်ဟပ်နေသကဲ့သို့ နိုင်ငံတော်အစိုးရက ချမှတ်ထားသည့်မူဝါဒတို့၏ လက်တွေ့ကျ မှန်ကန်မှုကိုလည်း ရည်ညွှန်းဖော်ပြနေပါသည်။

ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ဒုတိယဥက္ကဋ္ဌ ဗစ်တိုးရီးယားကွာကွာသည် ကမ္ဘာ့ဘဏ်က ချမှတ်ထားသော မြန်မာနိုင်ငံဆိုင်ရာ မူဝါဒများ အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာနိုင်ငံသို့ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် လာရောက်မည် ဖြစ်ပါသည်။ အဆိုပါ ခရီးစဉ်အတွင်း ဒုတိယဥက္ကဋ္ဌ ဗစ်တိုးရီးယားကွာကွာသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် တာဝန်ရှိသူများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးသွားမည် ဖြစ်ပါသည်။ ဤကဲ့သို့ တွေ့ဆုံဆွေးနွေးရာ၌ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက် ဆက်လက်ကူညီသွားမည့် အစီအစဉ်များအား ဆွေးနွေးသွားမည်ဖြစ်ကြောင်းကို ကမ္ဘာ့ဘဏ်က ရှင်းလင်းစွာထုတ်ဖော်ပြောကြားပြီး ဖြစ်ပါသည်။

ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ပြန်ကြားရေးတာဝန်ခံ၏ ရှင်းလင်းပြောကြားချက်များသည်လည်း ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ သဘောထား ဟန်ချက်ညီမျှတနေသည်ကို ထပ်လောင်းဖော်ပြနေပါသည်။ ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ပြန်ကြားရေးတာဝန်ခံက တစ်နိုင်ငံလုံး ငြိမ်းချမ်းရေး၏ အသီးအပွင့်များရရှိခံစားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော မြန်မာအစိုးရ၏ ဦးစားပေးဆောင်ရွက်ချက်များနှင့်အညီ ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ သမိုင်းဝင် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ပံ့ပိုးကူညီမည်ဖြစ်ကြောင်း ရှင်းလင်းပြောဆိုခဲ့ပါသည်။ အဆိုပါ ပြန်ကြားရေးတာဝန်ခံပုဂ္ဂိုလ်၏ ပြောကြားချက်အရ ပဋိပက္ခဖြစ်ပွားလျက်ရှိသော ဒေသများရှိ လူမှုအသိုင်းအဝိုင်းများအကြား သဟဇာတဖြစ်ရေး ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ကမ္ဘာ့ဘဏ်၏ အထူးအလေးပေးချဉ်းကပ်မှုသည် မြန်မာနိုင်ငံ၏ ပကတိလိုအပ်ချက်ကို ထင်ဟပ်ဖော်ဆောင်ပေးလျက်ရှိပါသည်။ နိဂုံးချုပ်အနေဖြင့် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာမူဝါဒ ဟန်ချက်ညီမျှတမှုအပေါ် ဂုဏ်ပြုကြိုဆိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## မုတ်သုံလေ အားအသင့်အတင့်ရှိနေ

**နေပြည်တော် ဇူလိုင် ၅**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့ အပြားမိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဧလ**

# ရန်ကုန်မြို့၌ ဘတ်စ်ကားမှတ်တိုင်သစ်များ စတင်တည်ဆောက်

**ရန်ကုန် ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး အစိုးရသည် ခရီးသွားပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေရေး မြို့တွင်း ခရီးသွားပို့ဆောင်ရေးစနစ်ကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဘတ်စ်ကား သယ်ယူပို့ဆောင်ရေးစနစ်တွင် အရေးပါသောကဏ္ဍတစ်ခုဖြစ်သည့် ဘတ်စ်ကားမှတ်တိုင်သစ်များ တည်ဆောက်ရေးလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီလုပ်ငန်းကို လုပ်ခွင့်ရတဲ့ကုမ္ပဏီက ပြင်သစ်ကုမ္ပဏီလို့ သိရပါတယ်။ ကျွန်တော်တို့က ဆပ်ကန်ထရိုက်အဖြစ် ဆောက်လုပ်ပေးတာပါ။ ကျွန်တော်တို့ လုပ်ခွင့်ရတဲ့နေရာတွေကတော့ လမ်းမတော်နဲ့ ပန်းဘဲတန်းမြို့နယ်တွေထဲမှာ ဖြစ်ပါတယ်။ စုစုပေါင်း ဘတ်စ်ကားမှတ်တိုင်အသစ် ၂၀ ဆောက်လုပ်သွားမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ လူစည်ကားတဲ့နေရာတွေမှာ အခုလိုဘတ်စ်ကားမှတ်တိုင်သစ်တွေ ဆောက်လုပ်သွားမှာ ဖြစ်ပါတယ်"ဟု နေရှင်နယ်စတီးကုမ္ပဏီမှ ဆောက်လုပ်ရေးတာဝန်ရှိသူ ကိုအောင်ကျော်မိုးက ရှင်းပြသည်။



ဘုန်းကြီးလမ်းတွင် ဆောက်လုပ်ထားသော ဘတ်စ်ကားမှတ်တိုင်သစ်ကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် တင်ဒါအောင်မြင်သော ကုမ္ပဏီတို့ပူးပေါင်းလျက် အဆိုပါ ဘတ်စ်ကားမှတ်တိုင်သစ်များကို စတင်တည်ဆောက်နေခြင်း ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရက ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က မထသ ယာဉ်လိုင်းများကိုဖျက်သိမ်းပြီး အများပိုင် သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်သော Yangon Bus Services-YBS ယာဉ်လိုင်းများဖြင့် စတင်အစားထိုးပြေးဆွဲခဲ့ရာ ယခုအခါ ယာဉ်လိုင်းအများစုကို လေအေးပေးစက်သုံး ယာဉ်လိုင်းများအဖြစ် ပြောင်းလဲနိုင်ခဲ့ပြီဖြစ်သည်။

ရန်ကုန်မြို့၏ ခရီးသွားသယ်ယူပို့ဆောင်ရေးစနစ်ကို ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် ယင်းကဲ့သို့ မော်တော်ယာဉ်သစ်များဖြင့် အစားထိုးပြောင်းလဲပြေးဆွဲမှု တစ်ခုတည်းသာမဟုတ်ဘဲ ဘတ်စ်ကားမှတ်တိုင်သစ်များ ပြောင်းလဲ တပ်ဆင်အသုံးပြုရေးနှင့် ဘတ်စ်ကားခကို ကတ်စနစ်ဖြင့် ပြောင်းလဲ အသုံးပြုနိုင်ရေးလုပ်ငန်းစဉ်များလည်း ပါဝင်သည်။ ယင်းလုပ်ငန်းစဉ်များကို တစ်ခုပြီးတစ်ခု ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိသည်။

**သတင်းနှင့် ဓာတ်ပုံ-မြင့်မောင်စိုး**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တိုးချဲ့ပညာပေးရေးမူဝါဒနှင့် မဟာဗျူဟာရေးဆွဲရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၅**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တိုးချဲ့ပညာပေးရေးမူဝါဒနှင့် မဟာဗျူဟာရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၄ ရက်က နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း AERDTC ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း တက်ရောက် အမှာစကားပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဌာနအသီးသီး၏ လက်ရှိဆောင်ရွက်နေသော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တိုးချဲ့ပညာပေးနည်းစနစ်များ၏ အားနည်းချက်များနှင့် အားသာချက်များကိုသုံးသပ်၍ ဝန်ကြီးဌာန၏ တိုးချဲ့ပညာပေး မဟာဗျူဟာများနှင့် မူဝါဒများကို ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိက တိုးချဲ့ပညာပေးလုပ်ငန်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများရှိ တိုးချဲ့ပညာပေးရေးပညာရှင်များ၏ မတူညီသောအမြင်များကို စူးစမ်းရှာဖွေနိုင်ရေး၊ ဝန်ကြီးဌာန၏ တိုးချဲ့ပညာပေးမဟာဗျူဟာများနှင့် မူဝါဒများရေးဆွဲရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်၍ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

"ခေတ်မီနည်းပညာတွေကို တောင်သူတွေ အလွယ်တကူ အသုံးပြုနိုင်ကြစေဖို့ တိုးချဲ့ပညာပေးရေးဝန်ထမ်းတွေက ပေါင်းကူးသဖွယ် ဆောင်ရွက်ကြရမှာဖြစ်တဲ့အတွက် တိုးချဲ့ပညာပေးရေး ပညာရှင်တွေရဲ့ စွမ်းဆောင်ရည် ပိုမိုပြည့်ဝရေးဟာ အလွန်အရေးကြီးပါတယ်။ ဈေးကွက်တောင်းဆိုမှုရှိတဲ့ သီးနှံအမယ်တွေ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနဲ့ လယ်သမားတွေထံ နည်းပညာပြန့်ပွားရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွေ ထိရောက်အောင်မြင်ရေးအတွက် ပုဂ္ဂလိက၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတွေ၊ အရပ်ဘက်လူမှုအဖွဲ့တွေနဲ့ လယ်ယာကဏ္ဍနဲ့ ပါဝင်ပတ်သက်သူအားလုံးတို့က ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် သုတေသနဖော်ထုတ်ဆောင်ရွက်ပြီးသည့် ခေတ်မီနည်းပညာများ၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အလေ့အကျင့်ကောင်းများသည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသကဲ့သို့ တောင်သူလယ်သမားများအနေဖြင့် ကိုယ်ပိုင်စွမ်းဆောင်နိုင်မှုအပေါ် ယုံကြည်ချက်ရှိစွာဖြင့် ဆောင်ရွက်တတ်ရန်၊ စုပေါင်းအားဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်တတ်လာကြစေရန် စသည့်အလေ့အထကောင်းများ စွဲမြဲစွာ ကျင့်သုံးလာစေရေး စည်းရုံးပညာပေးရန် လိုအပ်ကြောင်း၊ တိုးချဲ့ပညာပေးရေး မဟာဗျူဟာလုပ်ငန်းစဉ်တွင် တောင်သူလယ်သမားများအား နည်းပညာဗဟုသုတများ၊ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ ရယူအသုံးပြုနိုင်စေရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကိုရီးယားနိုင်ငံ KOICA မှ Senior Deputy Representative ဖြစ်သူ Mr. Moon Sangwon၊USAID , FAO , JICA နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ဇူလိုင် ၄ ရက် မှ ၅ ရက်အထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

*ထင်သာမြင်သာပြုပြင်စရာ*

# ခန္တီးမြို့တွင်း ကတ္တရာလမ်းပေါ် ချိုင့်ခွက်ကြီးများဖြစ်ပေါ်နေ၍ ပြုပြင်ပေးစေလို

ခန္တီးမြို့တွင်း လူနေအိမ်များနှင့် ဆိုင်ခန်းများဆောက်လုပ်ရာတွင် အများသုံးလမ်းမပေါ်၌ ဆောက်လုပ်ရေးလုပ်ငန်းများ အသုံးပြုခဲ့ခြင်းကြောင့် ကတ္တရာလမ်းပျက်စီးကာ ချိုင့်ခွက်ကြီးများ ဖြစ်ပေါ်လျက်ရှိသည်။ ကမ်းနားလမ်းတစ်လျှောက်နှင့် ကမ္ဘောဇဘဏ်ရှေ့ကတ္တရာလမ်း၌ ချိုင့်ခွက်ကြီးများဖြစ်ပေါ်နေ၍ လမ်းသွားလမ်းလာများ အခက်တွေ့လျက်ရှိသည်။

"လမ်းပျက်စီးနေတာ တစ်နှစ်ပြည့်တော့မယ်။ မိုးမရွာခင်ကတည်းက ကတ္တရာလမ်းတွေပျက်စီးပြီး ချိုင့်ခွက်ကြီးတွေ အများကြီးဖြစ်နေတာပါ။ မိုးရွာရင်တော့ ဆိုင်ကယ်စီးလို့ မရဘူး၊ ကျောင်းသား ကျောင်းသူတွေနဲ့ ဒေသခံပြည်သူတွေ ခက်ခက်ခဲခဲ သွားလာနေရပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။



အဆိုပါ ကမ်းနားလမ်းတစ်လျှောက်နှင့် ကမ္ဘောဇဘဏ်ရှေ့ ချိုင့်ခွက်ကြီးဖြစ်ပေါ်နေသောလမ်းမှာ ခန္တီးမြို့၏ အဓိကလမ်းမကြီးတစ်ခုဖြစ်ပြီး ရေအိုင်ကြီးများဖြစ်ပေါ်နေသောကြောင့် သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံများက လိုလားလျက်ရှိသည်။

**ချန်လော (ခန္တီး)**



# တူပြိုင်ပြိုင်လုပ်ကိုင်ကြပါစို့

**ကမ္ဘာ့ဇာတ်ခုံကြီးမှ ကမ္ဘာ့တေးသံလိုက်၍ ကနိုင်တဲ့ ဗမာပြည်ကြီးဖြစ်အောင် ဖန်တီးပြုပြင်ကြစို့။ ဗမာပြည်ကြီးကို လွတ်လပ်ပြီး တိုးတက်ထွန်းကားတဲ့ တိုင်းပြည်ဖြစ်အောင် ကြံဆောင်ကြိုးစားကြစို့။ ယခုလက်ဝယ်ရှိတဲ့ လုပ်ငန်းတာဝန်အလိုက် ကျွန်တော်တို့ အလုပ်လုပ်ကြစို့။ ကျွန်တော်တို့အားလုံး စစ်သားရော၊ နိုင်ငံရေးသမားရော၊ စာရေးဆရာရော၊ သတင်းစာဆရာရော၊ ဗမာတစ်မျိုးသားလုံး ယခုပြောတဲ့အတိုင်း ခေတ်ပြောင်းအလုပ်ကို တူပြိုင်ပြိုင်လုပ်ကိုင်ကြပါစို့။**

**(၁၉၄၇ ခုနှစ် အိုးဝေမဂ္ဂဇင်းတွင် ပဲခူးကျောင်းဆောင်သား ဗိုလ်ချုပ်အောင်ဆန်း၏ အာဘော်နှင့် အောင်မြင်ဆန်းသစ်သော အတွေးအခေါ်များမှ ကောက်နုတ်ချက်)**

*❄ ရှေ့စုံးမှ*

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု မိုးရာသီသစ်ပင် စိုက်ပျိုးပွဲ အထိမ်းအမှတ်ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ၂၀၁၈ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ပျိုးပင်ပေါင်း ၃၃၃ ပင် စိုက်ပျိုး**

အဆိုပါ ၂၀၁၈ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ ရေသင်းဝင်၊ မဟော်ဂနီ၊ ယင်းမာ၊ တမာ၊ ငု၊ မဲဇလီ၊ ပန်းမဲဇလီ၊ ပျဉ်းမ၊ သပြေ၊ မဏိသြဂ၊ အင်ကြင်း၊ ယမနေ၊ ယင်းတိုက်၊ ဖန်ခါး၊ စစ်၊ သစ်ဆိမ့်၊ ဖျောက်ဆိမ့်နှင့် ဆီသပြေအပါအဝင် ပျိုးပင်စုစုပေါင်း ၃၃၃ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဖိုးဇောင်တောင် ကြိုးဝိုင်း**

ဖိုးဇောင်တောင် ကြိုးဝိုင်းသည် ဧရိယာ ၈၅၁၇ ဒသမ ၀၉ ဧက ကျယ်ဝန်း၍ အကွက်ပေါင်း ၅၁ ကွက်ရှိကြောင်း၊ ကြိုးဝိုင်းအတွင်း ဘုံမဲဇာ၊ မအူလက်တံရှည်၊ သံသတ်၊ တရော်၊ လယ်ဇ၊ ပိတောက်၊ ခအောင်း၊ တောမဲဇလီ၊ သဖန်း၊ ဖက်သန်း၊ ရုံး၊ ကြောင်လျှာ၊ သင်းဝင်၊ ဖျောက်ဆိမ့်၊ နကျယ်၊ လက်ထုတ်၊ သက်ရင်းကြီး၊ ကျွန်းဒလင်း၊ မျောက်ငို၊ ဝါးနွယ်၊ မျှင်ဝါးနှင့် ကြသောင်းဝါးတို့ ပေါက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကြည့်ရှုအားပေး

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တာဝန်ရှိသူများ ၂၀၁၈ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးစဉ်။

သတင်းစဉ်







ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၈ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားတွင် မဟော်ဂနီပင်ကို စိုက်ပျိုးပေးစဉ်။

သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဗြိတိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Daniel Patrick Chugg အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံစဉ် လွှတ်တော်လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော်ကိုယ်စားလှယ်နှင့် ဝန်ထမ်းများ အရည်အသွေးမြင့်မားစေရေးအတွက် အကူအညီပေးရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Daniel Patrick Chugg အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ၂၀၁၈ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် တမလန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်း-ရွှေဖုံး)** သတင်းစဉ်




**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ၂၀၁၈ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် တမလန်းပင်ကို စိုက်ပျိုးပေးစဉ်။(သတင်း-ရွှေဖုံး)** သတင်းစဉ်

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၌ သတင်းရယူကြမည့် ပြည်တွင်း/ ပြည်ပ မီဒီယာသမားများမှတ်ပုံတင်ခြင်း ဆောင်ရွက်နိုင်

**နေပြည်တော် ဇူလိုင် ၅**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ Website ဖြစ်သော www.moi.gov.mm တွင် Union Peace Conference – 21st Century Panglong (Third Session) ကို နှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး မှတ်ပုံတင်ပြုလုပ်ခြင်းကို ဇူလိုင် ၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို ဇူလိုင်လ ၁၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပ အခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းသတင်းထောက်များ ဝင်/ထွက်ခွင့် ရရှိရေးအတွက် သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၃၄၁၂၁၂၅ နှင့် ၀၆၇-၃၄၁၂၁၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ JCC ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် DFID အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၅**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် Department for International Development-DFID မှ Mr. Joe Rolling နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် DFID အနေဖြင့် မြန်မာလွှတ်တော်များ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ၏ လုပ်ငန်းခွင်စွမ်းဆောင်ရည် တိုးတက်မြင့်မားရေးဆိုင်ရာ အကူအညီများပေးရေး၊ လွှတ်တော်များ၏ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လွှတ်တော်ကော်မတီများ ပိုမိုအားကောင်းခိုင်မာလာစေရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် Department for International Development-DFID မှ Mr. Joe Rolling နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဗြိတိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာဗြိတိန်နိုင်ငံသံအမတ်ကြီး H. E. Mr. Daniel Patrick Chugg အား ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ညှိနှိုင်းခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တိုးမြှင့်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်များ၏ လုပ်ငန်းစဉ်များ၊ ကော်မတီများ၏ ဆောင်ရွက်ချက်များ၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့ပေးမှုအခြေအနေများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြှင့်တင်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H. E. Mr. Daniel Patrick Chugg အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၅**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Indrika Ratwatte အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရ၊ UNHCR နှင့် UNDP တို့အကြား လက်မှတ်ရေးထိုးထားသည့် သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာ ဆောလျင်စွာအကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းအစီအစဉ်ရေးဆွဲရေး၊ ယင်းအတွက် နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပရေး၊ မြန်မာနိုင်ငံ၏ အခြားဒေသများတွင် UNHCR မှ ကူညီပံ့ပိုးပေးရေး လုပ်ငန်းစီမံချက်များ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးနှင့် လက်ရှိဆောင်ရွက်လျက်ရှိသော ထိုင်းနိုင်ငံနယ်စပ်ရှိ မြန်မာနိုင်ငံသားများအား နေရပ်ပြန်လည်ပို့ဆောင်ပေးရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများဆိုင်ရာ လုပ်ငန်းကော်မတီဆွေးနွေးပွဲများ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးပွဲများ၏ ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပသည်။

နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ဒေါက်တာတူးဂျာက "ကျား၊ မ တန်းတူရေးနဲ့ ပတ်သက်ပြီး အဓိက ဆွေးနွေးကြပါတယ်။ ဒီနေ့ ဆွေးနွေးမှုအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍတိုင်းမှာ အမျိုးသမီးတွေ အနေနဲ့ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ခွင့်ပြုဖို့ သဘောထားတွေ ချမှတ်နိုင်ခဲ့ပါတယ်။ ဒါကိုလည်း အများစုက သဘောတူကြပါတယ်။ ခုလောလောဆယ် အမျိုးသမီးပါဝင်မှုက ၃၀ ရာခိုင်နှုန်း လျော့ချင်လည်းလျော့နေမယ်။ ဒါပေမယ့် မူအရ အနည်းဆုံး ၃၀ ရာခိုင်နှုန်းနဲ့ ချမှတ်လုပ်ဆောင်သွားဖို့ ဖြစ်ပါတယ်"ဟု ပြောသည်။



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအတွက် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးပွဲကျင်းပစဉ်။** သတင်းစဉ်

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီ ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ဦးအောင်နိုင်ဦးက "ကျွန်တော်တို့ UPDJC က ပြန်ချပေးတဲ့ မူဝါဒအပေါ်မှာ အချင်းချင်းပြန်လည်ဆွေးနွေးနေပါတယ်။ ပြီးတော့ တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့ကနေ အဆိုပြုလာတဲ့အချက်တွေ အပေါ်မှာလည်း စပြီး ဆွေးနွေးနေပါတယ်။ မနေ့က ဆွေးနွေးရင်း မပြီးပြတ်သေးတဲ့ ကိစ္စတွေကို ဒီနေ့ပြန်ဆွေးနွေးမယ်ဆိုတာလည်းရှိပါတယ်။ ကျွန်တော်တို့ အဓိက ဆွေးနွေးနေတာကတော့ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စတွေဖြစ်ပါတယ်။ အခွန်နဲ့ပတ်သက်ပြီး ဘယ်လိုခွဲဝေမလဲ၊ သယံဇာတနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုခွဲဝေမလဲ၊ နောက်ပြီး စီးပွားရေးနဲ့ပတ်သက်တဲ့ မူဝါဒချမှတ်တဲ့အပိုင်းတွေ၊ စီမံကိန်းတွေရေးဆွဲတဲ့အပိုင်းတွေ ဒါတွေကို ပြည်ထောင်စုနဲ့ ဖက်ဒရယ်စနစ်အရ ဖြစ်လာမယ့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ဘယ်လိုဖက်ဒရယ်အခြေခံမှုကို အခြေခံပြီး ဘယ်လိုစဉ်းစားကြမယ်ဆိုတာကို အခြေခံမှုနဲ့သွားပြီး ဆက်လက်ဆွေးနွေးနေတာ ဖြစ်ပါတယ်။ ပြီးတော့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဘယ်လိုသွားကြမယ်ဆိုတာတွေကို ဆက်လက်ဆွေးနွေးနေပါတယ်"ဟု ပြောသည်။

ထို့အတူ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ လုပ်ငန်းကော်မတီ ဆွေးနွေးပွဲများတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးသို့ တင်ပြမည့် အချက်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးကြသည်။

ယနေ့ ဆွေးနွေးပွဲများသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ၊ ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့မှ လုပ်ငန်းကော်မတီဝင်များ၊ အကျိုးတော်ဆောင်များနှင့် အထောက်အကူပြုကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **သူရဇော်၊ မျိုးသူဟိန်း(သတင်းစဉ်)**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၅**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့ တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **(မိုး/ဇလ)**

## မှူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**သံတွဲ ဇူလိုင် ၅**

သံတွဲမြို့နယ် ရဲတပ်ဖွဲ့မှူး၏ စီစဉ်ညွှန်ကြားမှုဖြင့် သံတွဲမြို့ အမှတ်(၂၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုက ကြီးမှူးကျင်းပသည့် မှူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၄ ရက် မွန်းလွဲ ၂ နာရီက မြို့မအခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးသင်းက ဟောပြောပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးအောင်က မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ လူကုန်ကူးမှုအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ဟောပြောခဲ့ပြီး သံတွဲမြို့အမှတ်(၂၄)ယာဉ်ထိန်းရဲ တပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ရဲအုပ်သန်းစိုးအောင်က ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေပါ ဆောင်ရန်၊ ရှောင်ရန်တို့ကိုဟောပြောခဲ့သည်။ **သန့်ဇင်(ပြန်/ဆက်)**

# ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်(ရန်ကုန်)သို့

ခင်ချိုချိုဟန်(မန်း/မြေ)



ဗိုလ်ချုပ်အောင်ဆန်းနေအိမ် ပြတိုက်သို့ ၂၀၁၇ ခုနှစ် (၇၀)နှစ်မြောက် အာဇာနည်နေ့က လာရောက်လေ့လာနေကြသူများ။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

၂၀၁၈ ခုနှစ် ဇူလိုင် ၁၉ ရက်သည် မြန်မာနိုင်ငံကို သူ့ကျွန်ဘဝမှလွတ်မြောက်အောင် အသက်သွေးချွေးတို့ပေးဆပ်၍ လွတ်လပ်ရေးအရယူပေးခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် (၇၁)နှစ်မြောက် အာဇာနည်နေ့ဖြစ်သည်။

(၇၁)နှစ်မြောက် အာဇာနည်နေ့အကြို ဂါရဝပြုနိုင်ရန် မိုးဖွဲဖွဲရွာနေသည့်ကြားမှ ဇွန် ၆ ရက်က ဗိုလ်ချုပ်နေအိမ်ပြတိုက်သို့ ခရီးတစ်ခေါက် သွားရောက်လေ့လာလိုသော စိတ်အားထက်သန်မှုကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းအတွက် ကျွန်မအနေဖြင့် မိမိကိုယ်မိမိ အားရကျေနပ် ဂုဏ်ယူမိခဲ့သည်။

အလုပ်အတူလုပ်သည့် သူငယ်ချင်းပေးသော လိပ်စာကို ဖတ်ကြည့်နေမိသည်။ အမှတ်(၂၅)၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်းနံပါတ် ၀၁-၅၄၁၃၅၉၊ စီးရမည့် YBS ကားနံပါတ်(၈)၊ အနီးဆုံးစီးနိုင်သည့် ဘတ်စ်ကားမှတ်တိုင် ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်မှတ်တိုင်၊ ဆင်းရမည့်မှတ်တိုင်မှာ ဂျမားမှတ်တိုင်ဖြစ်သည်။ (စိတ်ထဲမှာ သိပ်ဘဝင်မကျဖြစ်နေချိန်မှာ အကြိုဘဲလ်တီးလိုက်မိသည်။ ဘာကြောင့် ဗိုလ်ချုပ်အိမ်လမ်းမှတ်တိုင်ဟု မတွင်ရသနည်းဟုလည်း တွေးနေမိသည်)

နတ်မောက်လမ်းဟုသည့် အရှေ့ အနောက် အညွှန်းဆိုင်းဘုတ်နှင့်အတူ ဗိုလ်ချုပ်ပြတိုက်လမ်းဟု လမ်းညွှန်ထားသည့် လမ်းသွယ်ဆိုင်းဘုတ်အတိုင်း မိုးသည်းသည်း၌ ထီးတစ်ချောင်းနှင့် လမ်းဘေးဝဲယာ အိမ်ကြီးအိမ်ကောင်းများ၊ ဂျာမနီသံရုံး၊ UNESCO ရုံး၊ ရွှေကြက်ယက်ဘုန်းကြီးကျောင်း စသည့်ဖြင့် စိတ်ထဲမှာမှတ်သားနေခိုက် ကုန်းမြင့်မြင့်ခြံဝန်းကျယ်ကျယ်တွင် တည်ဆောက်ထားသည့် နှစ်ထပ်အဆောက်အအုံ ထုလုံးရှည်ပါ ကိုလိုနီခေတ် ထူးထူးခြားခြား အိမ်ကြီးတစ်အိမ်ကို ကျွန်မမြင်လိုက်ရချိန်တွင် ဝမ်းနည်းသလို ခံစားလိုက်ရသည်။ နာရီကြည့်လိုက်ရာ နေ့လယ် ၁၂ နာရီ ၁၀ မိနစ် ရှိပြီဖြစ်သည်။ ဗိုလ်ချုပ်နေအိမ်ကိုရောက်ဖို့ ၁၀ မိနစ်ကျော်ကျော် လမ်းလျှောက်ခဲ့ရသည်။

### ပြတိုက်သို့ အဝင်

ပထမဆုံး ဗိုလ်ချုပ်အိမ်အတွင်းသို့ ဝင်ရောက်လေ့လာရာ အဝင်ဂိတ်ဝ၌ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရေးသားထားသည့် ပြတိုက်ဖွင့်ချိန် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ၊ ပိတ်ရက် တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များ (စနေ+တနင်္ဂနွေနေ့များ ပိတ်မထားပါ)ဟု ဆိုင်းဘုတ်ကို တွေ့ရသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံသားများအားလုံး အခမဲ့ဖြစ်သည်။ ပြည်ပနိုင်ငံခြားသားများ တစ်ဦးလျှင် ဝင်ကြေး ကျပ် ၅၀၀၀ သတ်မှတ်ထားသည်ဟု သိရသည်။ အဝင်ဂိတ်တွင် ကျွန်းဆိုင်းဘုတ်ကြီးဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ BO GYOKE AUNG SAN MUSEUM ဟု ရေးသားထားသည့် ထည်ဝါသော ဆိုင်းဘုတ်ကြီးမှာ ကျွန်မကို ဆီးကြိုလျက်ရှိနေသည်။

အဝင်ရဲကင်းဂိတ် လမ်းညွှန်ဆိုင်းဘုတ်မှ သစ်ရိပ်များအုံ့အုံ့ဆိုင်းဆိုင်းဖြင့် ကွန်ကရစ်လမ်းလေးအတိုင်း ကုန်းမို့မို့ပေါ်တွင် တည်ဆောက်ထားသည့် အိမ်ကြီးရှိရာ ဗိုလ်ချုပ်နေအိမ်ပြတိုက်သို့ လျှောက်လာရင်း ကျွန်မအတွက် တသသနှင့် လွမ်းစရာနေရာ၊ ဘဝမှတ်တိုင်တစ်ခုဟု စိတ်တွင် စွဲမြဲခိုင်မာစေပါတော့မည်။ ကုန်းမို့မို့ပေါ်တွင် တည်ဆောက်ထားသော ဗိုလ်ချုပ်နေထိုင်ခဲ့သည့် အိမ်မကြီးအတွင်းသို့ ဝင်နိုင်ရန် လှုပရိုးရှင်းသည့် လှေကားများကိုလည်း ဖြတ်ကျော်ခဲ့ရသည်။

လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည့် ဗိုလ်ချုပ်၏ ကျောင်းသားဘဝ၊ နိုင်ငံခေါင်းဆောင်ဘဝ စသည့် တိုတောင်းသည့်အချိန်ကာလအတွင်း မရပ်မနား ကိုယ်ကျိုးစွန့်၍ တိုင်းပြည်အတွက် ကြိုးပမ်းခဲ့စဉ်ကာလနှင့် ဗိုလ်ချုပ်၏မိသားစု၏ ရိုးသားမှုဂုဏ်ကို ကျွန်မအပါအဝင် နိုင်ငံသူ နိုင်ငံသား၊ ကျောင်းသား ကျောင်းသူများ အားကျအတုယူနိုင်ဖွယ်များကို ဤဗိုလ်ချုပ်နေအိမ်ပြတိုက်ကို လေ့လာခြင်းဖြင့် ရရှိနိုင်မည်ဖြစ်ပါသည်။

ကျွန်မသည် အိမ်ကြီး၏ ဆင်ဝင်အောက်တွင် ဖိနပ်ကို ချွတ်ခဲ့လိုက်သည်။ လေ့လာသူအားလုံး သတ်မှတ်ထားသည့်နေရာတွင် စနစ်တကျ ဖိနပ်များချွတ်ထားသည်ကို တွေ့မြင်ခဲ့ရသည်။ အနီရောင် တားမြစ်ချက်အမှတ်အသားများကို စတင်ဖတ်ရှုရပါသည်။ ကျွန်မအထူးသတိပြုမိသည့် အချက်မှာ ဗိုလ်ချုပ်၏ အိမ်ဝင်းခြံကျယ်အတွင်း မည်သည့်မော်တော်ယာဉ်မှ ဝင်ရောက်မောင်းနှင်ခွင့်မပြုပါ။ လာရောက်လေ့လာသူအားလုံး လမ်းလျှောက်စနစ်ဖြင့် ဂုဏ်ပြုရပါသည်။ အိမ်မကြီးအတွင်း အလွယ်တကူဝင်ရောက်လေ့လာနိုင်ရန် နံရံတွင်ချိတ်ကပ်ထားသည့် ပြတိုက်၏ နောက်ခံသမိုင်းအကျဉ်း၊ မြေညီထပ်လမ်းညွှန်ပြမြေပုံ၊ အပေါ်ထပ်လမ်းညွှန်ပြမြေပုံ၊ ဗိုလ်ချုပ်အောင်ဆန်းသည် ဤအိမ်၌ ၁၉၄၅ ခုနှစ် ဇူလိုင်လအထိ နေထိုင်ခဲ့သည်ဟူသော ကျွန်းဆိုင်းဘုတ်ကို ဓာတ်ပုံရိုက်ပြီးလျှင် မိမိလေ့လာမှတ်သားသင့်သည်များကို အစီအစဉ်အကြမ်းဆွဲ၍ လေ့လာခဲ့ပါသည်။

### ပြတိုက် မြေညီထပ်

ဗိုလ်ချုပ်နေအိမ်ပြတိုက်သည် နှစ်ထပ်အဆောက်အအုံဖြစ်၍ မြေညီထပ်လမ်းညွှန်မြေပုံအတိုင်း စတင်လေ့လာမည်ဆိုလျှင် ပြတိုက်လေ့လာသူများ အဆင်ပြေမည်၊ မှတ်သားရလွယ်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အညွှန်းနံပါတ်(၂) ထမင်းစားခန်း (Dinning Room) တွင် နတ်မောက်အိမ်၌ ဗိုလ်ချုပ်မွေးဖွားချိန်မှစ၍ ဗိုလ်ချုပ်၏ ဇာတာနာမည် မောင်ထိန်လင်း၊ ကျောင်းသားဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ ခုနှစ်များ အစဉ်တကျ ဓာတ်ပုံများကို ဘုတ်ပြားပေါ်တွင် ရှင်းလင်းချက်စာသားများဖြင့် ရေးသားထားခြင်းကြောင့်ဖြစ်သည်။ ရှင်းလင်းချက်စာသားများကို အင်္ဂလိပ်+မြန်မာ နှစ်ဘာသာဖြင့် အပြည့်အစုံကို မြင်တွေ့ရသည်သာမက ဗိုလ်ချုပ်မိသားစု နေရာအမှတ်အသား စာသားများကို ပါမကျန် ဖတ်ရှုလေ့လာခွင့်ရခဲ့သည်။ ထမင်းစားခန်း၏နံရံတွင် ဗိုလ်ချုပ်နှင့် ဒေါ်ခင်ကြည် ဓာတ်ပုံကို ခံ့ခံ့ထည်ထည် ချိတ်ဆွဲထားသည်။

ထမင်းစားခန်းရှိ ထမင်းစားပွဲပေါ်တွင် ဗိုလ်ချုပ်၏လက်ရေးမူဖြစ်သည့် 'ကြည် ပဲပြုတ်နှင့် နံပြားရရင် စားချင်တယ်'ဟူသော စာသားနှင့်အတူ ပဲပြုတ်နှင့်နံပြားကို ပုံစံတူဖြင့် ပြသထားခြင်းမှာ ဗိုလ်ချုပ်၏ စိတ်နေသဘော တစ်စိတ်တစ်ပိုင်းဖြစ်သည့် လူသားအချင်းချင်း စာနာထောက်ထားစိတ်နှင့်သာ ဆက်ဆံလိုသည့်စိတ်ရှိခဲ့သည်မှာ ယုံမှားဖွယ်မရှိခဲ့ပါ။

ထမင်းစားခန်းကို လေ့လာပြီးလျှင် အညွှန်းနံပါတ် (၃)မှာ ဧည့်ခန်း(Living Room) ဖြစ်သည်။ ထမင်းစားခန်းမှ ဧည့်ခန်းသို့ ဖြတ်လျှောက်စဉ် ဗိုလ်ချုပ်နှင့် ဒေါ်ခင်ကြည် လက်ထပ်ခဲ့သည့် နေ့ရက် ၆-၉-၁၉၄၂ ရက်မှ ၂၂-၉-၁၉၄၆ ရက် သမီးထွေးလေးမွေးဖွားသည့် အချိန်အထိကို လေ့လာနိုင်ရန်မိသားစုဓာတ်ပုံများနှင့် ဘုတ်ပြားပေါ်တွင် ရှင်းလင်းချက်စာသားဖြင့် ရေးသားထားသည်။ ဗိုလ်ချုပ်နှင့် ဒေါ်ခင်ကြည်တို့တွင် သားနှစ်ယောက်၊ သမီးနှစ်ယောက် ထွန်းကားခဲ့ပြီး သမီးထွေးလေးမှာ ငါးရက်နှင့် ကွယ်လွန်ခဲ့သည်ဟု သိရှိခဲ့ရသည်။

ဧည့်ခန်းသည် ဗိုလ်ချုပ်၏နေအိမ်တွင် အကျယ်ဆုံးအခန်းဖြစ်သည်။ ကျွန်းဆက်တီ၊ စားပွဲ၊ ကုလားထိုင်၊ အလုပနန်းအိုး၊ ရေဒီယို(ဖိလစ်အမျိုးအစား)နှင့် ဗိုလ်ချုပ်နှင့် ဒေါ်ခင်ကြည် လက်ထပ်စဉ် မင်္ဂလာပွဲဓာတ်ပုံ၊ ဗိုလ်ချုပ်၏ စစ်သေနာပတိချုပ်ဓာတ်ပုံနှင့် BIA (ဗမာ့လွတ်လပ်ရေးတပ်မတော်) ၏ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ဗိုလ်ချုပ်၏ပုံရိပ်ဓာတ်ပုံများ ပြသထားသည်။

ယင်းအခန်းတွင် ဗိုလ်ချုပ်တို့ လွတ်လပ်ရေးကိုအရယူခဲ့ပုံ ကြိုးပမ်းခဲ့စဉ်ကာလ အခြေအနေများကို ဖော်ပြထားသည်။ ၁၉၄၀ ဩဂုတ် ၈ ရက်မှစ၍ တရုတ်ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်ခဲ့ပြီး တရုတ်နိုင်ငံ အမွိုင်မြို့သို့ထွက်ခွာပြီး ထိုမှတစ်ဆင့် ၁၉၄၁ ခုနှစ် မတ်လတွင် ဗိုလ်ချုပ်နှင့် ရဲဘော်သုံးကျိပ် ဂျပန်သို့ ထွက်ခွာခဲ့သည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် ရဲဘော်သုံးကျိပ်ဦးဆောင်သော ဘီအိုင်အေ(ဗမာ့လွတ်လပ်ရေးတပ်မတော်) မြန်မာနိုင်ငံသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၄၂ ခုနှစ် မေလတွင် ဗြိတိသျှတို့ မြန်မာပြည်မှ ဆုတ်ခွာခဲ့ရသည်။

၁၉၄၄ ခုနှစ်တွင် လွတ်လပ်ရေးအစစ်အမှန်ရယူလိုခြင်းကြောင့် ဖက်ဆစ်တော်လှန်ရေးကို စတင်ကြိုးပမ်းခဲ့ပြီး ၁၉၄၅ ခုနှစ် မတ်လတွင် ဖက်ဆစ်တော်လှန်ရေးကို စတင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် အင်္ဂလန်သို့သွားကာ လွတ်လပ်ရေးအတွက် အောင်ဆန်း-အက်တလီ စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် တိုင်းရင်းသားများနှင့် လွတ်လပ်ရေးအတူရယူရန် ပင်လုံစာချုပ်ချုပ်ဆိုခဲ့ပြီး လွတ်လပ်ရေးအတွက်ကြိုးပမ်းခဲ့သည်။ ၁၉၄၇ ခုနှစ် ဧပြီလတွင် ကျင်းပသော တိုင်းပြုပြည်ပြုလွှတ်တော်တွင် ဗိုလ်ချုပ်ခေါင်းဆောင်သော (ဖဆပလ) အနိုင်ရခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ် တွင် မသမာသူတို့၏ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည်။

ဤသည်မှာ ဗိုလ်ချုပ်နေအိမ်ပြတိုက် ဧည့်ခန်းတွင် ပြသထားသည့် ဓာတ်ပုံများနှင့်တကွ ရေးသားထားသည့် ရှင်းလင်းချက်စာသားများ ဖြစ်သည်။ ကျွန်မနည်းတူ လေ့လာနေသည့် ထိုင်းနိုင်ငံမှ ကျောင်းသားလူငယ်များက သူတို့လာရောက်ခြင်း၏အကြောင်းမှာ ကမ္ဘာမှာ အသက်အငယ်ဆုံးနှင့် လွတ်လပ်ရေးအရယူပေးနိုင်သည့်မြန်မာနိုင်ငံမှ ဗိုလ်ချုပ်အောင်ဆန်းဟူသည့် လွတ်လပ်ရေးဖခင်အကြောင်းကို အတုယူရန် လာရောက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ အိန္ဒိယမျိုးနွယ် နိုင်ငံခြားသား အမျိုးသားတစ်ဦးကလည်း မူလတန်းကျောင်းသားလူငယ်များ၏ ကျောင်းသင်ခန်းစာတွင် ထည့်သွင်းသင်ကြားနိုင်ရန် လာရောက် လေ့လာခြင်းဖြစ်သည်ဟု ပြောပါသည်။

ယင်းနောက် ဗိုလ်ချုပ်၏ ကြေးသွန်းရုပ်တုကို ဧည့်ခန်း၏ အရှေ့တောင်ထောင့်တွင် ဂါရဝပြုနိုင်ရန် ထားရှိသည်။ ၁၃-၂-၁၉၁၅ - ၁၉-၇-၁၉၄၇ ဟု မွေးနေ့နှင့် ကျဆုံးသည့်ရက်ကို ရေးသားထားသည်။ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ဆရာ ဆရာမများမှစ၍ မြန်မာနိုင်ငံသားအားလုံး သိသင့်သိထိုက်သည့် အကြောင်းအရာများကို ဤဧည့်ခန်းတွင် အထူးပြုလေ့လာဖြစ်သည်။

### ပြတိုက်အပေါ်ထပ် အခန်းများ

ဗိုလ်ချုပ်နေအိမ်ပြတိုက်၏ အိမ်မကြီးအပေါ်ထပ်အခန်းများကို ဆက်လက်လေ့လာနိုင်ရန် အတွင်းလှေကားကို သုံးရပါသည်။ ကိုလိုနီခေတ်ဟန် အဆစ်ချိုးလှေကား ဖြစ်သည်ကိုလည်း လေ့လာမှတ်သားခဲ့သည်။ ဗိုလ်ချုပ်နေအိမ်ပြတိုက်၏ အပေါ်ထပ်အညွှန်း မြေပုံတိုင်းလေ့လာနိုင်သည်။

ဗိုလ်ချုပ်အိပ်ခန်း၊ စာဖတ်ခန်း၊ ကလေးများအိပ်ခန်း၊ အထူးအစည်းအဝေးခန်း ဟူသည့် စာသားများကို လေ့လာခဲ့သည်။ မလေ့လာမီ အိမ်ကြီး၏ ပတ်ပတ်လည် တည်ဆောက်ထားမှုပုံစံကို ကြည့်ရှုခဲ့သည်။ (အိမ်ကြီး၏ အရှေ့ဘက်ခြမ်းမှအပ တောင်ဘက်၊ မြောက်ဘက်၊ အနောက်ဘက်များတွင် ဝရန်တာများ ပါရှိသည်) အနောက်ဘက်ဝရန်တာ၌ အိမ်မကြီးအပေါ်ထပ်မှ အောက်ထပ်သို့ ဆင်းနိုင်သည့် ဆက်စပ်လှေကားကိုပါ တွေ့မြင်ခဲ့သည်။ တာဝန်ကျဝန်ထမ်းတစ်ဦးအား ဘာကြောင့်ပိတ်ထားရသနည်း မေးခဲ့ရာ နှစ် ၁၀၀ နီးပါး ရှိနေခြင်းကြောင့် အိမ်ကြီး၏ ကြံ့ခိုင်မှုကို ရေရှည်တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် နှစ်(၇၀) ပြည့် အာဇာနည်နေ့ တစ်ရက်သာ အားလုံးသောအခန်းများကို ဖွင့်ထားကြောင်း သိရှိခဲ့ရသည်။

အညွှန်း(၄) ဗိုလ်ချုပ်အိပ်ခန်းဟု ကျွန်းဆိုင်းဘုတ်နှင့် ရေးသားထားသောအခန်းကို ဝင်လိုက်စဉ် ဗိုလ်ချုပ်တို့အိပ်သည့် ခုတင်ကို ဦးဆုံးတွေ့မြင်ရမည်ဖြစ်သည်။ ဘုရားခန်းရှိသည့်နေရာမှအပ ကျန်တစ်ဖက်တစ်ချက်တွင် မှန်တင်ခုံ၊ ကျွန်းအဝတ်ဗီရိုနှင့် အောင်ဆန်း-အက်တလီ စာချုပ်ချုပ်ဆိုရန် လန်ဒန်သွားရောက်ရာတွင်

စာမျက်နှာ ၈ သို့

"ကျွန်မသည် အိမ်ကြီး၏ဆင်ဝင်အောက်တွင် ဖိနပ်ကိုချွတ်ခဲ့လိုက်သည်။ လေ့လာသူအားလုံး သတ်မှတ်ထားသည့်နေရာတွင် စနစ်တကျ ဖိနပ်များချွတ်ထားသည်ကို တွေ့မြင်ခဲ့ရသည်။ အနီရောင်တားမြစ်ချက်အမှတ်အသားများကို စတင်ဖတ်ရှုရပါသည်။ ကျွန်မအထူးသတိပြုမိသည့်အချက်မှာ ဗိုလ်ချုပ်၏ အိမ်ဝင်းခြံကျယ်အတွင်း မည်သည့်မော်တော်ယာဉ်မှ ဝင်ရောက်မောင်းနှင်ခွင့်မပြုပါ။ လာရောက်လေ့လာသူအားလုံး လမ်းလျှောက်စနစ်ဖြင့် ဂုဏ်ပြုရပါသည်။ အိမ်မကြီးအတွင်း အလွယ်တကူဝင်ရောက်လေ့လာနိုင်ရန် နံရံတွင်ချိတ်ကပ်ထားသည့် ပြတိုက်၏ နောက်ခံသမိုင်းအကျဉ်း၊ မြေညီထပ်လမ်းညွှန်ပြမြေပုံ၊ အပေါ်ထပ် လမ်းညွှန်ပြမြေပုံ၊ ဗိုလ်ချုပ်အောင်ဆန်းသည် ဤအိမ်၌ ၁၉၄၅ ခုနှစ် ဇူလိုင်လအထိ နေထိုင်ခဲ့သည်ဟူသော ကျွန်းဆိုင်းဘုတ်ကို ဓာတ်ပုံရိုက်ပြီးလျှင် မိမိလေ့လာမှတ်သားသင့်သည်များကို အစီအစဉ်အကြမ်းဆွဲ၍ လေ့လာခဲ့ပါသည်"




ဒုတိယသမ္မတ ဦးမြင့်ဆွေ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် အာဇာနည်နေ့ အများပြည်သူ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

❍ *ကျော့ဖုံးမှ*

ရှေးဦးစွာ ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ်ပြုလုပ်သည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ယခုနှစ်တွင် ကျင်းပမည့် (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို အဆင်ပြေချောမွေ့စွာ ကျင်းပရေးအတွက် (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် လုံခြုံရေးကော်မတီတို့ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၈)ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

**ပူးပေါင်းညှိနှိုင်း**

ချမှတ်ထားသည့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဆပ်ကော်မတီ ရှစ်ခုကို ဖွဲ့စည်းခဲ့ပြီး အဆိုပါ ကော်မတီများကလည်း ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို အချိန်မီပြီးစီးရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း။

(၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီ၏ ပထမအကြိမ်



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရှင်းလင်းစဉ်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးရုံးအမှတ်(၁၈)၌ ကျင်းပခဲ့ရာ အစည်းအဝေးဆုံးဖြတ်ချက် ၂၈ ချက် ချမှတ်ခဲ့ပါကြောင်း။

ယခင်နှစ်များက ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများပေါ်မူတည်ပြီး လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းကာ အကောင်းဆုံးဖြစ်အောင် စေ့စပ်သေချာစွာ ကြပ်မတ်ဆောင်ရွက်သွားစေလိုပါကြောင်း။

(၇၁)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယခင်နှစ်များနည်းတူ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပပြုလုပ်မည်ဖြစ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရှင်းလင်းတင်ပြစဉ်။

သဖြင့် နိုင်ငံတော်အဆင့် ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများအနေဖြင့် လစ်ဟာမှုမရှိအောင် အသေးစိတ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

**ကြိုတင်ဇာတ်တိုက်**

အာဇာနည်ဗိမာန်တွင် ကျင်းပမည့် အာဇာနည်နေ့ အခမ်းအနားအတွက် လိုအပ်သည့်ပြင်ဆင်မှုများကို အချိန်မီပြီးစီးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ အခမ်းအနားသို့ တက်ရောက်လာမည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအပါအဝင် တက်ရောက်လာကြသူများကို ကြိုဆိုနေရာချထားခြင်းအပိုင်းနှင့် ဂါရဝပြုခြင်းအပိုင်းတို့တွင် လစ်ဟာမှုမရှိစေရေး၊ အဝင်အထွက်အချိန်ကိုက်ဖြစ်စေရေးတို့ကို စနစ်တကျ



ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူ ရှင်းလင်းတင်ပြစဉ်။

ကြိုတင်ဇာတ်တိုက်လေ့ကျင့် စီမံဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ထို့အပြင် ပြည်သူများလာရောက်ဂါရဝပြု လေ့လာကြည့်ရှုနိုင်မည့်အချိန်နှင့် ဆောင်ရန်ရှောင်ရန်အချက်များကို ကြိုတင်သိရှိနိုင်ရေးအတွက် ရုပ်မြင်သံကြား၊ သတင်းစာများနှင့် ရေဒီယိုများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်ကြေညာပေးသွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အဆင့်ကျင်းပပြုလုပ်သောအခမ်းအနားဖြစ်သည့်အတွက် ပြည်ထောင်စု အဂ်ါစဉ်နှင့်အညီ စီစဉ်ဆောင်ရွက်သွားကြရန်နှင့် မိုးရာသီဖြစ်သည့်အတွက် ဂါရဝပြုသူများ အဆင်ပြေချောမွေ့စေရေး လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ထားရှိရန် ပြောကြားလိုပါကြောင်း။

**ပြန်လည်ခင်းကျင်းပြသ**

အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)၌ ကျင်းပမည့် အလံတင်ခြင်းနှင့် အလေးပြုခြင်းအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး စနစ်တကျစုဖွဲ့၍ ကြိုတင်ဇာတ်တိုက် လေ့ကျင့်သွားကြရန်၊ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးခန်းမအား ယခင်နှစ်အတိုင်း ပြန်လည်ခင်းကျင်းပြသပြီး အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့်အခန်းသည် အဆောက်အအုံ၏ ကြံ့ခိုင်မှုအားနည်းနေသည့်အတွက် မှတ်တမ်းဓာတ်ပုံများ၊ LED ဘုတ်များဖြင့် ပြသနိုင်ရေး စီမံဆောင်ရွက်သွားကြစေလိုပါကြောင်း။

လုံခြုံရေးကော်မတီအနေဖြင့် အခမ်းအနားကျင်းပမည့်နေရာများ၌ ပေးအပ်ထားသည့် လုပ်ငန်းတာဝန် ၁၂ ချက်နှင့်အညီ လုံခြုံရေးလစ်ဟာမှုမရှိအောင် အထူးအလေးထား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

(၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ရည်မှန်းချက် အောင်မြင်အောင် ကျင်းပပြုလုပ်နိုင်ရေးအတွက် လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီအသီးသီးတို့ အနေဖြင့် မိမိတို့ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုတင်ပြသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များစာရင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အာဇာနည်နေ့အခမ်းအနား ကျင်းပရေးနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုံခြုံရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် ရဲမှူးချုပ်တင်ကိုကိုတို့က လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အခမ်းအနားပြင်ဆင်ရေးနှင့် စီစဉ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေး ဆပ်ကော်မတီ၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ပြသရေး ဆပ်ကော်မတီ၊ လွမ်းသူ့ပန်းခွေချ အလေးပြုအခမ်းအနားစီစဉ်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) အလံတင်အခမ်းအနား ကျင်းပရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်ရှင်းလင်း**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင်စန်းနိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးနှင့် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူတို့က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပမည့် အာဇာနည်ဗိမာန်သို့သွားရောက်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရောက်ရှိပြီး အာဇာနည်နေ့တွင် အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် ပြုပြင်မွမ်းမံဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်တထောင်မြို့နယ်ရှိ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)သို့သွားရောက်ပြီး လွတ်လပ်ရေးရသည့်နေ့တွင် ယူနီယံဂျက်အလံကိုဖြုတ်ချ၍ မြန်မာနိုင်ငံတော်အလံကို ပြန်လည်လွှင့်တင်ခဲ့သည့် အလံတိုင်နေရာ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းဝင် မော်ကွန်းကျောက်စာတိုင်နေရာ၊ တိုင်းပြုပြည်ပြုလွှတ်တော် ကျင်းပရာနေရာနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးရာ အစည်းအဝေးခန်းမတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားများသို့ ပြည်တွင်း/ပြည်ပမီဒီယာများ တက်ရောက်သတင်းရယူနိုင်ရေးအတွက် Online Media Registration ကြိုတင်ပြုလုပ်နိုင်ရန် အသိပေးအကြောင်းကြားခြင်း

၁။ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရာတွင် အောက်ပါနေရာများ၌ ပြည်တွင်း/ပြည်ပ မီဒီယာများမှ စနစ်တကျ တက်ရောက်သတင်းရယူနိုင်ရေးအတွက် တက်ရောက်သတင်းရယူလိုသည့် သတင်းမီဒီယာများသည် Online Media Registration ကြိုတင်ပြုလုပ်ရမည်ဖြစ်ပါ၍ လုံခြုံရေးနှင့် စနစ်တကျရှိစေရေးတို့အတွက် နေရာအလိုက်အင်အားသတ်မှတ်ထားပါသဖြင့် သတင်းမီဒီယာတစ်ခုလျှင် (၂)ဦးနှုန်းဖြင့် အမည်စာရင်းအား (၆-၇-၂၀၁၈)ရက်နေ့ (၂၀:၀၀) နာရီ အရောက် ir. pso. moi 2015@ gmail.com သို့ ပေးပို့နိုင်ရန် အသိပေးအကြောင်းကြားပါသည်-

(က) အာဇာနည်ဗိမာန် (ရန်ကုန်မြို့)
(ခ) ဗိုလ်ချုပ်ပြတိုက် (ရန်ကုန်မြို့)
(ဂ) ဗိုလ်ချုပ်ပြတိုက် (နတ်မောက်မြို့)
(ဃ) ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)
(င) မြို့တော်ခန်းမ (ရန်ကုန်မြို့)

၂။ လျှောက်ထားသူများအနေဖြင့် www.moi.gov.mm တွင် ဝင်ရောက်ကာ လျှောက်လွှာကို Download ရယူပြီး ပြည့်စုံစွာ ဖြည့်စွက်၍ ir.pso.moi2015@gmail.com သို့ သတ်မှတ်ချိန်အမီ ပေးပို့သွားရန်နှင့် သတ်မှတ်အင်အားပေါ်မူတည်၍ တတ်နိုင်သမျှ မီဒီယာအဖွဲ့အစည်းများ စုံလင်အောင်သတင်းရယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ သတင်းရယူခွင့်ရရှိမည့် မီဒီယာသမားများ၏ အမည်စာရင်းအား (၉-၇-၂၀၁၈) ရက်နေ့ နောက်ပိုင်းတွင် www.moi.gov.mm မှ ကြေညာပေးသွားမည်ဖြစ်ပြီး ဝင်/ထွက်ခွင့် ကတ်ပြားများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ(ရန်ကုန်)တွင် ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(မှတ်ချက်။ ။သတင်းရယူမည့်နေရာ(တစ်)ခုစီအား သတင်းမီဒီယာ(တစ်)ခုလျှင် (၂)ဦးနှုန်းဖြစ်ပါသည်။)

**ပြန်ကြားရေးဝန်ကြီးဌာန**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗြိတိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ





## နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များအား ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H. E. Mr. Daniel Patrick Chugg အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H. E. Mr. Daniel Patrick Chugg အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စာပေညီလာခံကျင်းပရေး ကော်မတီအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် စာပေညီလာခံကျင်းပရေးကော်မတီအဖွဲ့မှ ဦးအောင်စိုးဦး၊ ဆရာမောင်သွေးသစ်၊ ဦးမျိုးမြင့်ညိမ်း၊ ဦးမြေမှုန်လွင်နှင့် ဦးမျိုးမြတ်သူတို့အား ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံစဉ် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် စာပေညီလာခံ (၂၀၁၇) တွင် အတည်ပြုခဲ့သော ဆုံးဖြတ်ချက် (၃၉) ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

အိန္ဒိယနိုင်ငံသို့ဝင်ရောက်၍ နိုင်ငံရေးဆွေးနွေးစဉ် အိန္ဒိယခေါင်းဆောင်ကြီး ဂျဝါဟာလ်လာ နေရူးက ၁၉၄၇ ဇန်နဝါရီ ၅ ရက်က နေ့ချင်းပြီးချုပ်၍ လက်ဆောင်ပေးခဲ့သော ကုတ်အင်္ကျီကို မှန်ဗီရိုထဲတွင် လှပသေသပ်စွာ ခင်းကျင်းပြသထားသည်။

မှန်ဗီရိုထဲတွင် ဗိုလ်ချုပ်၏ အဝတ်အထည်အချို့ကိုလည်း ခင်းကျင်းပြသထားသည်။ အိပ်ခန်း၏ အရှေ့တောင်ဘက်တွင် ဘုတ်ပြားတစ်ခုနှင့် ကာရံထားသည့်အခန်းမှာ ဘုရားခန်းဖြစ်သည်။ ဘုရားခန်းအပါအဝင် အချို့သောနေရာများကို ကြာရှည်တည်တံ့ခိုင်မြဲစေရန်ရည်ရွယ်၍ လေ့လာခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာနက တားမြစ်ထားသည်ဟု သိရသည်။

ဗိုလ်ချုပ်အိပ်ခန်းနှင့် အညွှန်းနံပါတ်(၅) စာဖတ်ခန်းမှာ တွဲလျက်ဖြစ်သည်။ စာရေးစာဖတ်ကောင်းမွန်စွာပြုနိုင်သည့် ကျွန်းစားပွဲနှင့် ကျွန်းကုလားထိုင် စာအုပ်ဗီရိုများရှိသည်ကို ရိုးရှင်းစွာတွေ့မြင်ခဲ့ရသည်။ စာအုပ်စာရင်းကို ဖတ်ကြည့်မိသည်။ ၂၄၆ အုပ်၊ အားလုံး အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော စာအုပ်များဖြစ်သည်။ ဥပဒေစာအုပ်၊ ပထဝီဝင်ဆိုင်ရာ စာအုပ်များနှင့် အခြားဘာသာရပ်ဆိုင်ရာ စာအုပ်များဖြစ်သည်ကို လေ့လာခဲ့ရပါသည်။ တွဲလျက်တွင် သန့်စင်ခန်းကိုပါ တွေ့မြင်ခဲ့ရသည်။

အညွှန်းနံပါတ်(၆) ကလေးများအိပ်ခန်းတွင် ကျွန်းခုတင် သုံးလုံး၊ အဝတ်ဗီရိုနှင့် ကိုယ်လုံးပေါ်မှန်၊ အခန်းနှင့် လိုက်ဖက်သည့် ဓာတ်ပုံများ ချိတ်ဆွဲထားသည်ကို တွေ့ရပါသည်။ ခုတင်သုံးလုံး၏ ခေါင်းရင်းအပိုင်း ခုတင်ပေါင်များတွင် အောင်ဆန်းဦး၊ အောင်ဆန်းလင်း၊ အောင်ဆန်းစုကြည်ဟု ကြီးစဉ်ငယ်လိုက် အမည်နာမရေးထိုးထားသည်။

အောင်ဆန်းစုကြည်ဟု ရေးထားသည့် ခုတင်မှာ ဘေးဘက်တွင် အကာများပါ ပါသည်။ ကျွန်မတို့ ငယ်စဉ်ကအိပ်ခဲ့ရသည့် ကျွန်းပုခက်၏ ဘေးအကာအရံများကဲ့သို့ ဖြုတ်တပ်နိုင်သည့် ချိတ်ကလေးများ ပါရှိသည်။ ကလေးများအိပ်ခန်းတွင်ရှိသည့် ဗိုလ်ချုပ်မိခင်နှင့်တွဲလျက် မိသားစုဓာတ်ပုံတွင် ဗိုလ်ချုပ်၏ ရယ်ပြုံးနေသည့် အသွင်ကို တွေ့ရပြီး ထိုပုံမှာ ကျွန်မအတွက် ဝမ်းနည်းဝမ်းသာ ဖြစ်ခဲ့ရသည်။ တစ်ဖက်နံရံတွင် ပစ္စတိုသေနတ်၊ ကြိုးကွင်း၊ ဘောင်းဘီရှည်တို့ဖြင့် ဟန်အပြည့်နှင့် ကလေးငယ်ဓာတ်ပုံတစ်ပုံကို တွေ့ရပြီး အောင်ဆန်းလင်းဟု ရေးထားသည်။ ထိုဓာတ်ပုံမှာလည်း အထူးစိတ်ဝင်စားစရာနှင့် အသက်ဝင်မာန်ပါလှသည့် ပုံဖြစ်သည်။

မှန်ဗီရိုထဲတွင်ပြသထားသည့် စာအုပ်များနှင့် ထိုခေတ်ကလေးငယ်များကစားသည့် ကတ်ကလေးများကိုလည်း တွေ့ရသည်။ အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော အောင်ဆန်းလင်း၏ နောက်ဆုံးလက်ရေးမူကို ဖတ်ခဲ့ရသည်မှာ ထိုခေတ်အခါ၏ ပညာရေးအဆင့်အတန်းနှင့် ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးမြင့်မားမှုကိုလည်း သိရှိရပြီး အံ့သြဂုဏ်ယူမိခဲ့ပါသည်။ အောင်ဆန်းလင်းမှာ ဗိုလ်ချုပ်၏ ဒုတိယမြောက် ရင်သွေးငယ်ဖြစ်ပါသည်။ ၁၉၄၄ ခုနှစ် မေ ၁၀ ရက်တွင် မွေးဖွားခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် အိမ်ခြံဝင်းအတွင်း အရှေ့တောင်ဘက်ရှိ ရေကန်တွင် ရေနစ်သေဆုံးခဲ့သည်။

ဗိုလ်ချုပ်နေအိမ်ပြတိုက်သည် အထိမ်းအမှတ်ပြတိုက်ဖြစ်ခြင်းကြောင့် ဗိုလ်ချုပ်၏ဇနီး ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်နှင့် သားငယ်အောင်ဆန်းလင်း၏ အသုံးအဆောင်များကိုသာ ပြသခဲ့သည်။ ဗိုလ်ချုပ်နေအိမ်ပြတိုက်တွင် ဒေါ်ခင်ကြည်ကိုယ်တိုင် ခင်းကျင်းပေးထားသည့်အတိုင်း ပြသထားခြင်းဖြစ်သည်ဟုလည်း သိခဲ့ရပါသည်။

အိပ်ခန်းနှင့်တွဲလျက်မှာ အညွှန်းနံပါတ်(၇) အထူးအစည်းအဝေးခန်း ဖြစ်သည်။ ထိုအခန်းတွင် ကျွန်းဆက်တီတစ်စုံ၊ ရှေးခေတ် ကျွန်းနောက်မှီကျွန်းကုလားထိုင်တစ်လုံး၊ ဗိုလ်ချုပ်ကို ဂုဏ်ပြုသည့် သစ်သားထွင်းရုပ်တု၊ နံရံတွင် ဗိုလ်ချုပ်၊ ဒေါ်ခင်ကြည်တို့နှင့် တိုင်းရင်းသူများ စုပေါင်းရိုက်ထားသည့် ပြုံးရယ်နေသော ဓာတ်ပုံများကိုတွေ့ရပြီး ဗိုလ်ချုပ်၏ မိန့်ခွန်းအချို့ကို ကျောက်ချပ်ပေါ်တွင်ထွင်း၍ ရေးသားထားသည်ကိုလည်း ဖတ်ရှုလေ့လာခဲ့ရပါသည်။ ထိုအခန်းမှထွက်၍ အတွင်းလှေကားမှဆင်းခဲ့သည်။ မီးဖိုဆောင်နေရာကိုလည်း သိချင်ခဲ့သောကြောင့် တာဝန်ကျဝန်ထမ်းများညွှန်သည့် အိမ်မကြီးနောက်ဘက်သို့ ရောက်ခဲ့သေးသည်။

**ရိုးရှင်းသည့် အိမ်အသုံးအဆောင်များ**

ဗိုလ်ချုပ်၏အိမ်သည် နှစ်ဆောင်တွဲဖြစ်သည်။ အိပ်ခန်းအရှေ့ဘက်ခြမ်းသည် မိဘ၏ ဧည့်ခန်း၊ ဘုရားခန်း၊ စာဖတ်ခန်းတို့ဖြစ်သည်။ အနောက်ဘက်ခြမ်းသည် ကလေးများအိပ်ခန်းနှင့် အထူးအစည်းအဝေးခန်း၊ သန့်စင်ခန်းသုံးခန်း စုစုပေါင်း အခန်းရှစ်ခန်းဖြင့် ဖွဲ့စည်းထားသည်ကို တွေ့မြင်လေ့လာခဲ့ပါသည်။ ဗိုလ်ချုပ်အိမ်၏ ရိုးရှင်းသည့် အိမ်အသုံးအဆောင် အဆောင်အယောင်များကို ကြည့်ရှုလေ့လာသိရှိခွင့်ရခဲ့သည်။

ဗိုလ်ချုပ်နေအိမ် နားနေဆောင်မှာ အညွှန်းနံပါတ်(၁) ဖြစ်သည်။ နားနေဆောင်သို့ ကျွန်မရောက်ရှိချိန်မှာ ညနေ ၄ နာရီနီးနီး ရှိနေပြီဖြစ်သည်။ ဗိုလ်ချုပ်အိမ်၏မြေညီထပ် နားနေဆောင်မှာ ဆွဲဆောင်မှုအရှိဆုံးနှင့် ဗိုလ်ချုပ်အိမ်၏ ဝန်းကျင်ကို အပေါ်စီးမှမြင်ရသည့် နေရာတစ်ခုလည်းဖြစ်သည်။ ဤနေရာသည် ဗိုလ်ချုပ် နားနေစာဖတ်သည့် နေရာလည်းဖြစ်သည်ဟု သိခဲ့ရသည်။ ယင်းနေရာမှ အနောက်မြောက်ဘက်သို့ လှမ်းကြည့်လိုက်စဉ် ဗိုလ်ချုပ်စိုက်ခင်းနှင့် ဗိုလ်ချုပ်၏ရုပ်တုကိုတွဲလျက် တွေ့မြင်လေ့လာခဲ့ရသည်။ အိမ်ကြီး၏ အနောက်တောင်ဘက် ရေကန်ရှိရာကို ကျွန်မရောက်ရှိခဲ့သည်။

ထိုရေကန်မှ ကုန်းမို့မို့အိမ်ကြီးဆီသို့တက်ခဲ့ပြီးမှ ကျွန်မလာလမ်းအတိုင်း ပြန်ထွက်လာခဲ့သည်။ ဂိတ်ဝရောက်ချိန်တွင် မှန်အပြည့်ကာရန်ထားသော အနက်ရောင်ကားတစ်စီးကို လှမ်းမြင်ခဲ့သည်။ ယင်းကားနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်း၏ယာဉ်ဟု ရေးထားသော မှတ်တမ်းစာသားကို ဖတ်ကြည့်လျက် မှတ်တမ်းတင်မှု နောက်ဆုံးအနေဖြင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ပါသည်။

**အတိတ်နှင့်ပစ္စုပ္ပန်**

ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့်နေ့ရက် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ် အချိန်ကာလဆီ မှန်းဆလျက် အိမ်အပြန်လမ်းသို့ လာလမ်းအတိုင်း ပြန်ခဲ့ပါသည်။ ဤအချိန်တွင် ဆရာကြီးမင်းသုဝဏ်၏ ဗိုလ်ချုပ်အောင်ဆန်း (အတိတ်နှင့်ပစ္စုပ္ပန်) ကဗျာကိုလည်း သတိရနေမိသည်။

**မသိ၍ ဆို၊ မလို၍ ပြော။**
**သူ့စိတ်မှာအလွန်ယဉ်လို့၊**
**သူ့ညာဉ်မှာအလွန်သန့်တယ်၊**
**ထူးချွန်သဘော။**
**မသိ၍ ထင်၊ မမြင်၍ ပြော။**
**သူ့ဝိညာဉ်မသေပျောက်ပါဘူး၊**
**မိုးပေါက်လို အစဉ်ကြည်လို့၊**



**ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သို့ လာရောက်လေ့လာနေကြသူများ။**

**နေခြည်လိုအစဉ်လန်းကာ၊**
**ဖျန်းဆွတ်စိတ်စေ။**

ကျွန်မတို့ မြန်မာပြည်ကြီးသည် တိုင်းရင်းသားမျိုးနွယ်စုများနှင့် ဖွဲ့စည်းတည်ထောင်ထားသည့် ပြည်ထောင်စုကြီးဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားအားလုံးသည် လွတ်လပ်ရေးကို မြတ်နိုးကြသည်။ သူ့ကျွန်အဖြစ်မခံလို၊ အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးကြသည်။ နိုင်ငံသားတစ်ဦးတစ်ယောက်စီတိုင်းသည် အေးချမ်းမှု၊ ငြိမ်းချမ်းမှုကို လိုလားကြသည်။ မိမိတို့နိုင်ငံ အေးချမ်းမှသာ တိုင်းရင်းသားမျိုးနွယ်စုများဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးသောနိုင်ငံတော်ကြီးသို့ ဦးတည်နိုင်မည်၊ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

၁၈၈၅ ခုနှစ်မှစ၍ သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် တောင်ပေါ်မြေအနှံ့ တိုက်ပွဲဝင်ကြသည့် တော်လှန်ရေးအလွန်ကာလမှသည် လွတ်လပ်ရေးရချိန်အထိ မြန်မာတို့၏ သူ့ကျွန်မခံလိုသော စိတ်ဓာတ်မှာ မှေးမှိန်ပျောက်ကွယ်သွားခြင်းမရှိခဲ့ပါ။ ဗိုလ်ချုပ်နှင့်တစ်ကွ အာဇာနည်ခေါင်းဆောင်ကြီးများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ မြန်မာနိုင်ငံသူနိုင်ငံသားများ၊ အသက်၊ သွေး၊ ချွေးပေါင်းများစွာဖြင့် အရယူပေးခဲ့သည့် လွတ်လပ်ရေးကို ထိန်းသိမ်းရန်မှာ မြန်မာပြည်သူပြည်သားအားလုံး၏ တာဝန်ဖြစ်ပါသည်။

၁-၇-၂၀၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့ တစ်ရက်တည်းတွင် လေ့လာကြည့်ရှုသူ ပြည်သူ ၃၂၂၆၈ ဦး ရှိခဲ့သဖြင့် ဘေးအန္တရာယ်ရှိနိုင်ကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ အကြံပြုချက်အရ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ ပြတိုက်၏ မြေညီထပ်ကိုသာ အများပြည်သူ ဝင်ထွက်ကြည့်ရှုစေပြီး ပြခန်းများ ခင်းကျင်းထားရှိမှုကို LED Board ဖြင့် ခြံဝင်းအတွင်း၌ ပြသရန် စီစဉ်ထားရှိကြောင်း၊ ဇူလိုင် ၂၂ ရက်မှစ၍ တနင်္ဂနွေနှင့် အစိုးရရုံး ပိတ်ရက်ပါမကျန် နေ့ရက်များတွင် သတ်မှတ်အချိန်တိုင်း ပြတိုက်၏ မြေညီထပ်နှင့် အပေါ်ထပ်ကို ပုံမှန်အတိုင်း ဖွင့်လှစ်ပြသသွားရန် စီစဉ်ထားကြောင်း သတင်းဖော်ပြထားသည်ကို တွေ့ရပါသည်။

(၇၁)နှစ်မြောက် အာဇာနည်နေ့အခါသမယ ရောက်ရှိရန် ရက်အနည်းငယ်အလိုတွင် ဗိုလ်ချုပ်နေအိမ်ပြတိုက်သို့ လေ့လာခြင်းဆောင်းပါးဖြင့် အာဇာနည်နေ့အား ဂုဏ်ပြုလိုက်ရပါသည်။ ။




# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ငွေလှူ

**ရန်ကုန် ဇူလိုင် ၅**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး (ရန်ကုန်ရုံးခွဲ)၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ပဏ္ဍိတာရာမစာသင်တိုက် နာယက၊ စာချဆရာတော် ဘဒ္ဒန္တပညာဝံသ(ပုပ္ပါးစကားဝါမြေ)က ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေကျပ် ၂၅ သိန်းကို လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူပြီး **(အပေါ်ပုံ)**ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက JMC သို့ မော်တော်ယာဉ်များ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၅**

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက JMC သို့ မော်တော်ယာဉ်များ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က မော်တော်ယာဉ်များ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ လုပ်ငန်းသုံး မော်တော်ယာဉ်များ လှူဒါန်းရခြင်းသည် JMC ဝန်ထမ်းများ သက်ဆိုင်ရာဒေသများသို့ ပိုမိုလျင်မြန်စွာ သွားရောက်ပြီး လုပ်ငန်းများလုပ်ဆောင်နိုင်ရန်နှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန်ဖြစ်ကြောင်း၊ JMC ၏ စွမ်းဆောင်ရည်တိုးမြှင့်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တွန်းအားပေးရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ JMC ၏ စွမ်းရည် အဆက်မပြတ် တိုးတက်လာသည်နှင့် အမျှ သက်ဆိုင်ရာ အဖွဲ့အသီးသီးအကြား ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကို ပိုမိုအာမခံလာနိုင်မည်ဟု ယုံကြည်ပါကြောင်း။

### ကေန်မုချ ယုံကြည်

ရှေ့ခရီးလမ်းသည် စိန်ခေါ်မှုနှင့် အခက်အခဲများ ပြည့်နေပါကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံအနေဖြင့် ပါတီအသီးသီး၊ အဖွဲ့အသီးသီးနှင့် တိုင်းရင်းသား ပြည်သူအားလုံးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှု ရရှိလိမ့်မည်ဟု ကေန်မုချ ယုံကြည်ပါကြောင်း ပြောကြားသည်။

### ပြန်လည်ပေးအပ်

ထို့နောက် သံအမတ်ကြီး မစ္စတာ ဟုန်လျန်က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် JMC သို့ Volvo မော်တော်ယာဉ် ၁၀ စီး လှူဒါန်းရာ JMC - U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးနှင့် ဒုတိယဥက္ကဋ္ဌ(၂) ဦးစိုင်းမျိုးသန့်တို့က လက်ခံပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အထိမ်းအမှတ်လက်ဆောင်တို့ကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် JMC - U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ကျေးဇူးတင်စကားပြောကြားရာတွင် "တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ဒီနေ့ပေးအပ်တဲ့ မော်တော်ယာဉ် ၁၀ စီးအပြင် ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အမြဲတစေ လူအား၊ ငွေအားစသည်ဖြင့် ကူညီဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနေနဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ထိစပ်နေတဲ့ ဒေသတွေမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို NCA မှာပါဝင်လာဖို့အတွက်လည်း တစ်တပ်တစ်အားနဲ့ ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးမှုတွေကို တွေ့ရပါတယ်။ ဒီနေ့ လှူဒါန်းတဲ့မော်တော်ယာဉ် ၁၀ စီးဟာ JMC အတွက် အများကြီး အထောက်အကူပြုပါတယ်။ JMC အနေနဲ့ စိစစ်အတည်ပြုရေးလုပ်ငန်းတွေ စသည်ဖြင့် JMC ရဲ့ နေ့စဉ်လုပ်ရတဲ့ လုပ်ငန်းတွေမှာ ဒီကနေ့လှူဒါန်းတဲ့ မော်တော်ယာဉ်တွေဟာ လွန်စွာ အထောက်အကူပြုမှာကို တွေ့ရမှာ ဖြစ်ပါတယ်။ JMC ဟာ NCA လက်မှတ်ထိုးပြီးနောက်ပိုင်းမှာပဲ ပြည်နယ်နဲ့ တိုင်းဒေသကြီးမှာ JMC-S ငါးခု၊ JMC-L နှစ်ခုဖွဲ့စည်းပြီး ဖြစ်ပါတယ်။ ထပ်မံပြီးတော့လည်း တိုးတက်ဆောင်ရွက်သွားဖို့လည်း JMC အတွင်းမှာ အစီအမံတွေရှိပြီးသား ဖြစ်ပါတယ်။ ဒီကနေ့ လှူဒါန်းတဲ့ အပေါ်မှာလည်း JMC ကိုယ်စား JMC ဥက္ကဋ္ဌ အနေနဲ့ ကျေးဇူးတင်ရှိပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ JMC-U ဒုတိယဥက္ကဋ္ဌ (၁)စောအိုင်းဇက်ဖိုးနှင့် JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးစိုင်းမျိုးသန့်တို့က ကျေးဇူးတင်စကားအသီးသီး ပြောကြားသည်။

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ JMC - U ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်း-ဇော်ကြီး**

**ဓာတ်ပုံ-ဖေဇော်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇူလိုင် ၅

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကို ကွင်းဆင်းကြည့်ရှုသည်။** (အောက်ပုံ)



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုက်ထိုမြို့နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အင်္ဂတို-ကဒိုင်ဒွတ်-မိုးဘောလမ်း (၁၀/၀)မိုင်အနက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့ပြီးသော ကျောက်လမ်း(၂/၀)မိုင်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ ခြောက်လပတ်တွင် ဆက်လက်ဖောက်လုပ်လျက်ရှိသည့် ကျောက်ချောလမ်း(၁/၄)မိုင် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက လမ်းဖောက်လုပ်ပြီးစီးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သော ကျိုက်ထိုမြို့ပေါ် ၆ ရပ်ကွက်သို့ မြစ်ရေတင်စီမံကိန်းဖြင့် သောက်သုံးရေဖြန့်ဝေပေးရေး လုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ပြီး ဂါလန် ငါးသိန်းဆံ့ ရေလှောင်ကန်မှ အဆင့်ဆင့် ရေပေးဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သန့်ရှင်းသောသောက်သုံးရေများ စဉ်ဆက်မပြတ်ရရှိစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ရေလှောင်ကန်နှင့် လုပ်ငန်းခွင်လုံခြုံရေး၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို မြို့နယ်တာဝန်ရှိအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ပြည်သူလူထုများက ဝိုင်းဝန်းထိန်းသိမ်းပေးသွားကြရန် လိုအပ်ကြောင်း မှာကြားခဲ့ပြီး ဆက်လက်ထွက်ခွာလာခဲ့ရာ ကျိုက်ထိုမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့သော သထုံမြို့နယ် သုဓမ္မဝတီမြို့သစ် တန်ဖိုးနည်းအိမ်ရာ အလုံး ၅၀ ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆိုပါအိမ်ရာများ၌နေထိုင်ကြသည့် မိသားစုဝင်များအား တွေ့ဆုံ၍လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

### လှည့်လည်ကြည့်ရှု

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (ဘားအံ)သို့ ရောက်ရှိခဲ့ပြီး ဘားအံမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းတို့မှ ကျောင်းအုပ်များ၊ သင်တန်းသူ သင်တန်းသားများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကာ လေ့ကျင့်သင်ကြားပေးနေသော ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံအိမ်တွင်းမှု သင်တန်းနှင့် ခေတ်မီမော်တာစက်ချုပ်သင်တန်းများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ထောက်ပံ့ပေးအပ်

ဆက်လက်၍ လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသသို့ ရောက်ရှိပြီး နယ်ခြားစောင့်တပ်များ၏ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက မြိုင်ကြီးငူဒေသရှိ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများအတွက် စာသင်ဆောင် ဆောက်လုပ်ရန် ထောက်ပံ့ကြေးနှင့် ကျောင်းဝတ်စုံများ၊ ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သော မြိုင်ကြီးငူ-မဲသဝေါလမ်း ၃၁/၀ မိုင် ကတ္တရာလမ်း ပြုပြင်ထိန်းသိမ်းခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော မြတ်လေးမြိုင်လမ်းဝမှ စိန်ပန်းမြိုင်ရေလှောင်တမံအကြား ကျောက်ခင်းခြင်းလုပ်ငန်း ၁/၂ မိုင်နှင့် ၂၀၁၈ ခုနှစ် ပထမ ခြောက်လပတ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ၁၅ ပေနှင့် ပေ ၂၀ အရှည် တံတားနှစ်စင်းတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (မြိုင်ကြီးငူ)သို့ ရောက်ရှိခဲ့ပြီး သင်တန်းသူများနှင့်တွေ့ဆုံ အမှာစကားပြောကြားသည်။ ယင်းနောက် ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် ဇူလိုင် ၅**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၅ ဒသမ ၅၁ လက်မ၊ ရေးမြို့တွင် ၄ ဒသမ ၄၅ လက်မ၊ ချောင်းဆုံမြို့တွင် ၄ ဒသမ ၂၉ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ ရှမ်းရွာသစ်၊ သထုံမြို့နှင့်ထားဝယ်မြို့တို့တွင် ၃ ဒသမ ၉၀ လက်မစီ၊ ကော့သောင်းမြို့တွင် ၃ ဒသမ ၇၇ လက်မ၊ ရွှေဂွန်းမြို့တွင် ၃ ဒသမ ၆၀ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၂ ဒသမ ၉၉ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၃၂ လက်မနှင့်ပိုင်ကျုံမြို့တွင် ၂ ဒသမ ၂၄ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများနှင့် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၅**

ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးဆိုင်ရာ အာရှဒေသ ဝန်ကြီးများအဆင့်ညီလာခံကို မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့၌ တတိယမြောက်နေ့ ဆက်လက်ကျင်းပလျက်ရှိရာ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများနှင့် အစိုးရ- ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အဆင့်မြင့် အရာရှိကြီးများဆွေးနွေးပွဲကို အိမ်ရှင်မွန်ဂိုလီးယားနိုင်ငံအစိုးရ ဦးဆောင်၍ ကျင်းပခဲ့ရာ အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု၏ ထင်ရှားသော ပြယုဂ်များဖြစ်သည့် ၂၀၁၅ ခုနှစ် ရေဘေးတုံ့ပြန်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံ ကုန်သည်ကြီးအသင်း၊ ပုဂ္ဂလိကလေကြောင်းကုမ္ပဏီများအသင်း၊ ပုဂ္ဂလိကဆက်သွယ်ရေးကုမ္ပဏီများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ တက်ကြွစွာပူးပေါင်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ပုဂ္ဂလိကကွန်ရက်ထူထောင်၍ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအတွက်သာမက ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများတွင်ပါ ပူးပေါင်းဆောင်ရွက်နေမှု၊ အာရှဒေသတွင်းနိုင်ငံအချို့တို့နှင့်အတူ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် မိတ်ဖက်ဆောင်ရွက်မှုစီမံကိန်းအား အစိုးရ-ပုဂ္ဂလိက- အရပ်ဘက်လူမှုရေး အဖွဲ့အစည်းများနှင့် သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်နေမှု၊ မြန်မာနိုင်ငံအနေဖြင့်ဘေးအန္တရာယ်ကျရောက်ပြီးချိန်များတွင် ရန်ပုံငွေလိုအပ်ချက်များကို အချိန်မီဖြည့်တင်းပေးနိုင်ရန် ဘေးမဖြစ်မီကြိုတင်စီမံဆောင်ရွက်မှုအနေဖြင့် အာဆီယံဒေသတွင်း ဘေးအန္တရာယ်ဆိုင်ရာ အာမခံထားရှိဆောင်ရွက်မှု၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့်အဖွဲ့အစည်းများ၏ ကျွမ်းကျင်မှုများ၊ အရင်းအမြစ်များနှင့် မိတ်ဖက်ပူးပေါင်းမှုများကို ထိထိရောက်ရောက် စီမံခန့်ခွဲရာတွင် ပြည်ထောင်စုစီမံကိန်း (UEHRD)၏ တိုးတက်အောင်မြင်မှုများ၊ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ကြုံတွေ့နေရသည့် ရေဘေးအတွက် ဆက်လက်၍ ရေရှည်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည့်အတွက် နိုင်ငံတကာနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်ပေးရန်လည်း ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲသို့ မွန်ဂိုလီးယားနိုင်ငံ၊ လွှတ်တော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးချုပ်ရုံး၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အာရှဒေသဖွံ့ဖြိုးရေးဘဏ်၊ ပုဂ္ဂလိကအာမခံကုမ္ပဏီများမှ အဆင့်မြင့်အရာရှိကြီးများနှင့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မွန်ဂိုလီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. U. Enkhtuvshin နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အရှည်တည်တံ့ရေး၊ မွန်ဂိုလီးယားနိုင်ငံသည် မိတ်ဖက်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည့်အတွက် မြန်မာ- မွန်ဂိုလီးယား People to People Relationship ကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းရပ်များအတွက် သာမက အခြားသော နယ်ပယ်ရပ်များတွင်ပါ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးပွဲများကို အခါအားလျော်စွာ ဆောင်ရွက်ရေး၊ မွန်ဂိုလီးယားနိုင်ငံသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်သည့်အတွက် အဆိုပါကဏ္ဍတွင်လည်း မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာ-မွန်ဂိုလီးယား Exchange အစီအစဉ်များ ဆောင်ရွက်ပေးနိုင်ရေးနှင့် လက်ရှိ ပူးပေါင်းဆောင်ရွက်မှုများကို ရေရှည်ဆက်ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ကိစ္စတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်၌ (၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အခမ်းအနားကျင်းပရေး ညှိနှိုင်းစည်းဝေး



**စစ်တွေ ဇူလိုင် ၅**

(၇၁) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အာဇာနည်နေ့ အခမ်းအနားကို အနှစ်သာရပြည့်ဝစွာ ကျင်းပနိုင်ရေးအတွက် ယခင်ကျင်းပခဲ့သည့် အတွေ့အကြုံများ၏ အားသာချက်အားနည်းချက်များကို ပြန်လည်ဆွေးနွေးသုံးသပ်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးကြ စေလိုကြောင်း၊ လွတ်လပ်ရေးဖိသုကာ၊ အမျိုးသားခေါင်းဆောင်ကြီးဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ပုဒ်များ၊ ၎င်းတို့၏ ကျေးဇူးတရားများကို မမေ့မလျော့ဖော်ထုတ်ရန် ဆောင်ရွက်သည့်အခါ နောင်လာ နောက်သားများအတွက် ရည်ရွယ်ချက်ကောင်းထားကာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာများက အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းရေး၊ အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကာတွန်း၊ ပိုစတာ၊ ဆောင်းပါးနှင့် ကဗျာရွတ်ပြိုင်ပွဲများကျင်းပနိုင်ရေး၊ လက်ကမ်းစာစောင်များဖြန့်ဝေနိုင်ရေး၊ အာဇာနည်နေ့ဂုဏ်ပြုဗီဒီယိုမှတ်တမ်းများ ပြသနိုင်ရေးကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။ တင်ပြချက်များအပေါ်ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## အီလက်ထရွန်နစ် လိပ်စာလျာထားသတ်မှတ်ချက်အတွက် အများပြည်သူသဘောထားမှတ်ချက်တောင်းခံ

**နေပြည်တော် ဇူလိုင် ၅**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေးဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အီလက်ထရွန်နစ် လိပ်စာလျာထားသတ်မှတ်ချက် (Myanmar Electronic Addressing Plan) ရေးဆွဲနိုင်ရေးအတွက် အများပြည်သူသဘောထားမှတ်ချက် တောင်းခံခြင်းအား ဩဂုတ် ၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် Myanmar Electronic Addressing Plan(Draft) for Public Consultation Document အား ဝန်ကြီးဌာန၏ Website ဖြစ်သည့် www.motc.gov.mm/news/ptdnews တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## လုပ်ငန်းရှင်များသို့ ကြိုတင်အသိပေးခြင်း

၂၀၁၄ ခုနှစ် စားသုံးသူအကာအကွယ်ပေးရေးဥပဒေအရ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ) အရ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်များပေါ်တွင် သုံးစွဲပုံနှင့်ပတ်သက်သော သတင်း၊ အချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေဖော်ပြ၍ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ရောင်းချခြင်းများဆောင်ရွက်သွားရန် အမိန့်ကြော်ငြာစာကို မကြာမီထုတ်ပြန်ကြော်ငြာသွားမည် ဖြစ်ပါသည်။

အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးခြောက်လပြည့်မြောက်သည့်နေ့မှစ၍ အာဏာသက်ရောက်မည်ဖြစ်၍ လိုက်နာခြင်းမရှိပါက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ပါကြောင်းနှင့် လုပ်ငန်းရှင်များအနေဖြင့် ကြိုတင်သိရှိပြင်ဆင်ဆောင်ရွက်ထားနိုင်ကြစေရန် အသိပေးအပ်ပါသည်။

**စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ**

# ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းအချက်အလက် ကောက်ယူသည့်ပုံစံနှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု ကနဦးဆန်းစစ်ချက် မိုဘိုင်းအပလီကေးရှင်းမိတ်ဆက်

**ဟားခါး ဇူလိုင် ၅**

ချင်းပြည်နယ် ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းအချက်အလက် ကောက်ယူသည့်ပုံစံနှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု ကနဦးဆန်းစစ်ချက် မိုဘိုင်းအပလီကေးရှင်း အသိပေးမိတ်ဆက်ခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြို့နယ်စုပေါင်းရုံးအစည်း အဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ချင်းပြည်နယ် အတွင်း ဘဏ္ဍာရေးနှစ်(၂) နှစ်တာကာလအတွင်း မီးဘေး ၁၅ ကြိမ်၊ ရေဘေးခြောက်ကြိမ်၊ မြေပြိုဘေး ၃၇ ကြိမ်၊ လေဘေး ၆၄ ကြိမ်၊ ကမ်းပြိုဘေးသုံးကြိမ်၊ တိုက်ပွဲရှောင်နှစ်ကြိမ်၊ ကြွက်ဘေး တစ်ကြိမ် စုစုပေါင်း ၁၂၈ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်ပုံငွေကျပ်စုစုပေါင်း ၁၆၀ သန်းကျော် ထောက်ပံ့ပေးခဲ့ရကြောင်း၊ ဘေးဖြစ်ပွားပါက အရေးပေါ်တုံ့ပြန်မှုဆောင်ရွက်ရသည့်လုပ်ငန်းများနှင့် ဘေးဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ စနစ်တကျကြိုတင်စီမံဆောင်ရွက်ထားမှသာ ဘေးဖြစ်ပွားမှုကြုံတွေ့ပါက ထိရောက်လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများ၏ အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေစာရင်းများ၊ အခြေခံအဆောက်အအုံများ၊ လယ်ယာမြေ စာရင်းများစသည်တို့ကို စနစ်တကျ စာရင်းပြုစုထားရှိရန်နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုအခြေအနေများကိုတွက်ဆပြီး ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွင်ဆွေနှင့် IOM မှ National Programme Officer ဒေါ်အေးသိမ့်သူတို့က အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်နှင့် မျှော်မှန်းရလဒ်များကို ရှင်းလင်းတင်ပြကြသည်။




ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ အချက်အလက် ကောက်ယူမှုလုပ်ငန်း သုံးပစ္စည်း Tablet များကို တာဝန်ရှိသူတစ်ဦးက ပေးအပ်ရာ ပြည်နယ်လူမှုရေးဝန်ကြီးက လက်ခံရယူသည်။ ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းအချက်အလက်ကောက်ယူသည့်ပုံစံနှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု ကနဦးဆန်းစစ်ချက် မိုဘိုင်းအပလီကေးရှင်း လက်တွေ့အသုံးပြုခြင်း စံသတ်မှတ်ထားသောတာဝန်ဝတ္တရားများ ဖော်ထုတ်ခြင်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဓာတုဗေဒဘာသာရပ် နမူနာမေးခွန်းပုံစံ (၂)

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ မေလ ၁၀ ရက်ထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယခုထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

**2019 (Sample-3)**
**MATRICULATION EXAMINATION**
**DEPARTMENT OF MYANMAR EXAMINATION**
**CHEMISTRY Time Allowed: 3 Hours**
**WRITE YOUR ANSWERS IN THE ANSWER BOOKLET**
**The symbols in this paper have their usual significance**

**SECTION (A)**
**(Answer ALL questions)**

1. Write **TRUE** or **FALSE** for each of the following statements. **(7 marks)**
   (a) Ionic compounds consist of molecules.
   (b) Molarity does not change due to the dilution.
   (c) Reactive metals are usually manufactured by electrolysis.
   (d) Structural isomers may have different properties.
   (e) Electrolytes can conduct electricity due to the movement of atoms.
   (f) Nitrogen gas is relatively inert and does not support combustion.
   (g) Alloys are mixture of two or more metals.

2. Fill in the blanks with the correct word(s), phrase(s), term(s), unit(s), etc., as necessary. **(7 marks)**
   (a) The decrease of gas -------- accompanies the increase of gas pressure.
   (b) The dampness is due to the presence of -------- as one of the impurities.
   (c) Dinitrogen oxide is a ------- oxide.
   (d) Alkanes are -------- hydrocarbons.
   (e) Sulphur dioxide ------- colouring matter by reduction.
   (f) The rate of reaction is inversely proportional to the -------- taken.
   (g) Oxidation number of carbon in carbon dioxide is -------.

3. Select the correct word(s), notation(s), term(s), unit(s), etc., given in the brackets. **(7 marks)**
   (a) Oxidation number of S in $SO_3$ is [+ 6; +4; -2].
   (b) Hydrogen sulphide [oxidizes; reduces; displaces] halogens.
   (c) [$Cl_2$; $Br_2$; $I_2$] is a solid at room temperature.
   (d) Biological proteins are made from [20; 23; 22] different monomers, the amino acids.
   (e) Alkali metals have [ high; low; medium] electron affinities.
   (f) [Bronze; Pewter ; Solder] composes of 70% lead and 30% tin.
   (g) Starch is hydrolysed by [diastase; maltase; zymase].

4. Match each of the items in **List A** with the appropriate items given in **List B.** **(7 marks)**

| **List A** | **List B** |
|---|---|
| (a) Chemical cell | (i) liberate ammonia |
| (b) Household medicinal | (ii) hydrated iron (III) oxide |
| (c) Nitrolime | (iii) Tincture of iodine |
| (d) Photochemical reaction | (iv) pH 7-11 |
| (e) A buffer solution | (v) produce e.m.f |
| (f) Sodium | (vi) reaction by light |
| (g) An orange-red powder | (vii) store under kerosene |

5. Illustrate the following: **(8 marks)**
   (a) Mass number
   (b) Standardization
   (c) Heat of combustion
   (d) Avogadro's Theory
   (e) Insulator
   (f) Rust
   (g) Reduction in terms of hydrogen
   (h) Basicity

**SECTION (B)**

6. Answer **ALL** questions. **(12 marks)**
   (a) Describe the sample equations for the amphoteric properties of aluminium hydroxide.
   (b) Which are the properties of the solutions obtained by dissolving the following salts in water?
   Sodium ethanoate; Ammonium nitrate
   (c) What is the effect of reducing the pressure on the following equilibrium?
   $H_2 (g) + I_2 (g) \rightleftharpoons 2HI (g)$
   (d) Describe the principal uses of nitrogen.
   (e) Write down the possible structural formulae of $C_4H_6$ and give IUPAC name.
   (f) Write down the symbol equations of the reaction of chlorine with (i) Fe (ii) Turpentine.

7. Answer any **FIVE** questions. **(20 marks)**
   (a) An element E contains 2 electrons in K shell, 8 electrons in L shell and 2 electrons in M shell. Answer the following.
   (i) The complete electronic structure
   (ii) The group number
   (iii)The chief valence and
   (iv) The name of that element E
   (b) A gas with relative density of 32 is given. Find the relative molecular mass of the gas and the mass of one mole of the gas ingrams. What volume at STP would the gas occupy by 32 g of the gas?
   (c) On passing a steady current of 0.45 A for 25 minutes through a metal (I) nitrate Solution 0.755 g of metal is deposited. Calculate the relative atomic mass of that metal. (one faraday = 96500 C)
   (d) Balance the following redox reactions using either oxidation number method or ion electron (half reaction) method.
   (i) $2 CrO_4^{2-} + 2H^+ \longrightarrow Cr_2O_7^{2-} + H_2O$
   (ii) $H_2SO_4 + HI \longrightarrow I_2 + H_2S + H_2O$
   (e) (i) What are the factors affecting the rate of reaction?
   (ii) What will be the effect of increasing pressure on the following equilibrium? Give reason for your answer.
   $N_2(g) + 3H_2(g) \rightleftharpoons 2NH_3(g)$
   (f) (i) Describe the term verdigris?
   (ii) Write balanced equations in symbols only for the following reactions.
   $CuFeS_2 (s) + O_2(g) \longrightarrow ?$
   $Zn (s) + 2 Na[Ag(CN)_2] (aq) \longrightarrow ?$
   (g) Write equation in **words** and **symbols** for the following reactions.
   (i) when ammonia is passed over heated copper (II) oxide
   (ii) when nitrogen oxide is soluble in iron (II)sulphate solution
   (h) (i) What are the differences between "Polyamide" and "Polyester"?
   (ii) Write down undissolved substances in sea water.

8. Answer any **FOUR** questions. **(32 marks)**
   (a) (i) Define the terms "a strong acid and aconcentrated acid".
   (ii) Calculate the heat of combustion of $C_2H_5OH(l)$, if its heat of formation is -242 $kJmol^{-1}$. The heats of formation of $CO_2$ (g) and $H_2O$ (l) are -393.5 $kJmol^{-1}$ and -286 $kJmol^{-1}$ respectively.
   (b) ( i ) What happens when the cooked starch is treated with malt for 1 hour at 60°C?
   ( ii) Outline an example to decolourization of bromine solution with an alkene.
   (iii) How would you obtain propylene from n-propyl chloride?
   (iv) Discuss the reaction for chlorination of methylene chloride.
   (c) ( i ) Distinguish between propene and propyne.
   (ii) A gas "G" is obtained by treating sodium propanoate with soda-lime.
   What is the gas "G"? Write down the chemical equation.
   (iii) What is the mass of one mole of octane?
   (iv) How can petrol ($C_8H_{18}$) be made into ethene?
   (d) (i)




   A gas "B" is obtained by heating sodium sulphite and dilite sulphuric acid. What is gas "B" ? Write down the symboled equation only. Label the "A"and"C". The gas "B" is collected by the upward displacement of air. Why ?
   (ii) Give equations for the two reactions which show the oxidizing property of chlorine.
   (e) (i) Some ammonium chloride was dissolved in water and the solution had a pH of 5.
   Explain this result clearly.
   (ii) Calculate the molarity of a solution prepared by adding 100g of pure sodium carbonate to sufficient water to make 2.00 $dm^3$ of solution.
   (O =16, Na = 23, C = 12)
   (f) (i) Give an account of extraction of lead by heating the galena ore.
   (ii) Explain what happen when aquous sodium hydroxide is added separately to aqueous solutions of copper(II) sulphate and zinc sulphate respectively until it is present in excess.

## ပူတာအိုခိုင်၌ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းကျင်းပ

**ပူတာအို ဇူလိုင် ၅**

စာဖတ်သည့်အလေ့အကျင့်ကောင်းများ လက်ဆင့်ကမ်းနိုင်ရန်၊ စာဖတ်သူအချင်းချင်း ရင်းနှီးထိတွေ့မှုရှိစေရန်၊ လူမှုရေးကိစ္စများတွင် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးနိုင်ရန်ရည်ရွယ်၍ ကချင်ပြည်နယ် ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းကို ဇူလိုင် ၄ ရက်က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထု အခြေပြု ဗဟိုဌာန၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်စန်းယုမော်က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး စာရေးဆရာ ဦးကျော်ဆောင်း (B.Ag)-(မန္တလေး)က စာရေးဆရာဖေမြင့် ရေးသားထားသော စဉ်းစားခြင်းစာအုပ်မှ စဉ်းစားခြင်းဆိုင်ရာ နည်းနာများ၊ စဉ်းစားစရာပြဿနာနှင့် အကျပ်အတည်းကြားမှ စဉ်းစားကြံဆတတ်သူတို့အကြောင်းကို သုံးသပ်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများက စာအုပ်နှင့်ပတ်သက်၍ စာဖတ်သူများ၏ အမြင်များကို အချင်းချင်း ဆွေးနွေးဖလှယ်ခဲ့ကြပြီး Book Club အဖွဲ့ဝင်များနှင့် စာပေချစ်သူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော နိုင်ငံတော်အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အေးချမ်းသာယာပြည်မြန်မာ ဓာတ်ပုံပြိုင်ပွဲဆုရ မှတ်တမ်းဓာတ်ပုံများ၊ အာဇာနည်နေ့နှင့်ပတ်သက်သည့် အချက်အလက်မှတ်တမ်းများ၊ ကွမ်းစားခြင်း၏ဆိုးကျိုးများအကြောင်း ပညာပေးဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်ကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး သီပေါပေါ်ကြိုဘုရားကြီးအား ဖူးမြော်

**သီပေါ ဇူလိုင် ၅**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင်( နဝမမြောက်) ဗန်းမော်ဆရာတော်အဘိဇဓမဟာရဋ္ဌဂုရု၊ အဘိဇဓအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဆရာတော်ကြီးသည် ဇူလိုင် ၅ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီးသို့ ကြွရောက်ဖူးမြော်တော်မူရာ မြို့နယ်စီမံခန့်ခွဲမှုး ကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျနှင့်အဖွဲ့ဝင်များ၊ ပေါ်ကြိုဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွန့်နှင့် ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများက ပေါ်ကြိုဘုရားကြီး အရှေ့ဘက်အဝင်မုခ်ဦးတွင် လှိုက်လှဲစွာ ကြိုဆိုကြသည်။



ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးသည် ပေါ်ကြိုမြတ်စွာဘုရားဆင်းတုတော်အား ရွှေသင်္ကန်းကပ်လှူပူဇော်၍ ညောင်ပရိသတ်များအား ငါးပါးသီလနှင့် အနုမောဒနာတရား ချီးမြှင့်ဟောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျ၊ ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွန့်နှင့် အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့က ဘုရားကြီး၏ ပုံတော်ကို အမှတ်တရ လက်ဆောင်ပေးအပ်ပြီး ဆရာတော်ကြီးက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# စာရေးဆရာမကြီး မကြန် အသက်(၁၀၀) ပြည့်မွေးနေ့ဂါရဝပွဲကို စာပေဗိမာန်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၅**

စာရေးဆရာမကြီး မကြန် အသက်(၁၀၀) ပြည့်မွေးနေ့ဂါရဝပွဲကို ဇူလိုင် ၇ တွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆရာမကြီးအား ကြည်ညိုလေးစားသူများက ရာပြည့်သမိုင်းဒေဝီဟူသော အမည်ဖြင့် စာအုပ်ထုတ်ဝေကာ ဆရာမကြီး မွေးနေ့ဂါရဝပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ ရခိုင်ပြည်နယ် တောင်ကုတ်ဇာတိဖြစ်သော ဆရာမကြီးကို အဘ ဦးကျော်ထွန်း၊ အမိဒေါ်ငွေနှစ်တို့က ၁၉၁၉ ခုနှစ် ဇူလိုင် ၁ ရက်တွင် မွေးဖွားခဲ့ကြောင်း သိရသည်။

၁၉၅၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာဆက်လက်ဆည်းပူးခဲ့သည့် ဆရာမကြီးသည် အထူးတန်း အခွင့်အရေးရသဖြင့် သုံးနှစ်ဖြင့်ဝိဇ္ဇာဘွဲ့ကို ၁၉၅၄ ခုနှစ်တွင် ရရှိခဲ့သည်။

ဆရာမကြီးသည် သမိုင်းသုတေသနစာတမ်းများ၊ ဆောင်းပါးများနှင့် စာအုပ်များရေးသားပြုစု တည်းဖြတ်ခဲ့ပြီး အင်္ဂလိပ်- မြန်မာအဘိဓာန်၊ မြန်မာ-အင်္ဂလိပ်အဘိဓာန် ပြုစုရေးလုပ်ငန်းများ၊ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ပြုစုရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ ဆရာမကြီးသည် ၁၉၇၈ ခုနှစ်တွင် ထွက်ရှိသည့် မြန်မာနိုင်ငံ အခြေအနေ (၁၈၈၅ - ၈၆ ) စာအုပ်ဖြင့် အမျိုးသားစာပေဆု(သုတစိဇ္ဇာ) ကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင်ထွက်ရှိသည့် သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ စာအုပ်ဖြင့် အမျိုးသားစာပေဆု(သုတစိဇ္ဇာ)ကိုလည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင်ထွက်ရှိသည့်မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေး(၁၈၈၆- ၁၉၇၇ )စာအုပ်ဖြင့် အမျိုးသားစာပေဆု (သုတစိဇ္ဇာ)ကိုလည်းကောင်း၊ ၂၀၀၄ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆုကိုလည်းကောင်း၊ ၂၀၀၆ ခုနစ် အမျိုးသားစာပေ တစ်သက်တာဆုကို လည်းကောင်း ရရှိခဲ့သည်။

ဇူလိုင် ၇ ရက်မွန်းလွဲ ၁ နာရီ တွင် စာပေဗိမာန်၌ ကျင်းပမည့် ဂါရဝပွဲကို ဆရာမကြီး မကြန်ကိုယ်တိုင်ကြွရောက်မည်ဖြစ်ပြီး အဆိုပါ ဂါရဝပွဲဖြစ်မြောက်ရေးအတွက် သူရဇော်၊ ဦးအေးချို (မဟာဝိဇ္ဇာ)၊ အောင်မိုးဆောင်း၊ ဒီဇင်ဘာမွန်းနှင့် စာပေဗိမာန်တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါဂါရဝပွဲတွင် ဆရာမကြီး ရေးသားခဲ့သော စာအုပ်များနှင့် ဆရာမကြီး၏ အမှတ်တရရှားပါးဓာတ်ပုံများကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်သည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

# ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကာ မျိုးဆက်သစ်ပိုက်ကျော်ခြင်း အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ကျင်းပသော ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ (ဃ)၌ အမျိုးသားနှစ်ယောက်တွဲ အသင်းလိုက် အုပ်စု ပြိုင်ပွဲများအဖြစ် ယှဉ်ပြိုင်ရာတွင် တနင်္သာရီတိုင်းဒေသကြီး အသင်းက ရခိုင်ပြည်နယ် အသင်းကို ၂ -၁ ဖြင့်လည်းကောင်း၊ကရင်ပြည်နယ် အသင်းက နေပြည်တော် အသင်းကို ၂ -၁ ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို ၃- ၀ ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ၃- ၀ ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ် အသင်းကို ၃- ၀ ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၃- ၀ ဖြင့်လည်းကောင်းအနိုင်ရရှိခဲ့ပြီး ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။ အဆိုပါပြိုင်ပွဲ၏ ရှုံးထွက်ပွဲစဉ်များကိုဇူလိုင် ၆ ရက်နံနက် ၉ နာရီတွင် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# မြန်မာ ယူ-၁၉ အသင်း အုပ်စုဒုတိယပွဲအဖြစ် ကမ္ဘောဒီးယားအသင်းနှင့် ယနေ့ကစားမည်

**ရန်ကုန် ဇူလိုင် ၅**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၁၉ အသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇူလိုင် ၆ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် အဖွင့်ပွဲတွင် တီမောအသင်းနှင့် မထင်မှတ်ဘဲ သရေကျခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် လက်ကျန်ပွဲများတွင် အမှားလုပ်၍မရသည့်အနေအထား ဖြစ်သွားခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် တီမောနှင့်ပွဲတွင် ပြင်ဆင်ချိန် သုံးရက်ရထားပြီး ကမ္ဘောဒီးယားအသင်းမှာမူ အုပ်စုသုံးပွဲကို တစ်ရက်ခြားကစားနေရသောကြောင့် မြန်မာအသင်းထက် ပွဲပန်းမှုဒဏ်ကို ခံစားရဖွယ်ရှိနေသည်။ မြန်မာအသင်းနှင့် ကစားရမည့် ကမ္ဘောဒီးယားအသင်းသည် နှစ်ပွဲကစားတစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားပြီး သုံးမှတ်ရထားသည်။ ကမ္ဘောဒီးယားအသင်းသည် ဘရူနိုင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သော်လည်း မလေးရှားအသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် မြန်မာအသင်းနှင့်ပွဲမှာ အရေးပါလာနိုင်သည်။

မြန်မာအသင်းပါဝင်သော အုပ်စု (ခ) တွင် တီမောအသင်းက နှစ်ပွဲကစားလေးမှတ်၊ ကမ္ဘောဒီးယားအသင်းက နှစ်ပွဲကစားသုံးမှတ်၊ မလေးရှားအသင်းက တစ်ပွဲကစား သုံးမှတ်၊ မြန်မာအသင်းက တစ်ပွဲကစား တစ်မှတ်ရထားပြီး ဘရူနိုင်းအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် ယနေ့ယှဉ်ပြိုင်မည့် ကမ္ဘောဒီးယားအသင်းနှင့်ပွဲတွင်နိုင်ပွဲရယူနိုင်မှသာ ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် ဆက်လက်မျှော်လင့်နိုင်မည် ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုလက်ကျန်ပွဲများအဖြစ် ဇူလိုင် ၆ ရက်တွင် ကမ္ဘောဒီးယား၊ ဇူလိုင် ၈ ရက်တွင် ဘရူနိုင်း၊ ဇူလိုင် ၁၀ ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# စာရေးဆရာ၊ ပန်းချီဆရာ၊ ကဗျာဆရာ လေရှူး(ခ)ကောင်းဇော် အသက် ၆၆နှစ်အရွယ်တွင် ကွယ်လွန်

**မန္တလေး ဇူလိုင် ၅**

မန္တလေးမြို့မှ ထင်ရှားသော စာရေးဆရာ၊ ကာတွန်းဆရာ၊ ပန်းချီဆရာ လေရှူး(ခ) ကောင်းဇော်သည် အသက် ၆၆ နှစ်အရွယ် ဇူလိုင် ၅ ရက် မွန်းတည့် ၁၂ နာရီတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကျောက်ကပ်ရောဂါဖြင့် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

ဆရာလေရှူးကို ၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် အဘ ဦးစိန်မောင်၊ အမိ ဒေါ်ခင်စိန်တို့မှ မိတ္ထီလာမြို့တွင် မွေးဖွားခဲ့ပြီး အမည်အရင်း ဦးခင်ဇော်ဖြစ်၍ မိတ္ထီလာမြို့ အလက (၁)၊ အထက(၂)နှင့် အထက(၃)တို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၇၂ခုနှစ်တွင် အခြေခံပညာအထက်တန်းစာမေးပွဲကို (ခ)အဆင့်ဖြင့် အောင်မြင်ခဲ့သည်။

ထို့နောက် ၁၉၇၆ခုနှစ်တွင် မန္တလေးမြို့သို့ မိဘများနှင့်အတူ ပြောင်းရွှေ့လာခဲ့ပြီး ဟံသာဝတီသတင်းစာ၌ ကာတွန်းများ စတင်များရေးဆွဲခဲ့ကြောင်း၊ ကျွန်တော်နှင့်သီဟဗာဟုအပါအဝင် ကာတွန်းလုံးချင်းသုံးအုပ်ထုတ်ဝေခဲ့ပြီး ဂျပန်နိုင်ငံ၌ ၂၀၀၆မှ ၂၀၁၁ အထိ ကျိုတိုနိုင်ငံတကာ ကာတွန်းပြိုင်ပွဲနှင့် ကိုရီးယားနိုင်ငံ ဒေးဂျုံးနိုင်ငံတကာ ကာတွန်းပြိုင်ပွဲ (၂၀၀၅-၂၀၁၁) တို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး စုစုပေါင်း ဆု ၁၀ ဆု ရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ကောင်းဇော်အမည်ဖြင့် ပန်းချီရေးဆွဲခဲ့ပြီး တစ်ကိုယ်တော်ပန်းချီပြပွဲများ ပြသခဲ့သည့်အပြင် စာနယ်ဇင်းအသီးသီးတွင် ကာတွန်းသုံးထောင်ကျော်၊ ဝတ္ထုဆောင်းပါးခြောက်ရာကျော်ရေးသားခဲ့ပြီး ဟာသလုံးချင်း ဝတ္ထုခုနစ်ပုဒ်၊ ရသ၊ သုတ ဆောင်းပါးလုံးချင်း သုံးအုပ်ထုတ်ဝေခဲ့သည်။

ဆရာလေရှူးသည် မန္တလေးကာတွန်းဆရာများ လူမှုကူညီရေးအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး မကွယ်လွန်မီအချိန်အထိ အမှတ် ၅၅၊ ၆၇လမ်း၊ ၃၈လမ်းနှင့် ၃၉ လမ်းကြား မဟာမြိုင် ၁ ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်တွင် ဇနီးဒေါ်လှလှမြင့်၊ သမီး မမိုးမိုးသိမ့်တို့နှင့်အတူ နေထိုင်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပုဗ္ဗသီရိ၌ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတားဆီးရေး အသိပညာပေး

**နေပြည်တော် ဇူလိုင် ၅**

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် သုံးစွဲသူနှင့် ၎င်း၏မျိုးဆက်ကိုပါ ရိုက်ခတ်စေသည့်အတွက် မူးယစ်ဆေးဝါး သုံးစွဲခြင်း၏ ဆိုးကျိုးများကိုလည်းကောင်း၊ ထို့အတူ နေပြည်တော်ဒေသတွင် မှီတင်းနေထိုင်ကြသော ပြည်သူအများစုသည် မြန်မာနိုင်ငံတစ်ဝန်းမှ လာရောက်၍ အလုပ်လုပ်ကိုင်လျက်ရှိရာ လူတန်းစားအလွှာစုံနေထိုင်ကြသည့် နယ်မြေဒေသဖြစ်သည့်အတွက် လူကုန်ကူးမှုအန္တရာယ်အကြောင်း သိကောင်းစရာများ၊ လူကုန်ကူးခြင်း၊ လူကုန်ကူးခံရခြင်း စသည့်ဗဟုသုတများရရှိစေရန် ဇူလိုင် ၄ ရက် နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် ပတ္တာနယ်မြေရဲစခန်းအပိုင် ဘဲကုန်းအုပ်စု ညသျှစ်ကုန်းကျေးရွာဓမ္မာရုံ၌ အသိပညာပေးဟောပြောရာ ရဲအုပ်ဝင်းရွှင်က ဖြစ်စဉ်သာဓကများချပြ၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင် ပတ္တာနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဖော်လင်းထက်က မှုခင်းမဖြစ်ပွားစေရေးအတွက် ရဲတပ်ဖွဲ့မှ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး နယ်မြေဒေသတွင် ထူးခြားဖြစ်စဉ်များရှိပါက ရဲတပ်ဖွဲ့သို့ ဆက်သွယ်အကြောင်းကြားရန် ဖုန်းနံပါတ်များပေးခဲ့ပြီး အခမ်းအနားသို့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဦးနှင့် ဒေသခံများ ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

# မိုင်းရယ်မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အားကစားပြိုင်ပွဲများ ကျင်းပ

**မိုင်းရယ် ဇူလိုင် ၅**

၂၀၁၈ ခုနှစ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်(TSDP)အရ ကျင်းပသော ရှမ်းပြည်နယ် မိုင်းရယ်မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် စစ်တုရင်ပြိုင်ပွဲများကို ဇူလိုင် ၂ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့ကာ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အမှာစကားပြောကြားပြီး အားကစားအထောက်အကူပြုပစ္စည်းများပေးအပ်သည်။ ထို့နောက် ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် စစ်တုရင်အားကစားပြိုင်ပွဲများကို ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထန် အိတ်၊ မိုင်းရယ်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်း သားကျောင်းသူများ၊ ဒေသခံပြည်သူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့အပြင် ဆေးလိပ်ငွေ့ကင်းစင်ရှမ်းပြည်တစ်ခွင်အစီအစဉ်အရ မီနီမာရသွန်ပြိုင်ပွဲကိုလည်း ဇူလိုင် ၃ ရက်ကကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက သေနတ်ပစ်ဖောက်တာလွှတ်ပေးကာ ဆုရရှိသော အားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ စစ်တုရင်ပြိုင်ပွဲနှင့် မီနီမာရသွန်အားကစားပြိုင်ပွဲများတွင် အားကစားသမား ၅၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**မြန်မာ့အလင်း**

### ❂ ကျောဖုံးမှ

အမျိုးသားပြိုင်ပွဲ၌ ယှဉ်ပြိုင်မည်ဖြစ်ကာ အမျိုးသမီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ပေ။ အမျိုးသားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ၁၉၉၄ ခုနှစ်နောက်ပိုင်း အာရှအားကစားပြိုင်ပွဲတွင် တစ်ကျော့ပြန်ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ၁၉၆၆၊ ၁၉၇၀ ခုနှစ်၌ နှစ်ကြိမ်ဆက်တိုက်ရွှေတံဆိပ်ရထားပြီး ပြိုင်ပွဲ၏ တတိယအအောင်မြင်ဆုံးအသင်းအဖြစ် အိန္ဒိယအသင်းနှင့် ပူးတွဲရပ်တည်လျက်ရှိသည်။ မြန်မာဘောလုံးအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခု ရရှိထားသည်။ မြန်မာ ယူ-၂၃ အသင်းသည် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင် ရန် ဇူလိုင် ၂၃ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲအကြိုပြင်ဆင်သည့်အနေဖြင့် ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်မည် ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

### ❑ ကျောဖုံးမှ

ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၁၂ မိနစ်တွင် ဝင်းသိင်္ဂီထွန်း၊ ၂၃ မိနစ်တွင် သန္တာမိုးတို့က ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်း ကသာဆက်လက်ဖိကစားခဲ့ပြီး ခြေစွမ်းပြနေသည့် ဝင်းသိင်္ဂီထွန်း က ၅၆၊ ၆၅ မိနစ်တွင် နှစ်ဂိုးဆက်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက အမာခံကစားသမားအချို့ကို လူစားလဲအသုံးပြုခဲ့ပြီး ဆဋ္ဌမဂိုးကို ၈၃ မိနစ်တွင် ဂျူလိုင်ကျော်က သွင်းယူခဲ့ သည်။ အင်ဒိုနီးရှားအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၆ မိနစ်တွင် ဟာလီနာက သွင်းယူခဲ့သည်။

အုပ်စု (ခ) အခြားပွဲတွင် ဗီယက်နမ်အသင်းက စင်ကာပူအသင်းကို ၁၀ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယင်းအုပ်စုတွင် ယနေ့ပွဲအပြီး၌ ဗီယက်နမ်နှင့် မြန်မာအသင်းက နှစ်ပွဲကစားခြောက်မှတ်၊ ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစားသုံးမှတ်၊ အင်ဒိုနီးရှားနှင့် စင်ကာပူအသင်းက သုံးပွဲကစားတစ်မှတ်စီ ရထားသည်။

**ရဲရင့်ရှိုင်း**

## မြန်မာ့ရုပ်မြင်သံကြား

၆-၇-၂၀၁၈ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၁၅ - 1 on 1 Football Skills Challenge Cup **ပြိုင်ပွဲ အစီအစဉ်**
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၁၁)
၁၃း၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Lev el-III) (ပွဲစဉ်-၄) (ရန်ကုန်မြို့) (တတိယပိုင်း)
၁၄း၀၀ - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၄)(ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ ခင်သီတာထွန်း)
၁၄း၃၅ - "Weekly MNL Review" (Week-18)

**ညပိုင်း**

၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "အသဲ ခြောက်ရောဂါ၏အကြောင်း သိကောင်းစရာ" (အပိုင်း-၁)
၁၇း၃၅ - Weekly Sport Info
၁၈း၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ရာဇဝင်ရိုင်းခဲ့သည်နှင့်တိုး ကျော်မန်းနဲ့နန်းဆန်တဲ့ရွာ"
၁၈း၅၀ - Operational Grievance Mechanism အကြံပြု ဆွေးနွေးခြင်းလုပ်ငန်းစဉ် (နားထောင်ဆွေးနွေး ကူညီကြစို့)
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဇနီး ချောများကွန်ရက်" (အပိုင်း-၁၂) (ဖိုးသောကြာ၊ မေဘရဏီ သော်၊ စိုးပြည့်သဇင်၊ ကျော် ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ အောင်သြဘာ)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "ပြည့်စုံမှုန်ကန်သော မဲဆန္ဒရှင်ပြုစုခြင်း အကြောင်းသိကောင်းစရာ"
- America's Got Talent
- မြန်မာဗီဒီယိုဇာတ်လမ်း "မျှော်လင့်ခြင်းကမ်းပါးမှာ တစ်တောလုံးပန်းတွေ ဝေခဲ့ပေါ့" (ပထမပိုင်း) (နေမင်း၊ မိုးဟေကို) (ဒါရိုက်တာ -သိန်းစိုး)
၁၂း၀၀ - ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှု အစီအစဉ် (ကွာတားဖိုင်နယ် ဘရာဇီးလ်အသင်း Vs ဘယ်လ်ဂျီယံအသင်း)

# ရှင်ဗွေယန်နှင့် မိုးကောင်းမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၅**

ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃ ရက် ညနေ ၆ နာရီခွဲက တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့ အမှတ်(၃)ရပ်ကွက်နေ မချောစုလှိုင် (ခ) မစု၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၇ ခွက် (ဘိန်းဖြူအလေးချိန် ၁၈၇ ဂရမ်) ကို လည်းကောင်း။

အလားတူ ဇူလိုင် ၄ ရက်က မူးယစ်တပ်ဖွဲ့စု(၃၆) ပဲခူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပဲခူးမြို့နယ်မြေ(၄) အမှတ်(၂)ရပ်ကွက်နေ အောင်ဇော်မင်းနှင့် ၎င်း၏ဇနီးဖြစ်သူ မမိုးပွင့်(ခ)မချောစုတို့၏နေအိမ်ကိုရှာဖွေရာ မမိုးပွင့်(ခ)မချောစုထံမှ စိတ်ကြွရူးသွပ်ဆေးပြားလေးပြား၊ ငွေကျပ် ၅၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၊ ဆိုင်ကယ်ပြုပြင်သည့် ဆိုင်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား တစ်ပြားနှင့် စိတ်ကြွရူးသွပ်ဆေးပြား ရှူရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း။



အလားတူ ညနေ ၅ နာရီခွဲက ပဲခူးမြို့အမှတ်(၅)ရပ်ကွက် ဓမ္မာရုံလမ်းတွင် အိမ်ငှားနေထိုင်သည့် အိုစမန်(ခ)ဇွဲလေး၏ နေအိမ်ကိုရှာဖွေရာ အိုစမန်(ခ)ဇွဲလေးနှင့် ချစ်မင်းသူ(ခ)အာဒစ်လ်တို့အား တွေ့ရှိရပြီး ကြမ်းပြင်ပေါ်ရှိ ကတ်ထူစက္ကူဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၊ ငွေကျပ် ၂၀၀၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် စိတ်ကြွရူးသွပ်ဆေးပြား ရှူရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း။

အလားတူ ဇူလိုင် ၃ ရက် ည ၇ နာရီတွင် တပ်မတော်စစ်ကြောင်းမှ တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စုအတွင်း နယ်မြေရှင်းလင်းရေးဆောင်ရွက်နေစဉ် ကြိုးတံတား-အောင်မြေ(၂)-ကျထီးနားလမ်းအတိုင်း ဆိုင်ကယ်သုံးစီးမောင်းနှင်လာသည်ကို မြင်ရ၍ တားဆီးစစ်ဆေး ရန်စောင့်နေစဉ် ဆိုင်ကယ် မောင်းနှင်လာသူများမှာ ဆိုင်ကယ်များကို လှဲချကာ လမ်းဘေးလျှိုအတွင်းသို့ ထွက်ပြေးသွားခဲ့ပြီး ကျန်ရှိသည့် ဆိုင်ကယ်သုံးစီးတွင် စိတ်ကြွရူးသွပ်ဆေးပြားများ တွေ့ရှိထားကြောင်းကို မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်သို့ ဖုန်းဖြင့်ဆက်သွယ် အကြောင်းကြားလာ၍ သွားရောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀၀၀နှင့် ဆိုင်ကယ်သုံးစီးကိုလည်းကောင်း၊ အလားတူ ဇူလိုင် ၄ ရက် နံနက်ပိုင်းက လွယ်တော်ခမ်းကျေးရွာအုပ်စုတွင် နယ်မြေရှင်းလင်းရေးဆောင်ရွက်နေစဉ် ကျထီးနားကျေးရွာအနီး ကားလမ်း ဝဲဘက်လျှိုအတွင်းတွင် ခရီးဆောင် အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်

**သတင်းစဉ်**

# တန့်ယန်းမြို့နှင့် မြဝတီမြို့တို့၌ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၅**

တန့်ယန်းမြို့နယ် တာကော်အက်တံတားပေါ်၌ တပ်မတော်သားများ၊ တန့်ယန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့တို့က ဇူလိုင် ၄ ရက် ညနေ ၆ နာရီခွဲက ပန်ဆန်းမှ တန့်ယန်းသို့ တောင်သာမြို့နေ ကိုတိုး (၃၀ နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက် ပြင်ဦးလွင်မြို့နယ် ဝက်ဝံမြိုင်ကျေးရွာနေ နိုင်လင်းထွန်း (၂၃ နှစ်) လိုက်ပါလာသည့် 2P/---- ၁၀ ဘီးမြေသယ်ယာဉ်ကို စစ်ဆေးရာ ပစ္စတိုသေနတ်တစ်လက်နှင့် ကျည်ဆန်များ သိမ်းဆည်းရမိသည်။

ပူးပေါင်းအဖွဲ့များစစ်ဆေးစဉ် အဆိုပါယာဉ်ပေါ်မှ ပစ္စတိုသေနတ်တစ်လက်၊ ယင်းကျည်ဘောက်နှစ်ခု၊ ၃၁၁ နံပါတ်ပါကျည် ၂၄ တောင့်၊ ၉ မမကျည် ၆၅တောင့်၊ ပွိုင့် ၂၂ (C) ကျည် ၈၅ တောင့်၊ ပွိုင့် ၂၂ (T) ကျည် အတောင့် ၂၁၀ စုစုပေါင်းကျည် ၃၈၄ တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးချက်အရ ကိုတိုးပါနှစ်ဦးအား ပန်ဆန်းမြို့တွင်နေထိုင်သော တရုတ်လူမျိုး (စိစစ်ဆဲ) မှ ၁၀ ဘီး မြေသယ်ယာဉ်အား ယာဉ်မောင်းခ ငွေကျပ် ၁၂၀၀၀၀ နှင့် ယာဉ်နောက်လိုက်ခ ငွေကျပ် ၅၀၀၀၀ ပေး၍ တန့်ယန်းမြို့(၃)ရပ်ကွက်ရှိ ဆွေမေတ္တာ တည်းခိုခန်းရှေ့ ဗိုလ်ချုပ်လမ်းပေါ်တွင် ရပ်တန့်ထားပေးရန်နှင့် မော်တော်ယာဉ်ရောက်ရှိလာပါက လာရောက်ယူဆောင်မည်ဖြစ်၍ မောင်းနှင်လာခြင်းဖြစ်ပြီး ယာဉ်ပေါ်တွင် လက်နက်ခဲယမ်းများပါရှိသည်ကို မသိရှိကြောင်း စစ်ဆေးသိရှိရသဖြင့် အသေးစိတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလားတူ ဇူလိုင် ၄ ရက် နံနက် ၈ နာရီခွဲက မြဝတီမြို့(၁)ရပ်ကွက်နေ ပိုင်ပိုင်ထွန်း(ခ)ပါပါထွန်း(၃၀နှစ်)သည် ချုံနွယ်များ ရှင်းလင်းစဉ် နေအိမ်ခြံဝင်းအနောက်ဘက် ချုံပုတ်အတွင်းမှ ၉၁ မမလက်ပစ်ဗုံးတစ်လုံး (ဖျူစ်မပါ၊ အသုံးပြုမရ)အား တွေ့ရှိသဖြင့် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ကာ တပ်မတော်မှ သိမ်းဆည်းသွားကြောင်း သိရသည်။

**ကိုရဲ**

## တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၁၈ ဦးကို အရေးယူ

**နေပြည်တော် ဇူလိုင် ၅**

ရှမ်းပြည်နယ်၊ မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များ၊ မူဆယ်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၄ ရက် မွန်းလွဲ ၂ နာရီခွဲက မူဆယ်မြို့ စွမ်စော်ရပ်ကွက်နေ ဒေါ်ရန်ဟွမ်ရုံး၏နေအိမ်၌ တရုတ်နိုင်ငံသားများ ရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ ရှာဖွေစဉ် ဒေါ်ရန်ဟွမ်ရုံး၏ နေအိမ်အတွင်း၌ တရုတ်နိုင်ငံ ခေါ်ပိန်ပြည်နယ် ကျင့်ကျိုးမြို့နေ ရန်စန်းလီ ပါ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ၁၈ ဦးအား ဖမ်းဆီးရမိခဲ့သည်။

၎င်းအား စစ်ဆေးရာ ၎င်းတို့သည် အွန်လိုင်းမှခေါ်ယူသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် တရုတ်နိုင်ငံ ရွှေလီမြို့မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ပန်ခမ်းတံတားအနီး စက်လှေဆိပ်လမ်းကြောင်းမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ရန်စန်းလီပါ ၁၈ ဦးအား မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## ဂုတ်တွင်း၌ ယာဉ်ချောက်ထဲကျ တစ်ဦးသေ၊ ၁၅ ဦးဒဏ်ရာရ

**ကျောက်မဲ ဇူလိုင် ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲ-နောင်ချို ဂုတ်တွင်းလမ်းပိုင်းခြောက်ထပ်ကွေ့၌ ဇူလိုင် ၄ ရက် ည ၁၁ နာရီခန့်က ခရီးသည်တင်ယာဉ်တစ်စီး ချောက်ထဲပြုတ်ကျကာ တစ်ဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်မဲ-နောင်ချိုဂုတ်တွင်းလမ်းပိုင်း မိုင်တိုင်အမှတ် ၈၄(၂/၃) အကြားခြောက်ထပ်ကွေ့တွင် မူဆယ်မှ နေပြည်တော်သို့ ယာဉ်မောင်း ရဲမင်းအောင် ပုသိမ်မြို့နေသူ မောင်းနှင်လာသော ကြယ်စင်သစ္စာယာဉ်လိုင်းမှ ယာဉ်အမှတ် 2B/---- ဖူဆို ခရီးသည်တင်ယာဉ်သည် ဂုတ်တွင်းခြောက်ထပ်ကွေ့မှ လေးထပ်ကွေ့သို့ ပြုတ်ကျခဲ့ရာ ယာဉ်ပေါ်ပါခရီးသည်များထဲမှ အမျိုးသားတစ်ဦးသေဆုံးခဲ့ပြီး အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ၁၅ ဦး ဒဏ်ရာ(မစိုးရိမ်ရ)များရရှိခဲ့ကြသည်။ အဆိုပါ ဒဏ်ရာရရှိသူများကို နောင်ချို လူမှုကူညီရေး အသင်းယာဉ်များဖြင့် နောင်ချို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပျဉ်းမနားမြို့နယ်၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**ပျဉ်းမနား ဇူလိုင် ၅**

ပျဉ်းမနားမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် ဦးစိန်းလမ်းတွင် ဇူလိုင် ၅ ရက် နံနက် ၄ နာရီခွဲက ခန့်ညား (၁၇ နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ငါးပြား၊ ငွေကျပ် ၈၉၂၅၀၀နှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယနေ့နံနက် ၅ နာရီခွဲက ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် သူကြီးစုရပ် ရန်ကုန်-မန္တလေးကားလမ်းဟောင်းဘေး အုန်းတောကွေ့အနီးတွင် ဂတုံး (ခ) စိုင်းကိုကို စီးနင်းလာသော ဆိုင်ကယ်ကို စစ်ဆေးရာ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ ငွေကျပ် ၈၅၉၀၀၀၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ၊ ဆိုင်ကယ်တစ်စီးနှင့် ဓားရှည်တစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်များနှင့် ပတ်သက်၍ မူးယစ်ဆေးဝါးရောင်းချရန် လက်ဝယ်ထားရှိသူ ခန့်ညားနှင့် ဂတုံး(ခ)စိုင်းကိုကိုအား ပျဉ်းမနားမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

## ဂျိုးဖြူပိုက်လိုင်းမိုးကြိုးပစ် သံတိုင်သံစထိမှန်မှုကြောင့် ကလေးငယ်တစ်ဦးသေ တစ်ဦးဒဏ်ရာရ

**တိုက်ကြီး ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် လိမ္မော်ခြံအုပ်စု ပိုက်လုံးစုကျေးရွာနေ မောင်ဟိန်းမြတ်မင်း(၉ နှစ်)နှင့် ညီမဖြစ်သူ မချမ်းမြေ့လွင် (၇ နှစ်)တို့သည် ရွာလယ်လမ်းဈေးဆိုင်မှ ဂျိုးဖြူပိုက်လိုင်း လမ်းဘေးအတိုင်း ဈေးဝယ်ပြန်လာစဉ် ဇူလိုင် ၄ ရက် ည ၇ နာရီခွဲက ဂျိုးဖြူပိုက်လိုင်းကို မိုးကြိုးပစ်၍ ယင်းမှသံတိုသံစများ ထိမှန်သဖြင့် မောင်ဟိန်းမြတ်မင်းနှင့် မချမ်းမြေ့လွင်တို့တွင် ဒဏ်ရာများ (စိုးရိမ်ရ) ရရှိသဖြင့် တိုက်ကြီးဆေးရုံမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသစဉ် မောင်ဟိန်းမြတ်မင်းမှာ ယမန်နေ့ည ၉ နာရီ မိနစ် ၄၀ ခန့်တွင် သေဆုံးသွားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် ငါးမန်းတောင် ၂၈၀ ကီလိုဂရမ်သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၄၆ စီး၊ သွင်းကုန် ၉၄၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၅၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၆၇၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၄၄၄ သန်းခန့် စုစုပေါင်းတားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၁၁၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မစ်ဆူဘီရှီအအေးခန်းယာဉ်တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ငါးမန်းတောင် ၂၈၀ ကီလိုဂရမ်၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၆၀၀ သန်း ခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

တိုင်ကြားချက်အပေါ် စုံစမ်းစစ်ဆေးချက်အရ အဂတိလိုက်စားကြောင်း ခိုင်လုံသော အထောက်အထား တွေ့ရှိလျှင် ကော်မရှင်သည် ဘက်လိုက်ခြင်း ကင်းစွာဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်။



# လုံခြုံရေးတင်းကျပ်မှုများဖြင့် အမေရိကန်၌ လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပ

နယူးယောက် ဇူလိုင် ၅

**အကြမ်းဖက်တိုက်ခိုက်ခံရနိုင်သည်ဟူသော ခြိမ်းခြောက်မှုများရှိနေသော်လည်း အမေရိကန်နိုင်ငံတစ်ဝန်းလုံးတွင် ဗုဒ္ဓဟူးနေ့က လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပခဲ့သည်။**



အမေရိကန်နိုင်ငံသည် ၁၇၇၆ ခုနှစ် ဇူလိုင် လ ၄ ရက်နေ့တွင် ဗြိတိန်တို့ထံမှ လွတ်လပ်ရေးရခဲ့ပြီး ယင်းနေ့အထိမ်းအမှတ်အဖြစ် အမေရိကန်နိုင်ငံတစ်ဝန်းလုံးတွင် စစ်ရေးပြချီတက်ပွဲများ၊ မီးရှူးမီးပန်းပစ်လွှတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ နယူးယောက်မြို့၌ လုံခြုံရေးတင်းကျပ်ထားကြောင်းလည်း သိရသည်။ လွန်ခဲ့သောအောက်တိုဘာလအတွင်း နယူးယောက်မြို့၌ ထရပ်ကားတစ်စီး လူအုပ်ကြားထဲဝင်တိုက်ရာ လူရှစ်ဦး သေဆုံးခဲ့ရသည်။

ရဲအရာရှိများအပါအဝင် တပ်ဖွဲ့ဝင် ၆၀၀၀ ခန့်သည် မီးရှူးမီးပန်းပစ်လွှတ်ရာ အခမ်းအနား၌ လုံခြုံရေးအဖြစ် ရှိခဲ့ကြပြီး မီးရှူးမီးပန်းပစ်လွှတ်မည့် နေရာသို့ သွားရာလမ်းများကိုလည်း ပိတ်ဆို့မှုများ ပြုလုပ်ထားသည်။ စစ်ဆေးရေးဂိတ်များတွင်လည်း လူများကို သေချာစွာ ရှာဖွေစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

နယူးဂျာစီပြည်နယ်မှ မိသားစုနှင့် အတူလာရောက်သော အမျိုးသမီးတစ်ဦးသည် ရဲများက ၎င်း၏ထီးကိုပင် သယ်ဆောင်ခွင့်မပေးကြောင်း၊ သေနတ်နှင့် မှားနိုင်သည့်အတွက် ယူဆောင်ခွင့်မပေးခြင်းဖြစ်ကြောင်း၊ လုံခြုံရေးအရ ပြုလုပ်ရခြင်းဖြစ်သည့်အတွက် စိတ်မဆိုးကြောင်း အဆိုပါအမျိုးသမီးက ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# လူဝင်မှုကြီးကြပ်ရေးဥပဒေကို ဆန္ဒပြသည့်အနေဖြင့် အမျိုးသမီးတစ်ဦး လေဘာတီရုပ်တုအောက်ခြေသို့ တွယ်တက်




**နယူးယောက် ဇူလိုင် ၅**

အမေရိကန်သမ္မတ ထရန့်၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒကို ကန့်ကွက်ဆန္ဒပြသည့်အနေဖြင့် အမျိုးသမီးတစ်ဦးသည် နယူးယောက်မြို့ရှိ လေဘာတီရုပ်တု အောက်ခြေသို့ တက်ရောက်ခဲ့ရာ လာရောက်လည်ပတ်သူများစွာ ထိုနေရာမှဖယ်ပေး ခဲ့ရသည်။

သုံးနာရီကျော်ကြာမျှ မတိုးသာမဆုတ်သာ အခြေအနေနှင့်ရှိပြီးနောက် ရဲများက ၎င်းကို ဖမ်းဆီးခဲ့သည်။ ထို့နောက် ၎င်း၏ကျူးကျော်ဝင်ရောက်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ အဆိုပါအမျိုးသမီးသည် လေဘာတီရုပ်တုအနီး အမေရိကန်လူဝင်မှုကြီးကြပ်ရေးမူဝါဒကို ကန့်ကွက်ဆန္ဒပြနေသူ လူအုပ်အတွင်း ပါရှိခဲ့ပြီးနောက် လေဘာတီရုပ်တု၏ အမြင့် မီတာ ၃၀ထိ တက်ရောက်ခဲ့သည်။ မိဘများနှင့် ခွဲ၍ ထိန်းသိမ်းခြင်းခံထားရသော ကလေးငယ်များကို ပြန်လွှတ်ပေးပြီး မိဘများနှင့် ပြန်လည်ပေါင်းစည်းခွင့်ပေးရေး အော်ဟစ်တောင်းဆိုခဲ့ကြောင်းလည်း ဒေသတွင်း မီဒီယာများက ဖော်ပြကြသည်။

လေဘာတီရုပ်တုမှာ နယူးယောက်ဆိပ်ကမ်း၏ အထိမ်းအမှတ်တစ်ခုဖြစ်ပြီး အမေရိကန် လွတ်လပ်ရေးရသည့် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ပြင်သစ်က လက်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ရဲများက အဆိုပါအမျိုးသမီးကို အောက်သို့ပြန်ဆင်းရန် စည်းရုံးမှုများပြုလုပ်နေစဉ် ထိုနေရာသို့ လာရောက်လည်ပတ်သူများကို ဖယ်ရှားရန် ပြောခဲ့ရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဆီးရီးယား၌ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်

**ဒမတ်စကတ် ဇူလိုင် ၅**

အစိုးရထောက်ခံတပ်ဖွဲ့များက ထိုးစစ်ဆင်ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်သောကြောင့် လေကြောင်းတိုက်ခိုက်မှုများ၊ သူပုန်များနေထိုင်ရာ ဆီးရီးယားတောင်ပိုင်း၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဒါရာပြည်နယ်၌ ထိုးစစ်ဆင်မှုများ အဆုံးသတ်ရန် ရုရှားကြားဝင်ညှိနှိုင်းမှုများ မအောင်မမြင်ဖြစ်ပြီးနောက် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒါရာပြည်နယ်၌ ထိုးစစ်ဆင် တိုက်ခိုက်မှုများကြောင့် လူအတော်များများ သေဆုံးခဲ့ပြီး လူထောင်ပေါင်းများစွာ အိုးပစ်အိမ်ပစ် ထွက်ပြေးခဲ့ကြရသည်။

ဒါရာတွင် ရုရှားထောက်ခံ ထိုးစစ်များ ဇွန် ၁၉ ရက်က စတင်ခဲ့ပြီးနောက် သူပုန်များ၏ ဗုံးကြဲတိုက်ခိုက်မှုများကလည်း ပြင်းထန်လာကြောင်း သိရသည်။

ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့က ဆီးရီးယားနှင့် ရုရှားလေယာဉ်များက ညပိုင်းများတွင် ပြင်းထန်ရက်စက်သည့် ဗုံးကြဲတိုက်ခိုက်မှုရာပေါင်းများစွာကို ပြုလုပ်ခဲ့ကြောင်း ပြောခဲ့သည်။

ရုရှားက အရေးဆိုသည့် အပစ်ရပ်စဲရေးကို သူပုန်များကလက်မခံဘဲ ငြင်းဆန်ခဲ့ပြီးနောက် ယခုလို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာခဲ့ခြင်းဖြစ်ကြောင်း လေ့လာစောင့်ကြည့်ရေး ညွှန်ကြားရေးမှူး ရာမီအက်ဘ်ဒဲလ်ရာမန်က ပြောသည်။

**အေအက်ဖ်ပီ**

## ယီမင်သူပုန်များနှင့် အောင်မြင်စွာဆွေးနွေးပြီးနောက် ကုလသမဂ္ဂသံတမန်များ ယီမင်မှ ထွက်ခွာ

**ဆာနား ဇူလိုင် ၅**

ကုလသမဂ္ဂအထူးကိုယ်စားလှယ် မာတင်ဂရစ်ဖစ်သည် ယီမင်သူပုန်များနှင့် အကျိုးရှိသည့်ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ပင်လယ်နီဆိပ်ကမ်းမြို့ဖြစ်သည့် မြို့တော်ဟူဒေဒါ၌ တိုက်ပွဲကြီးကို ရှောင်လွှဲနိုင်ခဲ့ရာ ဗုဒ္ဓဟူးနေ့တွင် ယီမင်မြို့တော် ဆာနားမှ ပြန်လည်ထွက်ခွာသွားပြီဖြစ်သည်။ ခရီးစဉ်အတွင်း ဟူသီသူပုန်များမှ ကိုယ်စားလှယ်များ၊ အထွေထွေပြည်သူ့ကွန်ဂရက်နှင့် အရာရှိများနှင့်အတူ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း လေဆိပ်တွင် သတင်းထောက်များကို ပြောသည်။

ဟူသီလှုပ်ရှားမှုခေါင်းဆောင် အဗ္ဗဒူမာလစ်ခ် အယ်ဟူသစ်ကို ကျေးဇူးအထူးတင်ရှိကြောင်း၊ ၎င်း၏ထောက်ပံ့ပေးမှုဖြင့် အကျိုးရှိသည့်ဆွေးနွေးမှု ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဂရစ်ဖစ်က ပြောသည်။ ဇူလိုင် ၅ ရက်တွင် ဆွေးနွေးပွဲရလဒ်များကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တင်ပြသွားမည်ဖြစ်ကြောင်း၊ ဆာနားနှင့် အေဒင်မြို့တို့တွင် ပြုလုပ်ခဲ့သော ဆွေးနွေးပွဲရလဒ်များကို တင်ပြသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ လာမည့်ရက်များတွင် ဆွေးနွေးပွဲများကို ဆက်လက်လုပ်ဆောင်သွားမည်ဟုလည်း ပြောသည်။ မကြာမီရက်များအတွင်း ယီမင်သမ္မတ မန်ဆောဟာဒီနှင့် တွေ့ဆုံခွင့်ရရန်လည်း မျှော်လင့်ထားကြောင်း ၎င်းက ပြောသည်။

တနင်္လာနေ့တွင် မစ္စတာ ဂရစ်ဖစ်သည် ဆာနားသို့ရောက်ရှိခဲ့ပြီး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သော သီတင်းပတ်ကလည်း ယီမင်နိုင်ငံတောင်ပိုင်း အေဒင်မြို့၌ ပြည်ပသို့ နယ်နှင်ဒဏ်ပေးခံထားရသည့် ယီမင်သမ္မတ မန်ဆောဟာဒီနှင့် တွေ့ဆုံခဲ့သည်။ အလားတူ ဆော်ဒီဦးဆောင်သည့် မဟာမိတ်တပ်မှ ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံခွင့်ရခဲ့သည်။ ၂၀၁၅ ခုနှစ် မတ်လမှစတင်ကာ ဆော်ဒီနှင့် ယူအေအီးနိုင်ငံတို့သည် ယီမင်ပြည်တွင်းစစ်အတွင်း ပါဝင်ခဲ့သည်။ ယီမင်ပြည်တွင်းစစ်ကြောင့် ယီမင်အရပ်သားများအပါအဝင် လူပေါင်းတစ်သောင်းခန့် အသက်ဆုံးရှုံးခဲ့ရပြီး လူပေါင်း သုံးသန်းကျော် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။

**ဆင်ဟွာ**

# အီရန်နျူကလီးယားသဘောတူညီချက်ကို ထိန်းသိမ်းရန် အီရန်နှင့် သြစတြီးယားတို့သဘောတူ

**ဗီယင်နာ ဇူလိုင် ၅**

အမေရိကန်နိုင်ငံသည် အီရန်နျူကလီးယားသဘောတူညီချက်မှ နုတ်ထွက်သွားသော်လည်း အီရန်သမ္မတ ဟက်ဆန်ရူဟာနီနှင့် သြစတြီးယားဝန်ကြီးချုပ် ဆီဘတ်ရှန်ကာ့ဇ်တို့သည် ၂၀၁၅ အီရန်နျူကလီးယား သဘောတူညီချက်ကို ထိန်းသိမ်းရန် သဘောတူခဲ့ကြောင်း သိရသည်။

သြစတြီးယားသည် ဥရောပသမဂ္ဂကောင်စီ၏ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း လတ်တလောသတင်းများအရ သိရသည်။ ရူဟာနီ၏ ဥရောပခရီးစဉ်သည် နှစ်နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ ရူဟာနီနှင့် ကာ့ဇ်တို့သည် ဗီယင်နာ၌ ဇူလိုင် ၄ ရက်က တွေ့ဆုံခဲ့ကြသည်။

အဆိုပါ အစည်းအဝေးအတွင်း ခေါင်းဆောင်နှစ်ဦးတို့သည် အမေရိကန်နိုင်ငံအနေဖြင့် နျူကလီးယားသဘောတူညီချက်မှ နုတ်ထွက်သွားပြီးနောက် အီရန်ကို စီးပွားရေးပိတ်ဆို့ရန် ကြိုးစားနေသော်လည်း အဆိုပါ နျူကလီးယားသဘောတူညီချက် မည်ကဲ့သို့ အကောင်အထည်ဖော်မည်နည်းဆိုသည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ရူဟာနီက အီရန်နှင့် သြစတြီးယားတို့၏ နျူကလီးယားသဘောတူညီချက်သည် နိုင်ငံများအားလုံးကို ကောင်းမွန်သည့် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေမည် ဆိုသည့်အချက်ကို သဘောတူခဲ့ကြောင်း ပြောခဲ့သည်။

အီးယူအနေဖြင့် ၂၀၁၅ နျူကလီးယားသဘောတူညီချက် အကောင်အထည်ဖော်ရေး ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ထို့အပြင် အီးယူနိုင်ငံများအနေဖြင့် အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုကို ပူးပေါင်းလက်တုံ့ပြန်သွားရန် တိုက်တွန်းလိုက်ကြောင်း ကာ့ဇ်က ပြောခဲ့သည်။

နျူကလီးယား သဘောတူညီချက်တွင် ပါဝင်သော နိုင်ငံငါးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် ဇူလိုင် ၆ ရက်တွင် သြစတြီးယားမြို့တော် ဗီယင်နာတွင် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။ ယင်းနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် နျူကလီးယားသဘောတူညီချက်မှ အမေရိကန် နုတ်ထွက်သွားသော်လည်း အဆိုပါ နျူကလီးယားသဘောတူညီချက်ကို မည်ကဲ့သို့ ဆက်လက်ထိန်းသိမ်းမှုများ လုပ်ဆောင်သွားမည်ဆိုသည့် အချက်များကို ဆွေးနွေးသွားမည်ဖြစ်သည်ဟု လေ့လာစောင့်ကြည့်သူများက ထင်ကြေးပေးလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



နိုင်ငံတကာ သတင်းတိုထွာ

## ဂျပန်နိုင်ငံ၌ တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်၍ တစ်ဦးသေဆုံး

**တိုကျို ဇူလိုင် ၅**

ယခုရက်ပိုင်းတွင် ဂျပန်နိုင်ငံ အိုကီနာဝါ စီရင်စုနှင့် ယင်း၏မြောက်ဘက်၌ အမှတ် ၇ တိုင်ဖုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ တစ်ဦးသေဆုံးခဲ့ပြီး လူအမြောက်အမြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် မုန်တိုင်းကြောင့် အိုကီနာဝါစီရင်စုရှိ ကမ္ဘာ့သမိုင်းဝင်အမွေအနှစ်စာရင်းဝင် နာကီဂျင်ရဲတိုက်မြို့ရိုးတစ်စိတ်တစ်ပိုင်းလည်း ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

တိုင်ဖုန်းမုန်တိုင်းသည် တစ်နာရီလျှင် ၄၅ ကီလိုမီတာနှုန်းဖြင့် ဂျပန်နိုင်ငံ ပင်လယ်ပြင်တစ်လျှောက် အရှေ့မြောက်ပိုင်းကို ဦးတည်တိုက်ခတ်လျက်ရှိကြောင်း၊ တစ်စက္ကန့်လျှင် အမြန်ဆုံးလေတိုက်နှုန်းမှာ ၃၅ မီတာရှိကြောင်း၊ ဂျပန်နိုင်ငံ မိုးလေဝသနှင့် ဇလဗေဒအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါမုန်တိုင်းသည် ဇူလိုင် ၆ ရက်အထိ တိုက်ခတ်နိုင်ကြောင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မြေပြိုခြင်း၊ ရေကြီးခြင်းများ ဖြစ်ပွားနိုင်ကြောင်း၊ ထို့ကြောင့် အများပြည်သူများ သတိထားသွားလာကြရန် ဂျပန်နိုင်ငံ မိုးဇလအေဂျင်စီက သတိပေးနိုးဆော်ထားကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂူအတွင်းမှ ကလေးများကို အပြင်ကယ်ထုတ်ရန် အချိန်မည်မျှကြာမည်ကို မသိရသေး

**ဗန်ကောက် ဇူလိုင် ၅**

ထိုင်းနိုင်ငံမြောက်ပိုင်း ရေမြုပ်နေသော ဂူတစ်ခုအတွင်းရှိ ပိတ်မိနေသော ကလေးများကို အပြင်ဘက်သို့ ကယ်ထုတ်ရန် အချိန်မည်မျှကြာမည်ကို မည်သူမျှ အတိအကျမပြောနိုင်သေးကြောင်း ထိုင်းအစိုးရ အဆင့်မြင့်အရာရှိတစ်ဦးက မကြာသေးမီက ပြောခဲ့သည်။

အသက် ၁၁ နှစ်ရှိ အငယ်ဆုံး ဘောလုံးသမားလေးမှစကာ အသက် ၁၆ နှစ်ရှိ ဘောလုံးသမားလေးများအပါအဝင် စုစုပေါင်း ဘောလုံးသမား ၁၂ ဦးသည် ၎င်းတို့၏ အသက် ၂၅ နှစ်ရှိ နည်းပြ ဆရာနှင့်အတူ ဇွန် ၂၃ ရက်တွင် ချင်းရိုင်ပြည်နယ် မယ်ဆိုင် ခရိုင်အတွင်းရှိ ထမ်လုံဂူအတွင်း ပိတ်မိနေခဲ့ရာမှ ၁၀ ရက်အကြာတွင် ၎င်းတို့ကို ပြန်လည်တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း ကယ်ဆယ်ရေး သမားများက ကလေးငယ်များကို ကယ်ထုတ်ရန် အချိန်မည်မျှ ကြာဦးမည် နည်းဆိုသည်ကို မခန့်မှန်းနိုင်သေးကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး နာရွှန်ဆက်က ပြောခဲ့သည်။

ဂူအတွင်းမှ အပြင်ကို ကယ်ထုတ်ရန် စောင့်ဆိုင်းနေစဉ်အတွင်း ထိုင်းရေတပ် အထူးတပ်ဖွဲ့က ကလေးငယ်များကို အောက်ဆီဂျင်ပိုက်တပ် မျက်နှာဖုံးများကို အသုံးပြုကာ ရေငုပ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# လူဦးရေလျော့နည်းကျဆင်းမှုဆိုင်ရာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့ ဂျပန်နိုင်ငံ

**တင်လင်းအောင်**




ဂျပန်နိုင်ငံမှာ လတ်တလော သက်ကြီးလူဦးရေတိုးပွားလာပြီး လူဦးရေကျဆင်းလာမှုဟာ ကျယ်ကျယ်လောင်လောင် ကြားရတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကိုကူရှီကန်တက္ကသိုလ်မှ ပါမောက္ခတစ်ဦးက ဂျပန်နိုင်ငံအနေနဲ့ လျော့နည်းသွားတဲ့ လုပ်အားနဲ့ တိုးပွားလာတဲ့ ဇရာအိုလူဦးရေတို့ကို ဖြေရှင်းဖို့ လူဝင်မှုကြီးကြပ်ရေးအပေါ် အပြုသဘောဆောင်တဲ့ အမျိုးသားဆွေးနွေးမှုတွေ လုပ်သင့်တယ်လို့ သုံးသပ်ထားပါတယ်။

ဂျပန်နိုင်ငံရဲ့ လျော့နည်းသွားတဲ့ လူငယ်လူဦးရေအပေါ် တိုးတက်အောင် လျင်လျင်မြန်မြန် အဖြေရှာဖွေမှုတွေ လုပ်ဆောင်ရတော့မှာပဲဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှစကာ ဂျပန်နိုင်ငံရဲ့ စုစုပေါင်းလူဦးရေဟာ ဆက်တိုက်ကျဆင်းလာခဲ့တယ်လို့ သိရပါတယ်။

### လူဦးရေ လျော့နည်းကျဆင်းမှုတွေဖြစ်

လူဦးရေနဲ့ လူမှုလုံခြုံရေးသုတေသန အမျိုးသားအင်စတီကျုကလာမယ့် ၂၀၆၅ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့ လူဦးရေဟာ ၈၈ ဒသမ ၀၈ ရာခိုင်နှုန်းလောက် ဆက်လက်ကျဆင်းလာနိုင်ကြောင်း၊ အဲဒီလူဦးရေထဲမှာမှ ကုန်ထုတ်လုပ်နိုင်စွမ်း သို့မဟုတ် အလုပ်လုပ်နိုင်စွမ်းပမာဏ အသက် ၁၅ နှစ်မှ ၆၄ နှစ်အထိဟာ ပျမ်းမျှအားဖြင့် ပြောရမယ်ဆိုရင် ၄၅ ဒသမ ၂၉ ရာခိုင်နှုန်းနဲ့ အသက်ကြီးပိုင်းပမာဏ အသက် ၆၅ နှစ်နဲ့ အထက်ဟာ ၃၈ ဒသမ ၄ ရာခိုင်နှုန်းလောက်ရှိမယ်လို့ ဆက်လက်ခန့်မှန်းတွက်ချက်ထားပါတယ်။

ဂျပန်နိုင်ငံရဲ့ဇရာအိုလူဦးရေဟာ ကမ္ဘာပေါ်မှာ အမြင့်ဆုံးဖြစ်ပါတယ်။ တခြားဘယ်နေရာမှာမှ မတွေ့ဖူး

> "ဂျပန်နိုင်ငံရဲ့ဇရာအိုလူဦးရေဟာ ကမ္ဘာပေါ်မှာ အမြင့်ဆုံးဖြစ်ပါတယ်။ တခြားဘယ်နေရာမှာမှ မတွေ့ဖူးသေးတဲ့ပမာဏနဲ့ မြင့်တက်လာခြင်းပဲ ဖြစ်ပါတယ်။ လူဦးရေနဲ့ လူမှုလုံခြုံရေး သုတေသန အမျိုးသားအင်စတီကျု (အိုင်ပီအက်စ်အက်စ်)က လက်ရှိ ဂျပန်နိုင်ငံရဲ့စုစုပေါင်း လူဦးရေ ၁၂၆ သန်းနဲ့ နှိုင်းစာရင် လာမယ့် ၂၀၄၀ ပြည့်နှစ်မှာ ၁၁၀ ဒသမ ၉၂ သန်းလောက်သာ ရှိတော့မှာဖြစ်ကြောင်း ခန့်မှန်းထား"

သေးတဲ့ ပမာဏနဲ့ မြင့်တက်လာခြင်းပဲ ဖြစ်ပါတယ်။ လူဦးရေနဲ့ လူမှုလုံခြုံရေး သုတေသနအမျိုးသားအင်စတီကျု (အိုင်ပီအက်စ်အက်စ်)က လက်ရှိ ဂျပန်နိုင်ငံရဲ့စုစုပေါင်း လူဦးရေ ၁၂၆ သန်းနဲ့ နှိုင်းစာရင် လာမယ့် ၂၀၄၀ ပြည့်နှစ်မှာ ၁၁၀ ဒသမ ၉၂ သန်းလောက်သာ ရှိတော့မှာဖြစ်ကြောင်း ခန့်မှန်းထားပါတယ်။ အဲဒီ စုစုပေါင်းလူဦးရေထဲမှာမှ ကုန်ထုတ်လုပ်နိုင်စွမ်း သို့မဟုတ် အလုပ်လုပ်နိုင်စွမ်းပမာဏ အသက် ၁၅ နှစ်မှ ၆၄ နှစ်အထိဟာ ပျမ်းမျှအားဖြင့် ပြောရမယ်ဆိုရင် ၅၉ ဒသမ ၇၈ ရာခိုင်နှုန်းနဲ့ အသက်ကြီးပိုင်းပမာဏ အသက် ၆၅ နှစ်နဲ့ အထက်ဟာ ၃၅ ဒသမ ၃ ရာခိုင်နှုန်းလောက်အထိ ရောက်ရှိလာမှာဖြစ်ပါတယ်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာမှာ အစိုးရတာဝန်ယူပြီးနောက် သူ့ရဲ့ အာဘေးစီးပွားရေး တိုးတက်မှု မဟာဗျူဟာကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ သို့သော်လည်း လူဦးရေလျော့နည်းကျဆင်းလာမှုဟာ ဂျပန်နိုင်ငံအတွက် အဓိကစိန်ခေါ်မှုကြီးတစ်ခု ဖြစ်လာပါတယ်။

### အလုပ်တွေပိနေ

အဲဒီ လူဦးရေလျော့နည်းလာတဲ့အပေါ် ချက်ချင်းကြီး ပြောင်းလဲမှုတွေ လုပ်ဖို့မလွယ်ပါဘူး။ အနာဂတ်အစီအမံတွေ ချမှတ်ပြီး အသေအချာလုပ်ဆောင်ရမှာပဲဖြစ်ပါတယ်။ လူဦးရေကျဆင်းလာတဲ့အတွက် ကုန်ထုတ်လုပ်မှုမှာ အခက်အခဲတွေ တွေ့ရသလို လူတွေဟာ ၂၄ နာရီနီးပါး အလုပ်လုပ်နေရတယ်လို့ လေ့လာသိရှိရပါတယ်။

တချို့ဆိုရင် အလုပ်လုပ်နေရင်းနဲ့ ဖိအားတွေများပြီး သေဆုံးမှုတွေရှိခဲ့သလို တချို့ဆိုရင် သေကြောင်းကြံစည်မှုတွေ လုပ်တဲ့အထိတောင် ရှိလာကြပါတယ်။ လူဦးရေကျဆင်းလာသလို သက်ကြီးလူဦးရေများလာတဲ့အတွက် လူငယ်လူလတ်တွေဟာ အလုပ်ကို ပိုလုပ်ရပါတယ်။ အဲဒီလိုလုပ်ခြင်းဖြင့် သူတို့ရဲ့ပျော်ရွှင်မှုတွေပျောက်ဆုံးခဲ့သလို စက်ရုပ်လူသားတွေနဲ့တောင် ခပ်ဆင်ဆင်တူနေပါတယ်။ ပြီးတော့လည်း လုပ်သားပြတ်လပ်တဲ့ ပြဿနာတွေကို ဂျပန်နိုင်ငံက ရင်ဆိုင်နေရပါတယ်။

လတ်တလောမှာတော့ ဂျပန်နိုင်ငံဟာ သူ့ရဲ့ ကျဆင်းလာနေတဲ့ လူဦးရေနဲ့ လုပ်သားအင်အားပြတ်လပ်မှုကို ရွှေ့ပြောင်းအခြေချမှုတစ်ခုတည်းနဲ့ အစားထိုးလျက်ရှိပါတယ်။ အကယ်၍ လူဦးရေလျော့နည်းကျဆင်းလာမှုဟာ ဂျပန်လူ့ဘောင်အဖွဲ့အစည်းကို ထိခိုက်မှုရှိတယ်ဆိုရင် လူဝင်မှုကြီးကြပ်ရေးကိုသာ တိုးမြှင့်ဖို့ စတင်လုပ်ဆောင်ဖို့ပဲရှိပါတယ်။

ဂျပန်နိုင်ငံဟာ လူဦးရေလျော့နည်းကျဆင်းနေတာတောင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေနဲ့ လူငယ်လူရွယ်တွေဟာ ပြေးလွှားရုန်းကန်လှုပ်ရှားနေကြရပါတယ်။ ဒီလိုအခြေအနေမှာ နိုင်ငံခြားလူ့စွမ်းအားအရင်းအမြစ်တွေကို အသုံးပြုမှုဟာ မြင့်တက်လာပြီး ၎င်းနဲ့ သက်ဆိုင်တဲ့ မူဝါဒတွေဟာလည်း လျင်လျင်မြန်မြန်ပဲ ထွက်ပေါ်လို့လာခဲ့ပါတယ်။

### လူဦးရေလျော့နည်းမှုကို မဖြေရှင်းနိုင်

ဂျပန်အစိုးရဟာ သူ့ရဲ့ နိုင်ငံခြားသားအလုပ်သမားတွေကို အလုပ်သင်ကျွမ်းကျင်မှုလုပ်ကိုင်ကြုံတွေ့ရမှုစနစ်နဲ့ လက်ခံတဲ့အခြေအနေကို တိုးမြှင့်ခဲ့ပါတယ်။ အလုပ်သင်ကျွမ်းကျင်မှုစနစ်နဲ့ လက်ခံတဲ့ အလုပ်သမားတွေဟာ လတ်တလော လုပ်သားအင်အားပြတ်လပ်မှုကို ခဏတာ သက်သာစေနိုင်သော်လည်း ရေလတ်နဲ့ ရေရှည်ကာလတွေမှာ လူဦးရေလျော့နည်းမှုကို ဖြေရှင်းနိုင်မယ် မထင်ပါဘူး။

ရွှေ့ပြောင်းအခြေချသူတွေကို ပိုမိုလက်ခံခြင်းကို အစိုးရကော်မတီဟာ ၂၀၁၄ ခုနှစ် ဇွန်လမှာ ဆွေးနွေးခဲ့သော်လည်း ဂျပန်နိုင်ငံဟာ သူ့ရဲ့လူဦးရေကို လာမယ့် နှစ် ၅၀ အတွင်းမှာ သန်း ၁၀၀ လောက်မှာပဲ ရှိစေချင်တာပါ။

အဲဒီရည်မှန်းချက်ကို ရောက်ဖို့ အစိုးရရဲ့ ခန့်မှန်းခြေဟာ ဘာကို ညွှန်ပြသလဲဆိုတော့ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ ကလေးမွေးဖွားနှုန်းဟာ ၁ ဒသမ ၈ ရာခိုင်နှုန်းအထိ ရှိရမှာဖြစ်ပြီး ၂၀၄၀ ပြည့်နှစ်မှာတော့ ကလေးမွေးဖွားနှုန်းဟာ ၂ ဒသမ ၀၇ ရာခိုင်နှုန်းအထိ ရောက်ရမယ်လို့ ဆိုထားပါတယ်။ သို့သော်လည်း ၂၀၁၆ မှာတော့ ကလေးမွေးဖွားနှုန်းဟာ ၁ ဒသမ ၄၄ ရာခိုင်နှုန်းခန့်သာရှိခဲ့ပြီး ခန့်မှန်းထားတာထက် ပိုမိုလျော့နည်းလာခဲ့ပါတယ်။

ဒါကြောင့် လူဦးရေတိုးပွားဖို့ဆိုရင် လူမှုသဘာဝပတ်ဝန်းကျင်ကို တိုးတက်စေမယ့် ကောင်းတဲ့အကြံမှန်သမျှကို ကြံဆိုရမှာဖြစ်ပါတယ်။ ဥပမာ ကလေးမွေးဖွားခြင်းနှင့် ကလေးငယ်တွေကို ကြီးပြင်းလာအောင် စောင့်ရှောက်ခြင်းဆိုတဲ့ ကောင်းတဲ့အကြံတွေကို ကြံဆိုရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ကလေးမွေးဖွားနှုန်းကို ကြည့်မယ်ဆိုရင် အမှန်တကယ်ပဲ လူဦးရေတိုးတက်အောင် လုပ်ဆောင်နိုင်မှာလားဆိုတဲ့အပေါ် ဝိရောဓိဖြစ်နေတုန်းပဲ ရှိပါသေးတယ်။

ကုန်ထုတ်လုပ်မှုပိုင်းမှာ ရွှေ့ပြောင်းအခြေချသူတွေအပေါ် မှီခိုတာဟာ ဂျပန်နိုင်ငံ လူဦးရေလျော့နည်းလာမှုကို ဖြေရှင်းဖို့ အဖြေတစ်ခုတော့ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ သို့သော်လည်းပဲ အမြဲတမ်းတော့ ပုံသေကားချပ်လိုတော့ ရှိမှာမဟုတ်ပါဘူး။

ဂျပန်အစိုးရဟာ လူဦးရေလျော့နည်းကျဆင်းလာခြင်းအပေါ် ရေတို၊ ရေရှည်အစီအစဉ်တွေ ချမှတ်ဖော်ဆောင်သင့်ပါတယ်။ ရွှေ့ပြောင်းလုပ်သားအင်အားတွေကို အားကိုးခြင်းဟာ သစ်မရှိခင် ဝါးပေါင်းကွပ်ဆိုသလို ခဏတာသက်သာမှု၊ ဖြေရှင်းမှုတော့ ပေးကောင်းပေးနိုင်မှာပါ။

### ကုန်ထုတ်စွမ်းအား မြှင့်တင်ဖို့

ရွှေ့ပြောင်းလုပ်သားတွေဆိုတာ အမြဲတမ်းရွှေ့ပြောင်းနေထိုင် အခြေချတဲ့သူတွေ ဖြစ်ပါတယ်။ ရေကြည်ရာ မြက်နုရာဆိုသလို ၎င်းတို့နဲ့သင့်တော်တဲ့ နေရာတွေကို အမြဲတမ်းလှည့်လည်သွားလာနေထိုင်သူတွေသာ ဖြစ်ပါတယ်။ ဆိုတော့ ဂျပန်အစိုးရအနေနဲ့ ဒီအခြေအနေပေါ်မှာ အမြဲတမ်းယုံကြည်အားကိုးလို့ နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။

၂၀၁၆ ခုနှစ်အကုန် ဂျပန်မှာရှိတဲ့ နိုင်ငံခြားသား ၂၃၈၂၈၂၂ ဦးခန့် ၈၀ ရာခိုင်နှုန်းဟာ ရွှေ့ပြောင်းအခြေချသူတွေ ဖြစ်ပါတယ်။ ၄၄ ဒသမ ၇ ရာခိုင်နှုန်းကတော့ အမြဲတမ်းနေထိုင်သူတွေ ဖြစ်ပါတယ်။ ဒီပမာဏဟာ အနောက်နိုင်ငံတွေနဲ့ ယှဉ်ကြည့်ရင် နည်းတယ်လို့ ဆိုနိုင်သော်လည်း ဂျပန်နိုင်ငံအတွက်မူ အမျိုးသားသန်းခေါင်စာရင်းအရ ၂၀၀၀-၂၀၁၅ ခုနှစ်အထိ ဂျပန်နိုင်ငံသားတွေဟာ ၀ ဒသမ ၉ ရာခိုင်နှုန်း လျော့နည်းသွားခဲ့သော်လည်း ရွှေ့ပြောင်းအခြေချနေထိုင်သူတွေဟာ ၃၃ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးလာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒါကြောင့် ဂျပန်အစိုးရဟာ သူ့ရဲ့ အစီအစဉ်ဖြစ်တဲ့ ကလေးမွေးဖွားနှုန်း မြင့်တက်လာအောင် ဆောင်ရွက်ရမှာဖြစ်သလို အဲဒီလို လူမှုပတ်ဝန်းကျင် တိုးတက်မှုဖြစ်လာမယ့် ကလေးမွေးဖွားခြင်း၊ ပြုစုစောင့်ရှောက်ခြင်းတွေကိုလည်း အစိုးရရဲ့ အရေးကြီးတဲ့ မူဝါဒတစ်ရပ်အနေနဲ့ လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ကလေးမွေးဖွားနှုန်း မြင့်လာလေလေ အသက်ကြီးလူဦးရေတိုးပွားလာမှုလျော့ချရေးကို တစ်ဖက်တစ်လမ်းက အထောက်အပံ့ပေးလေလေဖြစ်လာမှာဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့လည်း ဆိုခဲ့ပြီးတိုင်း ရွှေ့ပြောင်းအလုပ်သမားတွေဟာ ခဏတာအားကိုးလို့ ရနိုင်သော်လည်း ရေတို၊ ရေရှည်ကဏ္ဍတွေတော့ ကိုယ့်တိုင်းဌာနီ ကိုယ့်ပြည်က ကိုယ့်မျိုးဆက်သစ်တွေသာ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဂျပန်အစိုးရဟာ သူ့ရဲ့အနာဂတ်ကလေးငယ်တွေအတွက် တာဝန်ရှိသလို ဂျပန်လူ့အသိုင်းအဝိုင်းထဲသို့ ရောက်လာတဲ့ ရွှေ့ပြောင်းအခြေချသူတွေကိုလည်း အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရမူဝါဒတွေကို အဘက်ဘက်မှ ထိန်းညှိရင်း လူဦးရေလျော့နည်းကျဆင်းလာမှုကို ဖြေရှင်းနိုင်မယ့် အကောင်းဆုံးနည်းလမ်းတွေ ရှာဖွေရမှာဖြစ်ပါတယ်။ ထိုသို့ လုပ်ဆောင်နိုင်မှ ဂျပန်နိုင်ငံဟာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်လာမှာဖြစ်ပါတယ်။

အလုပ် လုပ်ကိုင်နိုင်စွမ်းရှိသူတွေ လျော့နည်းပြီး သက်ကြီးလူဦးရေတိုးပွားလာခြင်းကလည်း ဂျပန်နိုင်ငံကို ရေရှည်မှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတဲ့ နိုင်ငံတစ်ခုဖြစ်စေမှာ မဟုတ်ပါဘူး။ တစ်ဖက်ကလည်း တိုးတက်လာတဲ့ သက်ကြီးလူဦးရေကို ထိန်းညှိရင်း တစ်ဖက်ကလည်း လျော့နည်းနေတဲ့ အလုပ်လုပ်နိုင်စွမ်းရှိတဲ့ လူငယ်တွေ တိုးလာဖို့ရာ ဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။ ။

**ကိုးကား- ချန်နယ်နယူးအေးရှ**



# အသုံးပြုပြီး ဆေးထိုးအပ်ဖျက်ဆီးသောစက် မင်္ဂလာဒုံစစ်ဆေးရုံသို့ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၅**

ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံ၊ စစ်ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံများနှင့် အန်ဂျီအိုဆေးခန်းများတွင် နေ့စဉ်ဆေးထိုးအပ်များကို အသုံးပြုလျက်ရှိပြီး လူနာမျိုးစုံကို ကုသပေးရသောကြောင့် ရောဂါပိုးပါရှိသော ဆေးထိုးအပ်မှတစ်ဆင့် ရောဂါပျံ့နှံ့မှုမရှိစေရန် အသုံးပြုပြီးဆေးထိုးအပ်များအား ဖျက်ဆီးသောစက်ပစ္စည်းကို ဆေးရုံ၊ ဆေးခန်းအချို့တွင်လည်း အသုံးပြုလျက်ရှိရာ တပ်မတော်သားများသာမက ပြည်သူလူထုကိုပါ ကုသပေးလျက်ရှိသော မင်္ဂလာဒုံ အမှတ်(၁) စစ်ဆေးရုံ(ခုတင်-၁၀၀၀)ကြီးတွင် ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက ဆေးထိုးအပ်ဖျက်ဆီးသော စက်တစ်လုံးကို အလှူရှင်တစ်ဦးက လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဆေးရုံတွေမှာ ဒီဆေးထိုးအပ်ဖျက်ဆီးတဲ့စက်က အထူးအသုံးဝင်ပါတယ်။ ဆေးထိုးအပ်ကို အမိကဖျက်ဆီးပေးတာပါ။ ဆေးထိုးအပ်အသုံးပြုတဲ့နေရာတိုင်းမှာ သုံးလို့ရပါတယ်။ HIV၊ AIDS ဝေဒနာရှင်တွေကို ဆေးထိုးပေးပြီးရင် အပ်မှာအင်ဖက်ရှင်ပါသွားတာကြောင့် ပိုးကိုသတ်ဖို့ ဆေးထိုးအပ်ကိုစက်ထဲထည့်လိုက်ရင် အပ်က ပြာအဖြစ်အောက်ကိုကျသွားတဲ့အတွက် ပိုးသတ်ပြီးသား ဖြစ်သွားပါတယ်။ ဆေးရုံအုပ်တွေ သဘောကျကြပါတယ်။ တစ်နေ့ကို မက်စီမန်တစ်သောင်းခွဲကို ဆက်တိုက်ဖျက်ဆီးလို့ ရပါတယ်။ ၁၅ မိနစ်နားပြီးရင် ဆက်ပြီးအသုံးပြုလို့ရတဲ့စက်ပါ။ အဲဒီစက်ကို လှူဒါန်းတာပါ"ဟု Lavender Blossom ကုမ္ပဏီ၏ အလှူရှင်တစ်ဦးဖြစ်သော ဒေါ်သီဂီနွယ်က ပြောသည်။

မြန်မာပြည်တွင် ဆေးထိုးအပ်ဖျက်ဆီးသောစက်ကို ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင် ဆေးရုံ၊ ဆေးခန်းအချို့တွင်သာ စတင်အသုံးပြုခဲ့ပြီး Burn-it အမည်ရှိ အသုံးပြုပြီးဆေးထိုးအပ်များကို ပြာကျသွားသည်အထိ ဖျက်ဆီးသောစက်ကို အသုံးမပြုသော ဆေးရုံ၊ ဆေးခန်းများမှာ ဆေးထိုးအပ်ကိုစက်အတွင်းထည့်၍ လက်ဖြင့်ညစ်ရသော စက်ကိုသာ အသုံးပြုသည့်အတွက် လက်နာကျင်မှုကိုခံစားရကာ ယခုအသုံးပြုသောစက်မှာ မီးပလတ်ပေါက်တွင် ကြိုးတပ်ပြီးနောက် ခလုတ်ဖွင့်ပြီး ဆေးထိုးအပ်(ပြွန်အပါအဝင်)ကို ဖြတ်စက်လက်ကိုင်ရှိသည့်ဘက်မှ အပေါက်အတွင်းသို့ ဖြည်းညင်းစွာထည့်၍ ဖြတ်စက်လက်ကိုင်ကို ညှစ်၍ဖြတ်လိုက်ပါက အောက်ခံခွက်အတွင်းသို့ လောင်ကျွမ်းသွားသော ဆေးထိုးအပ်ပြာနှင့် ပြွန်ခေါင်းတို့ရောက်ရှိသွားကာ အောက်ခံခွက်ကိုဆွဲပြီး ပြာကို စွန့်ပစ်နိုင်သော စက်ဖြစ်ကြောင်း သိရသည်။

အသုံးပြုပြီး ဆေးထိုးအပ်ဖျက်ဆီးသောစက်ကို Lavender Blossom ကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်သီဂီနွယ်က လှူဒါန်းရာ အမှတ်(၁) စစ်ဆေးရုံ(ခုတင်-၁၀၀၀)မှ တပ်မှူး ဗိုလ်မှူးချုပ် မြင့်ဇော်က လက်ခံပြီး၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်း-သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**

## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

သဘာဝဘေးအန္တရာယ်များတွင် ကြိုတင်ခန့်မှန်းနိုင်သော ဘေးအန္တရာယ်များ ရှိသကဲ့သို့ ကြိုတင်ခန့်မှန်းရန်ခက်ခဲသော ဘေးအန္တရာယ်များလည်း ရှိပါသည်။

ဘေးအန္တရာယ်တစ်ခုခု ကြုံတွေ့လာပါက အောက်ပါတို့ကို ဂရုပြုဆောင်ရွက်ပါ။

၁။ မိုးလေဝသသတင်းများနှင့် ဘေးအန္တရာယ်သတိပေးချက်များကို သတိပြုပါ။
၂။ ကျန်းမာရေးသတိပေးနှိုးဆော်ချက်များကို သတိပြုလိုက်နာဆောင်ရွက်ပါ။
၃။ ဘေးအန္တရာယ်မကျရောက်မီကတည်းက အရေးပေါ် ဆေးသေတ္တာ၊ အစားအစာ၊ သောက်သုံးရေ နှင့် အခြားလိုအပ်သည်များ ကြိုတင်စုဆောင်းပြင်ဆင်ထားရှိပါ။
၄။ သန့်ရှင်းသောသောက်သုံးရေနှင့် အစားအစာများကိုသာ စားသုံးပါ။
၅။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
၆။ ဘေးအန္တရာယ်ကျရောက်ရာဒေသများ၌ ကျန်းမာရေးဝန်ထမ်းများမှ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းကူညီပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# JMC-U ၏ (၁၈)ကြိမ်မြောက် အစည်းအဝေးကို စက်တင်ဘာလ ဒုတိယပတ်တွင် ကျင်းပနိုင်ရေး လျာထားဆုံးဖြတ်

ရန်ကုန် ဇူလိုင် ၅

**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ (၁၇) ကြိမ်မြောက် အစည်းအဝေး(တတိယနေ့)ကို ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ရန်ကုန်ရုံး၌ ကျင်းပသည်။**

အဆိုပါ အစည်းအဝေးကို ဇူလိုင် ၃ ရက်မှ ယနေ့အထိ သုံးရက်ကြာ ကျင်းပခဲ့ပြီး အစည်းအဝေးတွင် JMC-S နှင့် JMC-L တို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုဆွေးနွေး အတည်ပြုနိုင်ခဲ့သည့် အပြင်၊ JMC အဆင့်ဆင့်တွင် ပါဝင်သော အရပ်သားကိုယ်စားလှယ်များ၏ လုပ်ငန်းလမ်းညွှန်အား ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ သင်တန်း လမ်းညွှန်များကို ဆွေးနွေးအတည်ပြုခြင်းနှင့် (၁၈)ကြိမ်မြောက် JMC-U အစည်းအဝေးကို လာမည့်စက်တင်ဘာလ ဒုတိယပတ်တွင် ကျင်းပနိုင်ရေးတို့အား လျာထားဆုံးဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ JMC - U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ဗိုလ်မှူးချုပ် ကျော်ဇံမြင့်(ငြိမ်း)၊ JMC-U ဒုတိယဥက္ကဋ္ဌ (၁)စောအိုင်းဇက်ဖိုးနှင့် တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့မှ ခေါင်းဆောင်များ၊ JMC-U ဒုတိယဥက္ကဋ္ဌ (၂) ဦးစိုင်းမျိုးသန့်နှင့် အရပ်သားကိုယ်စားလှယ်များ၊ JMC-S နှင့် JMC-L တို့မှ ကော်မတီဝင်များ၊ နည်းပညာအထောက်အကူပြုရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ညှိနှိုင်းပူးပေါင်းဆောင်ရွက်**

ယနေ့ အစည်းအဝေးအပြီး ညနေပိုင်းတွင် JMC-U အတွင်းရေးမှူး (၂)ဗိုလ်မှူးကြီး ဝဏ္ဏအောင်နှင့် JMC-U ကော်မတီဝင် ဆလိုင်းယောအောင်တို့က သုံးရက်ကြာ အစည်းအဝေးနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရာ သတင်းမီဒီယာများ၏ သိလိုသည့် မေးမြန်းချက်များအပေါ် JMC-U အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်က "ကျွန်တော်တို့ JMC ဟာ ပစ်ခတ်တိုက်ခိုက်မှုလျှော့နည်းအောင် ဆောင်ရွက်ရမယ့် ရည်ရွယ်ချက်ဖြစ်ပါတယ်။ ကြားကာလတိုးတက်မှုကတော့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ အစိုးရကြားမှာ ပစ်ခတ်တိုက်ခိုက်မှုတွေ သိသိသာသာ မရှိသလောက်ကို လျှော့နည်းသွားတဲ့ အနေအထားကတော့ JMC ရဲ့ တိုးတက်မှုပဲ ဖြစ်ပါတယ်။ လျှော့ကျမှုကို ရာခိုင်နှုန်းနဲ့ပြောမယ်ဆိုရင် ၈၀ ရာခိုင်နှုန်းလောက် လျှော့ကျသွားပါတယ်။ ဒီလို JMC က တစ်ဖက်မှာတိုးတက်အောင်မြင်အောင် လုပ်ဆောင်နေတဲ့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)အနေနဲ့ကလည်း နိုင်ငံရေးဆွေးနွေးပွဲတွေကို အောင်အောင်မြင်မြင်၊ အေးအေးချမ်းချမ်း လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ JMC လုပ်ငန်းတွေမှာ စိန်ခေါ်မှုကတော့ သီးခြားမရှိပါဘူး။ JMC သက်တမ်းကလည်း သုံးနှစ်ထဲမှာပဲ ရှိပါသေးတယ်။ နှစ်ပေါင်း ၆၀ ကျော်ပဋိပက္ခတွေကို ဖြေရှင်းတဲ့နေရာမှာ တစ်ယောက်နဲ့တစ်ယောက် စိတ်တူဖို့ကတော့ အများကြီးညှိနှိုင်းပြီးတော့ ပူးပေါင်းလက်တွဲဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်"ဟု ပြန်လည်ဖြေကြားသည်။

ထို့အပြင် JMC အနေဖြင့် လာမည့် (၂၀)ရာစု ပင်လုံညီလာခံတွင် JMC အစီရင်ခံစာကို တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ (၁)စောအိုင်းဇက်ဖိုးက ဖတ်ကြားတင်သွင်းသွားမည်ဖြစ်ကြောင်း၊ အစီရင်ခံစာတွင် JMC ၏ စတင်ဖွဲ့စည်းမှု၊ JMC ၏ရည်ရွယ်ချက်နှင့်အခြေခံမူများ၊ JMC-S ရုံး (၅) ရုံးဖွဲ့စည်းမှု၊ ဒေသဆိုင်ရာ JMC-L ရုံး (၂) ရုံးဖွဲ့စည်းမှု၊ TSC ရုံးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှုများနှင့် ယခင်ထက် တိုးမြှင့်ဆောင်ရွက်နိုင်မှုများ ပါဝင်မည်ဖြစ်ကြောင်း၊ JMC ၏ ဘတ်ဂျက်ငွေသည် UN မှတစ်ဆင့် လက်ခံဆောင်ရွက်ခြင်းဖြစ်သောကြောင့် ကုလသမဂ္ဂအနေဖြင့် JMC ၏ SoP ၊ ToR လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ဆန်းစစ်ရာတွင် JMC သည် ကုလသမဂ္ဂ၏ ဆန်းစစ်ချက်အပေါ် လိုက်ပါဆောင်ရွက်နိုင်မှု ၇၀ ရာခိုင်နှုန်းကျော်ရှိနေကြောင်းနှင့် တိုးတက်မှုကို အသိအမှတ်ပြုကြောင်း၊ JMC ၏ ပြီးခဲ့သည့်နှစ် သုံးစွဲနိုင်မှုဘတ်ဂျက်သည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်း သုံးစွဲနိုင်ခဲ့ပြီး ယခုနှစ် ၂၀၁၈ -၂၀၁၉ ခုနှစ်တွင် သုံးစွဲမည့်ဘတ်ဂျက်ကို ထပ်မံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ဒေသခံအရပ်သားစောင့်ကြည့်သူများ(LCM)များ ထပ်မံဖွဲ့စည်းသွားရန် ဆွေးနွေးထားကြောင်း လာမည့်ဘတ်ဂျက်သည် ယခင်နှစ်ထက် ပိုမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းလင်းပြောကြားသည်။

**စောင့်ကြည့်မှုတွေ အားကောင်းလာရင် JMC ရဲ့လုပ်ငန်း အောင်မြင်လာနိုင်**

"ကျွန်တော်တို့ JMC-S နဲ့ JMC-L ရုံးတွေကတော့ မြို့ပေါ်တွေမှာ ဖွဲ့စည်းထားတာပါ။ တကယ်ပဋိပက္ခနေရာမှာ စောင့်ကြည့်တဲ့သူရှိဖို့ လိုပါတယ်။ ဒီစဉ်းစားချက်နဲ့ အရပ်သားစောင့်ကြည့်သူ (LCM)ဆိုတာက သူကိုယ်တိုင် ပဋိပက္ခဒေသမှာရှိတဲ့အတွက် NCA စာချုပ်ပါအချက်တွေနဲ့ တပ်ပိုင်းဆိုင်ရာနှစ်ဖက်လိုက်နာရမယ့် ကျင့်ဝတ် COC ပါအချက်တွေ ဒါတွေကို နှစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းတွေကြားမှာ ဘယ်သူက ချိုးဖောက်တာလဲဆိုတာကို သူ့အနေနဲ့ စောင့်ကြည့်သွားရမှာပါ။ ဒါ့အပြင် ပြည်သူလူထုကို အကာအကွယ်ပေးရမယ့်အချက်တွေ NCA မှာလည်း ပါပါတယ်။ COC မှာလည်း ပါတယ်။ ဒါတွေကို ဒေသခံအရပ်သားစောင့်ကြည့်သူက စောင့်ကြည့်မှာဖြစ်တဲ့အတွက် LCM တွေကို မြန်မြန်လေးဖွဲ့စည်းနိုင်ဖို့ ဒီနေ့ဆွေးနွေးပွဲမှာလည်း ဆွေးနွေးကြပါတယ်။ ဒါဟာ အရေးကြီးတဲ့စောင့်ကြည့်မှုဖြစ်ပါတယ်။ ဒီစောင့်ကြည့်မှုတွေ အားကောင်းလာရင် JMC ရဲ့လုပ်ငန်းတွေဟာ ဒီထက်အောင်မြင်လာနိုင်မှာဖြစ်လို့ LCM တွေကို မြန်မြန်ဖွဲ့စည်းပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် JMC နဲ့ပတ်သက်ပြီး အရပ်သားတွေ ကျယ်ကျယ်ပြန့်ပြန့်သိစေဖို့ အရပ်သားတွေရဲ့ မျက်နှာစုံညီအစည်းအဝေးတွေကို လည်းကျင်းပပေးနေပါတယ်"ဟု JMC-U အတွင်းရေးမှူး(၂)ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ဆိုသည်။

အလားတူ JMC-U ကော်မတီဝင် ဆလိုင်းယောအောင်က "ပထမဦးဆုံး အပစ်အခတ်ရပ်စဲပြီးတဲ့နောက်မှာ တိုးတက်မှုအရပြောမယ်ဆိုရင်တော့ နှစ်ဖက်ကြားထဲမှာ ထိတွေ့မှုတွေ မရှိသလောက်ပါ။ ဒါပေမယ့် ထိတွေ့မှုတွေမရှိသလောက်ဆိုတာ ထိတွေ့မှုတွေရပ်သွားပြီလား ဆိုတော့ ရပ်တဲ့အခြေအနေမျိုးတော့ မရှိသေးပါဘူး ။ အထူးသဖြင့်တော့ ကျွန်တော်တို့ RCSSနဲ့ တပ်ကြားထဲမှာ ထိတွေ့မှုတွေရှိနေတာတော့ရှိပါတယ်။ သို့သော်လည်း အရင်ထက်စာရင်တော့ နည်းသွားတယ်လို့ ပြောလို့ရပါတယ်။ စိန်ခေါ်မှုအနေနဲ့ ကြီးကြီးမားမားပြောရမယ်ဆိုရင်တော့ အဓိကစိန်ခေါ်မှုကတော့ ထိတွေ့မှုတွေလုံးဝမရပ်စဲနိုင်သေးတဲ့အချိန်လို့ ပြောရမှာပါ။ နောက်တစ်ခုကတော့ ကျွန်တော်တို့ JMC ဆိုတာကလည်း နိုင်ငံရေးနဲ့ ဆက်စပ်နေတာဖြစ်တဲ့အခါကျတော့ နိုင်ငံရေး ဆွေးနွေးပွဲတွေကို ချောချောမွေ့မွေ့ဖြစ်နိုင်ဖို့အတွက် ကျွန်တော်တို့ ကြိုးစားရတာပါ။ ဒါပေမယ့် တစ်ဖက်မှာလည်း နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ကျွန်တော်တို့ မျှော်မှန်းထားသလောက် မရောက်တဲ့အခါကျတော့ ကျွန်တော်တို့ကြားထဲမှာလည်း အဲဒါဟာ စိန်ခေါ်မှုတစ်ခုလို့ ပြောချင်ပါတယ်"ဟု ပြောသည်။

ထို့အပြင် ဒေသခံအရပ်သားစောင့်ကြည့်သူ(LCM) များအဖြစ် ပါဝင်ခွင့်ကို ToR ရေးဆွဲထားပြီးဖြစ်ကြောင်း၊ အရည်အချင်းသတ်မှတ်ချက်၊ မည်သည့်အချက်များကို စောင့်ကြည့်ရမည် ၊ စောင့်ကြည့်ရန် သင်ရိုးဇယားများရေးဆွဲထားပြီး ရွေးချယ်ခံရသူများကို သင်တန်းများပို့ချသွားမည်ဖြစ်ကြောင်းနှင့် ကျေးရွာအုပ်စုတစ်ခုတွင် ပါဝင်နိုင်သူ ငါးဦးထိ ဖွဲ့စည်းပြီး ဆောင်ရွက်ရန်ဆုံးဖြတ်ထားကြောင်း၊ ၎င်းတို့အနေဖြင့် JMC-S /JMC-L ရုံးများသို့ သတင်းပို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ LCM များ၏ စောင့်ကြည့်မှုသည် အောက်ခြေအထိ စောင့်ကြည့်သွားမည်ဖြစ်သဖြင့် အရေးပါကြောင်း၊ JMC တွင် ပါဝင်သော အရပ်သားကိုယ်စားလှယ်များ၏ စတုတ္ထအကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးကို ယခု ဇူလိုင်လလယ်ပိုင်းတွင် တောင်ကြီးမြို့၌ကျင်းပသွားရန် လျာထားကြောင်း၊ အဆိုပါ အစည်းအဝေးများမှတစ်ဆင့် အရပ်သားများ JMC အကြောင်း NCA အကြောင်းများကို နားလည်သွားခြင်းဖြင့် ငြိမ်းချမ်းရေးအတွက်ပိုမိုအထောက်အကူပြုစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ယနေ့ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇေဇော်**



ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ (၁၇) ကြိမ်မြောက် အစည်းအဝေး(တတိယနေ့) ကျင်းပအပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

# အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ဘဏ်ခွဲသုံးခုထပ်မံဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၅**

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် (အများနှင့် သက်ဆိုင်သောကုမ္ပဏီ) (AGD Bank Ltd) ၏ ၇၃ ခု ဘဏ်မြောက် ပြင်ဦးလွင်ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မန္တလေး-လားရှိုးလမ်း ရပ်ကွက်ကြီး ၄ (၈)ကွက် အမှတ် ၂၅၅ ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးအောင်ခင်၊ Maymyo Development Group Co., Ltd မှ ဦးအေးကို၊ Htoo Group of Companies မှ Group Managing Director ဦးပြည့်ဖြိုးတေဇ၊ AGD Bank Ltd ဥက္ကဋ္ဌ ဦးသန်းရီနှင့် Managing Director ဦးထူးထက်တေဇတို့က ပြင်ဦးလွင်ဘဏ်ခွဲ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ(**ယာပုံ**) ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနေ့တွင်ပင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် AGD Bank Ltd ၏ ၇၄ ခုဘဏ်မြောက် (တညင်းကုန်းဘဏ်ခွဲ)ကို လည်းကောင်း၊ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်တွင် ၇၅ ခုဘဏ်မြောက် (ဘုန်းကြီးလမ်းဘဏ်ခွဲ)ကို လည်းကောင်း တစ်ပြိုင်နက် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

AGD Bank Ltd ၏ ဘဏ်ခွဲများတွင် ငွေစုစာရင်း၊ အထူးအပ်ငွေစာရင်း၊ စာရင်းရှင်အပ်ငွေစာရင်း၊ စာရင်းသေအပ်ငွေစာရင်း စသည့် အပ်နှံငွေများ လက်ခံခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် ချေးငွေများ ထုတ်ချေးပေးလျက်ရှိခြင်း၊ Hire Purchase System ဖြင့် ပစ္စည်းများ အရစ်ကျဝယ်ယူနိုင်ခြင်း၊ မော်တော်ယာဉ် ပိုင်ဆိုင်မှုအား ဘဏ်သို့ လက်ဝယ်အပ်နှံပြီး ချေးငွေလျှောက်ထားနိုင်ခြင်း၊ ပြည်တွင်း ပြည်ပ ငွေလွှဲလုပ်ငန်း၊ နိုင်ငံခြားငွေလဲလှယ်ခြင်းဝန်ဆောင်မှု၊ နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်နိုင်ခြင်း၊ Debit Card, Credit Card များ ထုတ်ပေးခြင်း၊ Phone Bill,Meter Bill များအား Online မှ ပေးဆောင်နိုင်သည့် Online Payment System ရယူနိုင်ခြင်း၊ AGD Pay,m banking, i. banking များ အသုံးပြု၍ စာရင်းလွှဲပြောင်းခြင်း၊ ငွေလွှဲပို့ပေးခြင်း၊ Phone Bill ဝယ်ယူနိုင်ခြင်းများ ပြုလုပ်နိုင်ခြင်း၊ ဘဏ်အာမခံလက်မှတ် (Bank Guarantee)ထုတ်ပေးခြင်း၊ ငွေပေးအမိန့်လွှာများ ရောင်းချခြင်း စသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**




## တိုက်ကြီးမြို့နယ် ပြည်သူ့ဝန်ဆောင်မှု(OSS)ရုံးသို့ ကွင်းဆင်းကြည့်ရှု

**တိုက်ကြီး ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပြည်သူ့ဝန်ဆောင်မှု (OSS)ရုံးသို့ ဇူလိုင် ၃ ရက် နံနက် ၁၁ နာရီခွဲက ပြည်ထဲရေးဝန်ကြီးဌာန(အမြဲတမ်းအတွင်းဝန်) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်ဌေးနှင့် မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းတို့ လာရောက်၍ ပြည်သူ့ဝန်ဆောင်မှု (OSS)ရုံးတွင် လုပ်ငန်းများလာရောက်ဆောင်ရွက်သည့် ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခြင်း၊ ဌာန ၁၀ ခုမှ ဝန်ဆောင်မှုပေးနေသော လုပ်ငန်းများနှင့်ပတ်သက်၍ မှာကြားခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စန်းကလျာခိုင်(မြန်/ဆက်)**



# ရင်ခွင့်မဲ့ကလေးလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းသို့ အလှူငွေပေးအပ်

**ရန်ကုန် ဇူလိုင် ၅**

ရင်ခွင့်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့တွင် အမှတ် ၆၄ ကမ္ဘာအေးဘုရားလမ်း မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၌ ကျင်းပရာ အလှူရှင် ဦးဇော်မိုးခိုင်-ဒေါက်တာ စောနေနွယ် Pacific - AA Foundation မှ အလှူငွေကျပ် သိန်း ၁၀၀ နှင့် အားဆေး ငွေကျပ် သိန်း ၅၀ ဖိုး စုစုပေါင်း ငွေကျပ် သိန်း ၁၅၀ အား ပေးအပ်လှူဒါန်းရာ ရင်ခွင့်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာ၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာ ပြုံးမိုးအိနှင့် အထောက်အကူပြုအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ခိုင်နွယ်ဦး၊ ဒေါ်ခင်စောမူနှင့် ဒေါ်မြင့်မြင့်ရီတို့က တက်ရောက်၍ အလှူငွေအား လက်ခံရယူခဲ့ကြသည်။ (**အပေါ်ပုံ**)

ထို့နောက် ရင်ခွင့်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာက အသင်းကိုယ်စား အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၅-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၂၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၂၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် | ၉၄၅/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၉၀ ကျပ် | ၉၃၅/၉၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၁၀၁၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၉၈ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၂၉ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၂၃ · ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၄၈ · ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၆၅ · ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၀ · ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ · ၇၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၃၅၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ · ၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၅ · ၅၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ · ၁၆၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး(တာဝန်) - ဝင်းကျော်
စာတည်းမှူး - မြင့်ဆွေ (သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

Gmail mmalin.npt @ gmail.com,
Facebook www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၉၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၉၁၄၅၊ **ဖက်စ်** ၀၆၇-၃၉၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၉၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ဆီမီးဖိုင်နယ်အဆင့်ကို မျှော်လင့်နိုင်တဲ့ ပြင်သစ်

ဝေ မိုး ဆက်



| ၆ ဇူလိုင်လ ၂၀၁၈ | ည ၈း၃၀ | Stadion Nizhny Novgorod |
| --- | --- | --- |

ဇူလိုင် ၆ ရက် (ယနေ့ည) မှာတော့ ၂၀၁၈ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်ပွဲတွေကို စတင်ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါ ကွာတားအဆင့် ပွဲစဉ် (၁)မှာတော့ ဥရုဂွေးနဲ့ပြင်သစ်တို့ ဆုံတွေ့နေလို့ အကြိတ်အနယ်ရှိမှာပါ။

### ဥရုဂွေးရဲ့အခြေအနေ

၁၆ သင်းအဆင့်မှာ ပေါ်တူဂီကို အနိုင်ယူနိုင်ခဲ့တဲ့ ဥရုဂွေးရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိပါတယ်။ တိုက်စစ်မှာ ကာဗာနီနဲ့ ဆွာရက်ဇ်တို့ အကောင်းဆုံးခြေစွမ်းကိုရရှိနေပြီး ဒီပွဲစဉ်မှာလည်း ကာဗာနီပါဝင်ဖို့မသေချာပေမယ့် စတူအာနီလို တိုက်စစ်မှူးကောင်းတစ်ဦးရှိနေသေးတာကြောင့် ဥရုဂွေးတို့တိုက်စစ် ကစားအားကျဆင်းသွားဖို့ မရှိနိုင်တာကို သတိပြုရမှာပါ။

### ပြင်သစ်ရဲ့အခြေအနေ

၁၆ သင်းအဆင့်မှာ အာဂျင်တီးနားကို အနိုင်ရယူနိုင်ခဲ့တဲ့ ပြင်သစ်ရဲ့ခြေစွမ်းပိုင်းလည်း ကောင်းမွန်မှုရှိပါတယ်။ တိုက်စစ်မှာ အမ်ဘာပေခြေစွမ်းပြနေသလို ဂရီဇ်မန်း၊ ဂျီရုဒ်တို့နဲ့တွဲဖက်မိနေတာကြောင့် ထိုးဖောက်ကစားပုံကောင်းမွန်နေသလို ကွင်းလယ်ပိုင်းကလည်း စုဖွဲ့မှုကောင်းမွန်တာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

| သုံးသပ်ချက် | ဒီနှစ်သင်းဟာ ကစားသမားအင်အားရော လက်ရှိအသင်းလိုက်ခြေစွမ်းပိုင်းမှာပါ ကွာဟမှု မရှိပါဘူး။ ဥရုဂွေးက တောင်အမေရိက အသင်းပီပီ အသင်းလိုက်ချိတ်ဆက်မိမှုပိုကောင်းပေမယ့် ပြင်သစ်က ကွင်းလယ်ကစားပုံပိုကောင်းပါတယ်။ ပြင်သစ်ကပ်နိုင်မယ်။ |
| --- | --- |

# ဘရာဇီးကို ရှုံးကြွေးပြန်ဆပ်ဖို့ခက်နေတဲ့ ဘယ်လ်ဂျီယံ

| ၇ ဇူလိုင်လ ၂၀၁၈ | နံနက် ၀၀း၃၀ | Kazan' Arena |
| --- | --- | --- |

လာမယ့် ဇူလိုင် ၇ ရက် နံနက်ပိုင်းမှာလည်း ကွာတားဖိုင်နယ်အဆင့်ပွဲတွေကိုကျင်းပသွားမှာဖြစ်ပြီး ဘယ်လ်ဂျီယံက ၂၀၀၂ ပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်မှာ ရှုံးပွဲကြုံခဲ့ရတဲ့ ဘရာဇီးနဲ့ ပြန်လည်ရင်ဆိုင်ရမှာဖြစ်လို့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

### ဘရာဇီးရဲ့အခြေအနေ

ဘရာဇီးရဲ့ခြေစွမ်းပိုင်းက တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာပါတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေ တည်ငြိမ်မှုရှိနေပါတယ်။ အထူးသဖြင့် လက်ရှိကစားပြီးသမျှ လေးပွဲမှာပေးဂိုးတစ်ဂိုးသာ ရှိခဲ့တဲ့အထိ စွမ်းဆောင်ထားနိုင်တဲ့ခံစစ်ပိုင်းအရည်အသွေးကလည်း ထက်မြက်မှုရှိနေပါတယ်။ ကွင်းလယ်ပိုင်းကလည်း ပံ့ပိုးမှုရော ခံစစ်ကိုပါ အထောက်အပံ့ပေးနိုင်နေတာတွေ့ရပါတယ်။

### ဘယ်လ်ဂျီယံရဲ့အခြေအနေ

၁၆ သင်းအဆင့်မှာ ဂျပန်ကို နှစ်ဂိုးပြတ်အရေးနိမ့်နေရာကနေ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရအောင် ကစားနိုင်ခဲ့တဲ့ဘယ်လ်ဂျီယံရဲ့ခြေစွမ်းပိုင်းကောင်းမွန်မှုရှိတယ်။ ခံစစ်ပိုင်း အနည်းငယ်အားနည်းပေမယ့် တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေထက်မြက်မှုရှိပြီး နေရာစုံ၊ ကစားသမားအစုံကပါ ဂိုးသွင်းခြေရရှိနေတာကို သတိပြုရမှာ ဖြစ်ပါတယ်။

| သုံးသပ်ချက် | ဒီနှစ်သင်းဟာ တိုက်စစ်ပိုင်းခြေစွမ်းကောင်းမွန်ကြတဲ့နှစ်သင်းဖြစ်လို့ ဒီပွဲမှာ အပြန်အလှန်သွင်းဂိုးတွေကို မြင်တွေ့ရနိုင်ပါတယ်။ ဒါပေမယ့် ခံစစ်ပိုင်းကျစ်လျစ်မှုမှာတော့ ဘယ်လ်ဂျီယံထက် ဘရာဇီးရဲ့ခံစစ်က ပိုမိုကောင်းမွန်လို့ ဘရာဇီးပဲ ကပ်နိုင်မယ်။ |
| --- | --- |



## ဂျပန်အသင်း၏ ဝါရင့်ကစားသမား နှစ်ဦး နိုင်ငံတကာကစားသမားဘဝမှ အနားယူ



ဝါရင့်ဂျပန်ကစားသမားနှစ်ဦးသည် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲမှ ဂျပန်အသင်း ထွက်ခဲ့ရပြီးနောက် နိုင်ငံတကာကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာလိုက်သည်။

နိုင်ငံတကာကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း ကြေညာခဲ့သည့် ကစားသမားနှစ်ဦးမှာ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဂျပန်အသင်း၏ ကပ္ပတိန် ကွင်းလယ်ခံစစ်ကစားသမား မာကိုတိုဟာဆီဘီနှင့် တောင်ပံတိုက်စစ်ကစားသမား ကိုင်ဆုကီဟွန်ဒါတို့ဖြစ်သည်။

အသက် ၃၂ နှစ်အရွယ်ရှိ တိုက်စစ်ကစားသမား ဟွန်ဒါသည် အေစီမီလန်အသင်းတွင် ပါဝင်ကစားခဲ့ဖူးသူဖြစ်ပြီး လက်ရှိအချိန်တွင် မက္ကဆီကိုကလပ် ပါချူကာအသင်းတွင် ပါဝင်ကစားနေသူ ဖြစ်သည်။ ဟွန်ဒါသည် ၂၀၀၈ ခုနှစ် မှ စတင်ကာ ဂျပန်လက်ရွေးစင်အသင်းအတွက် ပါဝင်ကစားခဲ့ပြီး နိုင်ငံတကာ ပွဲပေါင်း ၉၇ ပွဲ ပါဝင်ကစားခဲ့ကာ ၃၇ဂိုး သွင်းယူခဲ့သူဖြစ်သည်။

ဟွန်ဒါက "ကျွန်တော်တို့ဟာ ဂျပန် ဘောလုံးအားကစား ဘယ်လောက်အထိ တိုးတက်လာတယ်ဆိုတာကို ပြသနိုင်ခဲ့ပါတယ်၊ ဂျပန်အသင်းမှာ လူငယ်ကစားသမားကောင်းတွေ အများအပြားရှိနေတဲ့အတွက် ကျွန်တော်ပျော်ရွှင်မိတယ်၊ ဂျပန်ဘောလုံးလောကရဲ့သမိုင်းသစ်ရေးထိုးဖို့က အခုဆိုရင် သူတို့ရဲ့တာဝန်ဖြစ်သွားပါပြီ၊ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲက ကျွန်တော့်ရဲ့နောက်ဆုံးကမ္ဘာ့ဖလားပွဲပါ၊ ပြောရမယ်ဆိုရင် ဂျပန်အသင်းနဲ့အတူ အခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နောက်အဆင့်တွေကိုတက်လှမ်းချင်ခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော့်အနေနဲ့ မျှော်လင့်ထားသလို မလုပ်နိုင်ခဲ့ပါဘူး၊ ကျွန်တော် တတ်စွမ်းသမျှတော့ အကောင်းဆုံးကြိုးစားခဲ့ပါတယ်"ဟု ပြောဆိုခဲ့သည်။

ဂျာမနီ ဘွန်ဒက်စ်လီဂါကလပ် ဖရန့်ဖတ်အသင်းတွင် ပါဝင်ကစားနေသူ ကွင်းလယ်ခံစစ်ကစားသမား ဟာဆီဘီ (၃၄ နှစ်)သည် ၂၀၀၆ ခုနှစ်မှ စတင်ကာ နိုင်ငံအသင်းအတွက် ပါဝင်ကစားခဲ့ပြီး နိုင်ငံတကာပွဲပေါင်း ၁၀၈ ပွဲ ပါဝင်ကစားခဲ့ကာ နှစ်ဂိုးသွင်းယူခဲ့သူဖြစ်သည်။ ဟာဆီဘီက နိုင်ငံအသင်းတွင် လက်တွဲကစားခဲ့သည့် ကစားဖော်များကို ချီးကျူးစကားပြောဆိုခဲ့ပြီး ဂျပန်အသင်း၏ ပရိသတ်တစ်ဦးအဖြစ် ဆက်ရှိသွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ဂျပန်အသင်းသည် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ဇူလိုင် ၃ ရက်တွင် ဘယ်လ်ဂျီယံအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်၌ ဦးဆောင်ဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ဘယ်လ်ဂျီယံအသင်း၏ ချေပဂိုးများနှင့် အနိုင်ဂိုး သွင်းယူခံရမှုကြောင့် ပွဲအပြီးတွင် သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

**ထက်အောင်**

## အင်္ဂလန်အသင်းအား ဆွီဒင်အသင်း အနိုင်ရမည်ဟု အဲရစ်ဆင် ဟောကိန်းထုတ်



၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လာမည့် ဇူလိုင်လ ၇ ရက်တွင် ဆွီဒင်အသင်းနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်တွင် အင်္ဂလန်အသင်းအနေဖြင့် ဂိုးသွင်းယူနိုင်ရန် ရုန်းကန်ရနိုင်ကြောင်းနှင့် အဆိုပါပွဲတွင် ဆွီဒင်အသင်းက အနိုင်ရရှိသွားလိမ့်မည်ဖြစ်ကြောင်း ဆွီဒင်လူမျိုး နည်းပြ ဆဗင်ဂိုရန်အဲရစ်ဆင်က ဟောကိန်းထုတ် ပြောဆိုလိုက်သည်။

အသက် ၇၀ အရွယ်ရှိ အဲရစ်ဆင်သည် ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အင်္ဂလန်လက်ရွေးစင်အသင်း၏ မန်နေဂျာအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး အင်္ဂလန်အသင်းမန်နေဂျာအဖြစ် တာဝန်ယူခွင့်ရရှိသည့် ပထမဆုံး နိုင်ငံခြားသား နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သူ ဖြစ်သည်။

အင်္ဂလန်အသင်း၏ မန်နေဂျာဟောင်းဖြစ်သူ အဲရစ်ဆင်က "အင်္ဂလန် အသင်းနဲ့ ဆွီဒင်အသင်းတို့ ရင်ဆိုင်ရမယ့် ကမ္ဘာ့ဖလားပွဲစဉ်မှာ အင်္ဂလန်အသင်းအနေနဲ့ ဂိုးသွင်းယူနိုင်ဖို့ ရုန်းကန်ရမှာပါ၊ အဲဒီပွဲမှာ ဆွီဒင်အသင်း အနိုင်ရရှိသွားလိမ့်မယ်လို့လည်း ကျွန်တော်ယုံကြည်ထားတယ်၊ ကျွန်တော်က ဆွီဒင်နိုင်ငံသားဖြစ်တာကြောင့်လည်း ဆွီဒင်အသင်း အနိုင်ရဖို့ မျှော်လင့်ပါတယ်"ဟု ပြောဆိုခဲ့သည်။

ဆွီဒင်အသင်းသည် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၁၁ ကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးသည့်အသင်းဖြစ်ပြီး နောက်ဆုံးပါဝင်ယှဉ်ပြိုင်မှုနှစ်ကြိမ်ဖြစ်သည့် ၂၀၀၂ နှင့် ၂၀၀၆ ခုနှစ် ပြိုင်ပွဲများတွင် ၁၆ သင်း ရှုံးထွက်အဆင့်မှ ထွက်ခဲ့ရသည့် အသင်းဖြစ်သည်။ အင်္ဂလန်နှင့် ဆွီဒင်အသင်းတို့သည် ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင် သုံးကြိမ်ဆုံတွေ့ခဲ့ပြီး အင်္ဂလန်အသင်းက နှစ်ကြိမ် အနိုင်ရရှိကာ ဆွီဒင်အသင်းက တစ်ကြိမ်အနိုင်ရရှိခဲ့သည်။

၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆွီဒင်အသင်းသည် သွင်းဂိုး ခြောက်ဂိုး ရရှိခဲ့ကာ ပေးဂိုး နှစ်ဂိုးရှိခဲ့ပြီး အင်္ဂလန်အသင်းသည် သွင်းဂိုး ကိုးဂိုး ရရှိခဲ့ကာ ပေးဂိုးလေးဂိုး ရှိခဲ့သည့်အသင်း ဖြစ်သည်။

နည်းပြ အဲရစ်ဆင်က ဆွီဒင်အသင်းအနေဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ က ပါဝင်ယှဉ်ပြိုင်ခဲ့သော ၁၉၅၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် စွမ်းဆောင်နိုင်ခဲ့သကဲ့သို့ ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ထားကြောင်း ပြောဆိုခဲ့သည်။ ဆွီဒင်အသင်းသည် ၁၉၅၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်အထိ တက်ရောက်နိုင်ခဲ့ကာ ဗိုလ်လုပွဲတွင် ဘရာဇီးအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ရသည်။

**ထက်အောင်**

# ကမ္ဘာ့ဖလားနဲ့အတူ Ballon d’Or ဆုကို စိန်ခေါ်နေသူများ

**ကမ္ဘာ့ဖလားမှာခြေစွမ်းပြကစားနိုင်ခြင်းဟာ Ballon d’Or ဆုအတွက် ဆန်ခါတင်စာရင်းမှာပါဝင်နိုင်ဖို့ကတော့ သေချာသလောက်ရှိတယ်လို့ ပြောရမှာပါ။ မက်ဆီနဲ့ ရော်နယ်ဒိုတို့နှစ်ဦးသာ ၂၀၁၀ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်တို့မှာ ကမ္ဘာ့ဖလားမှာ ခြေစွမ်းမပြနိုင်ပေမယ့် ဆုရရှိခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် အခု ၂၀၁၈ ခုနှစ်ကတော့ ကွဲပြားခြားနားမှုတွေ ရှိနေခဲ့ပါပြီ။ မက်ဆီဆိုရင် ဘာစီလိုနာအသင်းနဲ့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ကနေ ထွက်ခဲ့ရတယ်။ ရော်နယ်ဒိုကတော့ ရီးရဲမက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဆုဖလားကို သုံးနှစ်ဆက်တိုက် ရယူပေးနိုင်ခဲ့ပေမယ့် ခြေစွမ်းကောင်းတွေကို ဆက်တိုက်ပြသနိုင်ခြင်း မရှိဘူးလို့ ပြောရမယ်။ ဒါ့အပြင် အာဂျင်တီးနားနဲ့ ပေါ်တူဂီတို့ကလည်း ကမ္ဘာ့ဖလားကို ရှုံးထွက်အဆင့်ကနေ ထွက်ခဲ့ရတယ်။ ဒါကြောင့် ဒီနှစ်ပေးမယ့် Ballon d’Or ဆုဟာ မက်ဆီ၊ရော်နယ်ဒိုတို့ကိုကျော်လွန်ပြီး အခြားကစားသမားတစ်ဦးရဖို့က ဖြစ်နိုင်ခြေများနေပြီ။ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုအတွင်း Ballon d’Or ဆုကို သိမ်းပိုက်ထားခဲ့တဲ့သူတို့နှစ်ဦးရဲ့စိုးမိုးချိန်ကလည်း အဆုံးသတ်ဖို့တန်နေပြီ။ ဒါကြောင့် Ballon d’Or ဆုကို မက်ဆီ၊ ရော်နယ်ဒိုတို့ကို ကျော်လွန်ကာ ရရှိနိုင်တဲ့ကစားသမားတွေကို ဖော်ပြလိုက်ပါတယ်။**



### နေမာ

နေမာဟာ မက်ဆီနဲ့ရော်နယ်ဒိုတို့ ပြီးရင် Ballon d’Or ဆုကိုအရနိုင်ဆုံးသူလို့ အစောပိုင်းကတည်းက ပြောနေခဲ့ကြတာလည်း ဖြစ်ပါတယ်။ အခုကမ္ဘာ့ဖလားမှာလည်း သူ့ရဲ့ခြေစွမ်းက အကောင်းဆုံးရှိနေသလို ဘရာဇီးအသင်းဟာ ကမ္ဘာ့ဖလားမှာ ဗိုလ်စွဲနိုင်ဖို့ကလည်း အခွင့်အရေးကောင်းတွေရှိနေတယ်။ ကမ္ဘာ့ဈေးအကြီးဆုံး တိုက်စစ်မှူးနေမာဟာ ပြီးခဲ့တဲ့ရာသီအတွင်း ပီအက်စ်ဂျီအသင်းမှာလည်း အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့တယ်။ သူဟာ ပီအက်စ်ဂျီအသင်းနဲ့အတူပြိုင်ပွဲစုံ ၂၈ ပွဲပါဝင်ကစားပြီး ၂၉ ဂိုးသွင်းယူပြီး ဂိုးရရှိဖို့ ၁၆ ကြိမ်တိုင် ပံ့ပိုးပေးထားသူလည်း ဖြစ်တယ်။ သူဟာဒဏ်ရာနဲ့ သုံးလကျော် အနားယူနေခဲ့ရပေမယ့် ဒီနှစ်ကမ္ဘာ့ဖလားမှာတော့ နှစ်ဂိုးသွင်းယူပေးထားပြီး တစ်ဂိုးရရှိအောင်ပံ့ပိုးပေးထားနိုင်တယ်။ ဒါကြောင့် ဒီနှစ် ကမ္ဘာ့ဖလားမှာသာ ဘရာဇီးကမ္ဘာ့ဖလားရရှိခဲ့မယ်ဆိုရင် Ballon d’Or ဆုဟာ နေမာအတွက်ဆိုတာမလွဲဘူးလို့ ပြောရမယ်။

### အမ်ဘာပေ

အမ်ဘာပေဟာ ဒီနှစ်ကမ္ဘာ့ဖလားမှာတော့ အကောင်းဆုံးလူငယ်ကစားသမား တစ်ဦးဆိုတာကို လူတိုင်းလက်ခံထားခဲ့ကြတာလည်း ဖြစ်ပါတယ်။ ပီအက်စ်ဂျီ ကစားသမား အမ်ဘာပေဟာ ပြီးခဲ့တဲ့ ရာသီကအသင်းနဲ့အတူ ၂၁ ဂိုး သွင်းယူပေး ထားပြီး ဂိုးရရှိဖို့ ၁၁ ကြိမ်တိုင် ပံ့ပိုးပေးထားတာလည်း ဖြစ်ပါတယ်။ သူဟာ ပြင်သစ်အသင်း ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အဓိက ကစားသမားအဖြစ် ကစားခွင့် ရတဲ့အချိန်မှာလည်း နိုင်ငံအသင်းနဲ့ သူ့ပရိသတ်တွေအတွက်တော့ စိတ်မပျက် စေခဲ့ပါဘူး။ သူဟာ အုပ်စုပွဲစဉ်ဖြစ်တဲ့ ပီရူးအသင်းနဲ့ပွဲမှာ ဂိုးစတင်သွင်းယူခဲ့ပြီး အာဂျင်တီးနားအသင်းကို နိုင်ခဲ့တဲ့ပွဲမှာတော့ နှစ်ဂိုး သွင်းယူပေးပြီး အကောင်းဆုံးခြေစွမ်းပြ နိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ပြင်သစ်အသင်းဟာ ဒီနှစ်ကမ္ဘာ့ဖလားမှာတော့ ဗိုလ်စွဲဖို့ ရေပန်းစားတဲ့အသင်းတွေထဲမှာလည်း ပါဝင်နေသလို လက်ရှိအသင်းရဲ့ ခြေစွမ်းတွေကလည်း ကောင်းနေတယ်လို့ ပြောရမှာပါ။ ဒါကြောင့်သူဟာ ပြင်သစ်အသင်းအတွက် နောက်ထပ်ဂိုးတွေ သွင်းယူပေးပြီး အသင်းကိုသာ ကမ္ဘာ့ဖလားဆုရယူပေးနိုင်ခဲ့မယ်ဆိုရင်တော့ ဒီနှစ် Ballon d’Or ဆုဟာ သူ့အတွက်ဖြစ်လာနိုင်ပါတယ်။

### ဟယ်ရီကိန်း

တိုက်စစ်မှူးဟယ်ရီကိန်းရဲ့ဂိုးသွင်းနိုင်မှုတွေဟာ ကမ္ဘာ့ဖလားမှာလည်း ရပ်တန့်လို့ မသွားခဲ့ပါဘူး။ ကိုလံဘီယာအသင်းကို နိုင်ခဲ့တဲ့ပွဲမှာလည်း တစ်ဂိုးထပ်မံသွင်းယူ နိုင်ခဲ့တာကြောင့် ဟယ်ရီကိန်းရဲ့လက်ရှိသွင်းဂိုးစုစုပေါင်းဟာ ခြောက်ဂိုးရှိသွားခဲ့ပြီလည်း ဖြစ်ပါတယ်။ ဒီနှစ် ကမ္ဘာ့ဖလား ရွှေဖိနပ်ဆုရရှိဖို့အတွက် အလားအလာအကောင်းဆုံး ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ်မှာလည်း ဂိုးပေါင်း ၃၀ သွင်းယူထားခဲ့တဲ့သူဖြစ်ပါတယ်။ ဒါ့အပြင် ချန်ပီယံလိဂ်မှာ ခုနစ်ဂိုးနဲ့



အက်ဖ်အေဖလားပြိုင်ပွဲမှာ လေးဂိုးသွင်းယူထားတယ်။ ဟယ်ရီကိန်းဟာ ဒီနှစ်ကမ္ဘာ့ဖလားမှာတော့ အသင်းရဲ့ကပ္ပတိန်အဖြစ် ပါဝင်ကစားနေခဲ့သူဖြစ်ပြီး သူ့ရဲ့ ခြေစွမ်းတွေနဲ့အတူ အင်္ဂလန်အသင်းဟာ ကွာတားဖိုင်နယ်ကိုလည်း တက်ရောက်သွားခဲ့ပြီ ဖြစ်ပါတယ်။ သူပါဝင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ သုံးပွဲလုံးမှာ ဂိုးသွင်းယူနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဘယ်လ်ဂျီယံနဲ့ပွဲကတော့ သူပါဝင်မကစားခဲ့သလို အသင်းကလည်း တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့ပါတယ်။ ဒီနှစ် ကမ္ဘာ့ဖလားမှာ အင်္ဂလန်အသင်းရဲ့ကမ္ဘာ့ဖလားဆု အတွက် မျှော်လင့်ချက်မှာ သူဟာအရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေတယ်လို့ ပြောရမှာပါ။ ဒါကြောင့်လည်း သူ့ရဲ့လက်ရှိ ခြေစွမ်းတွေနဲ့အတူ ကမ္ဘာ့ဖလားဆုကိုသာ အင်္ဂလန်အသင်းအတွက် ရယူပေးနိုင်ခဲ့မယ်ဆိုရင်တော့ Ballon d’Or ဆုဟာ သူ့အတွက် ဖြစ်လာဖို့များပါတယ်။

**အောင်က**

> **ကမ္ဘာ့ဖလား ရွှေဖိနပ်ဆုရရှိဖို့အတွက် အလားအလာ အကောင်းဆုံးကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ်မှာလည်း ဂိုးပေါင်း ၃၀ သွင်းယူထားခဲ့တဲ့သူ ဖြစ်ပါတယ်။ ဒါ့အပြင် ချန်ပီယံလိဂ်မှာ ခုနစ်ဂိုးနဲ့ အက်ဖ်အေဖလားပြိုင်ပွဲမှာ လေးဂိုး သွင်းယူထားတယ်။ ဟယ်ရီကိန်းဟာ ဒီနှစ်ကမ္ဘာ့ဖလား မှာတော့ အသင်းရဲ့ကပ္ပတိန်အဖြစ် ပါဝင်ကစားနေခဲ့ သူဖြစ်ပြီး သူ့ရဲ့ ခြေစွမ်းတွေနဲ့အတူ အင်္ဂလန်အသင်း ဟာ ကွာတားဖိုင်နယ်ကိုလည်း တက်ရောက်သွားခဲ့ပြီ ဖြစ်ပါတယ်။ သူပါဝင် ကစားခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ သုံးပွဲလုံးမှာ ဂိုးသွင်းယူနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။**



## ဂျာမနီအသင်းကို ဆက်လက်တာဝန်ယူရန် နည်းပြ ဂျိုချင်လော ဆုံးဖြတ်



၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျာမနီအသင်းအနေဖြင့် စိတ်ပျက်ဖွယ် အခြေအနေကို ကြုံတွေ့ခဲ့ရသော်လည်း ဂျာမနီအသင်းနည်းပြအဖြစ် ဆက်လက်တာဝန်ယူသွားရန် နည်းပြ ဂျိုချင်လော ဆုံးဖြတ်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (F) တွင် ပါဝင်ခဲ့သည့် ဂျာမနီအသင်းသည် အုပ်စုပွဲ သုံးပွဲကစားရာတွင် တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်သာ ရယူနိုင်ခဲ့ခြင်းကြောင့် အုပ်စုအောက်ဆုံးနေရာတွင်သာ ရပ်တည်နိုင်ခဲ့ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည့်အသင်းဖြစ်သည်။

၂၀၀၆ ခုနှစ်တွင် ဂျာမနီအသင်း နည်းပြအဖြစ် စတင်တာဝန်ယူခဲ့သူ နည်းပြ ဂျိုချင်လောသည် ၂၀၁၈ ခုနှစ် မေ ၁၅ ရက်တွင် ဂျာမနီအသင်း နည်းပြအဖြစ် ၂၀၂၂ ခုနှစ်အထိ တာဝန်ယူသွားရန် သက်တမ်းတိုးစာချုပ်ချုပ် ဆိုခဲ့သူဖြစ်သည်။ နည်းပြ ဂျိုချင်လောသည် ၂၀၁၄ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျာမနီအသင်းအား ချန်ပီယံဖြစ်စေရန် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ဂျာမနီအသင်းကို ဆက်လက်တာဝန်ယူရေးနှင့်ပတ်သက်၍ သီတင်းပတ်အတန်ကြာ အချိန်ယူစဉ်းစားခဲ့သော်လည်း ယခုအခါတွင်မူ အချိန်ကာလ ငါးရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂျိုချင်လော အပေါ် ဂျာမနီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရိမ်းဟက်ဂရင်ဒဲလ်က ထောက်ခံမှုများ ပြုလုပ်ခဲ့ပြီးနောက် ဂျိုချင်လောအနေဖြင့် ဂျာမနီအသင်းကို ဆက်လက်တာဝန်ယူသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ နည်းပြ ဂျိုချင်လော၏ လက်အောက်တွင် ဂျာမနီအသင်းသည် ၁၆၅ ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ၁၀၈ ပွဲ နိုင်၊ ပွဲ ၃၀ သရေကျပြီး ၂၇ ပွဲ အရေးနိမ့်ခဲ့သည်။

နည်းပြ ဂျိုချင်လောသည် စတုဂတ်၊ ဖီနာဘာချီ၊ ကားလ်ရူဟာစသည့် ကလပ်များကိုလည်း တာဝန်ယူခဲ့ဖူးသူ ဖြစ်သည်။ နည်းပြ ဂျိုချင်လောသည် ဂျာမနီအသင်းအား ယူရို ၂၀၀၈ ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု၊ ၂၀၁၂ နှင့် ၂၀၁၆ ယူရိုပြိုင်ပွဲများတွင် ကြေးတံဆိပ်ဆု၊ ၂၀၁၀ ပြည့်နှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုတို့ကိုလည်း ဆွတ်ခူးနိုင်စေရန် ဦးဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

**ထက်အောင်**

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၇ခုနှစ်(သို့မဟုတ်)၂၀၁၈ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်မိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၈ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၈ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## (၉၃) နှစ်မြောက်မွေးနေ့မင်္ဂလာ

ပုသိမ်မြို့ (၇၇) မရမ်းချိုလမ်းနေ **ချစ်မေမေ ဒေါ်စန်းမြင့်** ၏ (၆-၇-၂၀၁၈) ရက်နေ့တွင် ကျရောက်သော **၉၃ နှစ်မြောက်မွေးနေ့မင်္ဂလာ** မှသည် နောင်နှစ်ပေါင်း (၁၂၀) တိုင်အောင် နေ့စဉ်ပြုလုပ်မြဲဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာ တရားများကို ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် ပြုလုပ်ဆောင်ရွက်နိုင်ပြီးလျှင် ဝိပဿနာတရားများကို တစ်နေ့တစ်ခြား ပွားများအားထုတ်နိုင်ပါစေကြောင်း ချစ်သော သား၊ သမီး၊ မြေးများက ဆုမွန်ကောင်း တောင်းခြွေကြပါသည်။

| **ချစ်သား၊ ချစ်သမီး** | **ချစ်မြေးများ** |
| --- | --- |
| ဒေါက်တာရဲထွန်း + ဒေါက်တာရီရီမြင့် | Raymand Ye, Michael Ye |
| ဒေါက်တာစိန်ဝင်း + ဒေါက်တာခင်ခင်မြင့် | ဆုအိန္ဒြေစံ၊ ပြည့်မြတ်ကောင်း၊ ဆုမွန်သဥ္ဇာ |
| ဦးအောင်သန်းဦး + ဒေါ်တင်မာအေး | သူရလင်း၊ မြတ်သူ၊ သိန်းထိုက်အောင် |
| ဦးသောင်းထွန်း + ဒေါ်အေးအေးမြင့် | စုလှဲ့မျိုး၊ မေသူခိုင်၊ ကောင်းမြတ်လင်း |
| ဦးအောင်သိန်းလွင် + ဒေါ်အေးအေးသန်း | ဒီမိုအောင်၊ သန့်စင်ပြုံး |
| ဒေါက်တာနေလင်း + ဒေါက်တာညွန့်ညွန့်စိန် | ဉာဏ်လင်းထက်၊ ထက်ဝတီလင်း |

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့် ယွန်းပညာကောလိပ်
## ပထမနှစ်ကျောင်းသားများခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် သမဝါယမတက္ကသိုလ်/ ကောလိပ်များနှင့် ယွန်းပညာကောလိပ်တွင် အောက်ပါသင်တန်းများဖွင့်လှစ်ပါမည်-

(က) သမဝါယမတက္ကသိုလ် (သန်လျင်၊ စစ်ကိုင်း) တို့မှ ပေးအပ်မည့်ဘွဲ့များမှာ-

(၁) B.BSc (Regional Development)
(၂) B.B.Sc (Accounting and Finance)
(၃) B.BSc (Applied Statistics)
(၄) B.BSc (Marketing Management)
(၅) B.BSc (Social Enterprise Management)

(ခ) သမဝါယမကောလိပ် (ဖောင်ကြီး၊ မန္တလေး)တို့မှ ပေးအပ်မည့်ဒီပလိုမာများမှာ-

(၁) Diploma in Social Enterprise Management (Dip.S.E.M)
(၂) Diploma in Business Management (Dip.B.M)
(၃) Diploma in Banking, Finance and Insurance (Dip. B.F.I)
(၄) Diploma in Regional Development (Dip. R.D)
(၅) Diploma in Financial Management (Dip. F.M)
(၆) Diploma in Business Accounting (Dip.B.Acct)
(၇) Diploma in Marketing Management (Dip.M.M)
(၈) Diploma in Applied Statistics (Dip.A.S)

(ဂ) ယွန်းပညာကောလိပ် (ပုဂံ)
Diploma in Lacquerware Technology (Dip. L.T)

၂။ ဘွဲ့အတွက် သင်တန်းကာလမှာ (၄)နှစ်စီဖြစ်ပြီး ဒီပလိုမာများအတွက် သင်တန်းကာလမှာ (၂)နှစ်စီဖြစ်ပါသည်။

၃။ အဆိုပါသင်တန်းများသို့ တက်ရောက်ရန်အတွက် ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲရမှတ်အပေါ်တွင် မူတည်၍ ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ (သို့မဟုတ်) အောင်ကြောင်း ထောက်ခံစာမူရင်း
(ခ) အမှတ်စာရင်းမူရင်း

၅။ လျှောက်လွှာနှင့်လမ်းညွှန်များကို သမဝါယမဦးစီးဌာန (ညွန်ကြားရေးမှူးချုပ်ရုံး)၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ညွန်ကြားရေးမှူးချုပ်ရုံး)၊ တိုင်းဒေသကြီး/ပြည်နယ်/ မြို့နယ်သမဝါယမဦးစီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများ၊ သမဝါယမတက္ကသိုလ်/ ကောလိပ်များနှင့် ယွန်းပညာကောလိပ်တို့တွင် ဝယ်ယူလျှောက်ထားနိုင်ပြီး လျှောက်လွှာပိတ်ရက်မှာ ၃၁-၈-၂၀၁၈ရက်ဖြစ်ပါသည်။ အသေးစိတ်သိလိုသော အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၃၄၃၊ ၀၆၇-၄၁၀၂၇၃၊ ၀၅၆-၂၃၂၅၆၊ ၀၇၂-၂၃၀၁၄၊ ၀၂-၅၇၁၉၆၊ ၀၁-၆၂၆၀၇၄၊ ၀၆၁-၆၀၂၆၇ များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖောင်းကြွပျောက် လျှော်ထားခြင်း**

ယာဉ်အမှတ် 6L/8790 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန
## ရိက္ခာဆန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံး၊ ကွပ်ကဲမှုအောက်ရှိ လွိုင်ကော်အကျဉ်းထောင်တွင် အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) ကျွေးမွေးရန် လိုအပ်သည့် ငစိန်(သို့မဟုတ်) ဧည့်မထ (၂၅%) ရိက္ခာဆန် ၃၃၆၄ အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် မိမိတင်သွင်းသည့်ဈေးနှုန်းနှင့် ပေးသွင်းရမည့် ရိက္ခာဆန်အိတ်တန်ဖိုးကျသင့်ငွေ၏ (၁%)ကို တင်ဒါအာမခံစပေါ်ငွေအဖြစ် Payment Order Cheque (PO Cheque) ပြုလုပ်ပေးသွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များအား အကျဉ်းဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံး ဖုန်း-၀၈၃-၂၂၂၄၀၇၁ နှင့် အကျဉ်းဦးစီးဌာန၊ လွိုင်ကော်အကျဉ်းထောင် ဖုန်း-၀၈၃-၂၂၂၁၀၀၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၅-၇-၂၀၁၈ရက် ၉း၀၀နာရီ
**တင်ဒါပုံစံ အရောင်းပိတ်ရက်** - ၅-၈-၂၀၁၈ရက် ၁၆း၃၀နာရီ
**တင်ဒါဖွင့်ဖောက်မည့်ရက်** - ၆-၈-၂၀၁၈ရက် ၉း၀၀နာရီ

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## ရုံးအမှတ် (၅၃)၊ နေပြည်တော်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဒုတိယအကြိမ်အမျိုးသားအဆင့်အစီရင်ခံစာ (Second National Communication-SNC) ရေးဆွဲပြုစုရေးစီမံကိန်းတွင် Project Accountant(၁) ဦး ရွေးချယ်ခေါ်ယူခန့်ထားရန်ရှိပါသဖြင့် အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းနှင့် ပြည့်မီသည့် စိတ်ပါဝင်စားသူများသည် ကိုယ်ရေးအချက်အလက်၊ လက်ရှိအလုပ် လုပ်ကိုင်နေသူဖြစ်ပါက သက်ဆိုင်ရာအဖွဲ့အစည်း (သို့မဟုတ်) အကြီးအကဲ၏ ထောက်ခံချက်၊ အသေးစိတ်အချက်အလက်များနှင့်အတူ ၂၀၁၈ခုနှစ် ဇူလိုင် ၂၀ရက် နောက်ဆုံးထား၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် (၅၃)နေ ပြည်တော်သို့ပေးပို့ လျှောက်ထားနိုင်ပါသည်-

(က) **သတ်မှတ်အရည်အချင်း**

(၁) စာရင်းအင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ဒီပလိုမာ(သို့)တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
(၂) သက်ဆိုင်ရာနယ်ပယ်၌ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိရမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
(၃) (Microsoft Word, Excel နှင့် Power Point) အပါအဝင် ကွန်ပျူတာကျွမ်းကျင်ပြီး အထူးသဖြင့် စီမံကိန်းဆိုင်ရာ အချက်အလက်များအား စာရင်းသွင်းထိန်းသိမ်းခြင်း ကျွမ်းကျင်သူဖြစ်ရမည်။
(၄) အင်္ဂလိပ်ဘာသာ(အရေး/အပြော) ကျွမ်းကျင်သူဖြစ်ရမည်။
(၅) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သူ ဖြစ်ရမည်။
(၆) ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူဖြစ်ရမည်။
(၇) အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရမည်။

(ခ) **တာဝန်ထမ်းဆောင်ရမည့်နေရာ** - ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ရုံးအမှတ်(၅၃)၊ နေပြည်တော်
(ဂ) **တာဝန်ထမ်းဆောင်ရမည့်ကာလ** - (၁)နှစ် (၆)လ
(ဃ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(င) Project Accountant ၏ တာဝန်ဝတ္တရားများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် (၅၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၃၂၅၊ E-mail- climatechang.ecd@gmail.com တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တစ်ဦးတည်းဖြစ်ကြောင်း**

စစ်တွေမြို့၊ မင်းဂံရပ်ကွက် အကွက် (၂)နေ မမြင့်မြင့်နွယ်၏ ဖခင် ဦးစော ၁၁/စတန(နိုင်)၁၂၅၅၅၃ နှင့် ဦးအောင်မိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစော(ခ)ဦးအောင်မိုး**

**တစ်ဦးတည်းဖြစ်ကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ စာတိုက်ရပ်ကွက်နေ(ဘ) ဦးတင်မြ၏သား မောင်အောင်ကိုမင်းနိုင် ၇/ကတခ(နိုင်)၁၁၇၁၄၆ နှင့် မောင်မင်းအောင်နိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**အောင်ကိုမင်းနိုင်(ခ)မင်းအောင်နိုင်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးအန်းယော၏သား ခန္တီးမြို့နယ် အထက(ခန္တီး) တက္ကသိုလ်ဝင်တန်းမှ မောင်ဆန်းအောင်နှင့် မောင်ဘန်းအောင် ၅/ခတန(နိုင်)၀၂၉၄၂၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ အထက နဝမတန်း(D)မှ မကေဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဆင်ဗိုလ် ၅/ဆလက(နိုင်) ၁၂၆၄၇၅ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ကျွန်းလှမြို့နယ်၊ ရေရှင်ကျေးရွာ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ထွန်းနိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးနေမျိုးမင်း ၅/ကလန(နိုင်)၀၃၇၈၁၅ ဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

ယင်းမာပင်မြို့နယ်၊ ဆင်စွယ်ကျေးရွာမှ ကျွန်မ မခင်လှိုင် ၅/ယမပ(နိုင်) ၀၆၉၈၂၇ ၏ နိုင်ငံကူးလက်မှတ် No. (မမှတ်မိ)မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၁၁၉၃၁၂**

**မွေးသက္ကရာဇ်အမှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ငြိမ်းထူး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၆-၂၀၀၄ ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ခန္တီးမြို့၊ ပေါမိုင်းရပ် ဦးရဲကိုကျော်၏သမီး မလင်းလက်သီရိနှင့် မလင်းလက်သီရိကျော် ၅/ခတန(နိုင်) ၀၃၅၇၁၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

တန့်ဆည်မြို့၊ အောင်တံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မနှင်းလဲ့ဝေနှင့် ဗန်းမောက်မြို့၊ မြို့မအလက ပဉ္စမတန်းမှ မဆုမွန်သူတို့၏ ဖခင်အမည်မှန်မှာ ဦးမိုးကျော်သူရ ၅/ကဘလ(နိုင်)၁၉၉၉၂၃ ဖြစ်ပါကြောင်း။

## ပိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၉) သူရတပ်ခွဲ
## (၃၃)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်အခမ်းအနားဖိတ်ကြားခြင်း

၂၀၁၈ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ကျရောက်သော(၃၃)နှစ်မြောက် သူရ(၆၉)ကျောင်းဆင်းနှစ်ပတ်လည်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့်ဇနီးမိသားစုများ၊ ကျဆုံး/ကွယ်လွန် သူငယ်ချင်းများ၏ ဇနီးမိသားစုများ စုံညီစွာတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၂-၇-၂၀၁၈ ရက် (ကြာသပတေးနေ့)
**နေရာ/အချိန် (၁)** ၀၉း၀၀နာရီကျဆုံး/ကွယ်လွန်သူငယ်ချင်းများကို ရည်စူးပြီး နေပြည်တော် ပြန်ကပြေးဘုန်းတော်ကြီးကျောင်းတွင် ပင့်သံဃာ(၅)ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ တရားနာ၊ ရေစက်ချအမျှပေးဝေခြင်း။
(၂) ၁၀း၀၀နာရီ စိန်လှို့ Guest House အပေါ်ဆုံးထပ်၊ မင်္ဂလာခန်းမတွင် နှစ်ပတ်လည်တွေ့ဆုံပွဲပြုလုပ်ခြင်း။
**ဆက်သွယ်ရန်။** ရန်မျိုးဝင်း ဖုန်း-၀၉-၂၅၄၁၄၉၀၉၉၊
လှဆန်း ဖုန်း-၀၉-၇၉၇၈၄၈၂၃၆၊
စံခင် ဖုန်း-၀၉-၇၉၇၆၈၃၂၄၄၊ ရဲဝင်း ဖုန်း-၀၉-၇၃၀၉၃၃၉၅

## (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်အတွက်
## ရိက္ခာဆန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား၊ အချုပ်သားများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်လိုအပ်သော ရိက္ခာဆန် (၆၄၇၀၈) အိတ်ကို သက်ဆိုင်ရာအကျဉ်းထောင်/စခန်းများအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၃-၇-၂၀၁၈ရက်၊ ၀၉း၀၀ နာရီမှ ၂-၈-၂၀၁၈ ရက်၊ ၁၆း၀၀ နာရီထိ

၃။ **အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည့်ရက်** - ၃-၈-၂၀၁၈ ရက်၊ ၁၀း၀၀ နာရီ
**နေရာ** အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ် ဦးစီးမှူးရုံး၊ တောင်ကြီးမြို့

၄။ တင်ဒါလျှောက်လွှာပုံစံ(၁)စောင်လျှင် (၁၅၀၀၀ိ/-)ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) ဖုန်း ၀၈၁-၂၀၈၅၄၉ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန
၀၈၁-၂၀၈၅၅၀ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊မြိုင်မြို့နယ် ပန်းစွာကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မမြင့်မြင့်စီ၏ ဖခင်အမည်မှန်မှာ ဦးသိန်းဆောင် ၈/မမန(နိုင်)၂၃၉၃၁၇ ဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ် လက်တောင်းငယ်ကျေးရွာနေ မောင်သိန်းဇော်(ဘ)ဦးဘိုးခင် ၅/ယမပ(နိုင်)၁၂၉၀၂၇ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။ **ဖုန်း-၀၉-၄၄၉၁၆၇၂၀၉**

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ပန်းစွာကျေးရွာ အထက(ခွဲ) သတ္တမတန်းမှ မောင်မင်းကိုဟန်၏ဖခင်အမည်မှန်မှာ ဦးသိန်းဝင်း ၈/မမန(နိုင်)၁၆၁၁၅၂ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့ အထက နဝမတန်း (D)မှ မနှင်းယုထွေး၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွန်း ၅/ဆလက(နိုင်) ၁၂၅၈၄ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် မြိုင်မြို့နယ်၊ ပန်းစွာကျေးရွာ အထက(ခွဲ) သတ္တမတန်းမှ မောင်ကျော်ဇင်ငြိမ်းနှင့် ပဥ္စမတန်းမှ မောင်ထွန်းမြတ်မင်းတို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ထွန်း၈/မမန(နိုင်)၁၄၂၂၁၃ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့၊ အထက နဝမတန်း(D) မှ မခင်ဆွေဦး၏ဖခင်အမည်မှန်မှာ ဦးဇော်မင်းဦး၈/မမန(နိုင်) ၁၂၁၉၁၆ ဖြစ်ပါကြောင်း။

SEVEN စံ မော်
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်) အိမ်အရောက် ငွေပေးချေသည်။ 'ပွဲခလုံးဝမယူပါ'။
09 - 33 333 511, 09 - 33 333 514,
09 - 33 333 644

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ် (၉၄၁)၊ မြေကွက်တည်နေရာအမှတ် ၉၄၁၊ သရေခေတ္တရာ(၂၀)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်စန်းရီ S/OKA -၀၆၈၂၃၀) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းရီထံမှ ပိုင်ဆိုင်စာချုပ် ၅၇၇/၉-၃-၁၇ ဖြင့် ရရှိသူ ဦးအောင်မြင့်ဆွေ ၁၂/ဥကတ(နိုင်)၀၇၉၆၀၃မှ ဂရန်ပျောက်ဆုံးကြောင်း ပုဇွန်တောင်မြို့နယ် တရားရုံး ကျမ်းသစ္စာပေးအရာရှိ ဒေါ်နှင်းဝင့်ဝင့်ဖြူ၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသော ကျမ်းကျိန်လွှာ ၄၄၆၉/၂၁-၃-၁၇၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံကတိတို့ကိုတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ လျှောက်ထားမြေရှိ တစ်ထပ်နံကပ်အိမ်တွင် ဦးအောင်မြင့်ဆွေ နေထိုင်ပြီး၊ နှစ်ထပ်နံကပ်အိမ်တွင် ဦးအောင်မြင့်ဆွေ၏အဒေါ်ဖြစ်သူ ဒေါ်ကြွေးကြွေး နေထိုင်ပါသည်။ အဒေါ်ဖြစ်သူ ဒေါ်ကြွေးကြွေးတို့အား အိမ်ငှားအဖြစ် ငှားရမ်းထားရှိခြင်းနှင့်ပတ်သက်၍ တာဝန်ယူမည်ဖြစ်ကြောင်း၊ မြေပြင်အရှိ ဧရိယာ (၃၈'၊ ၃၇'·၆"× ၆၀') ဖြင့်နေသည်ကိုလည်း လက်ခံရယူမည်ဖြစ်ကြောင်း ဝန်ခံကတိတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ တံငါကျင်း အလက သတ္တမတန်းမှ မစုပုံချစ်၏ ဖခင်အမည်မှန်မှာ ဦးအောင် ၉/နထက(နိုင်)၁၅၀၇၈၈ ဖြစ်ပါကြောင်း။ **ဦးအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/9076 Mitsubishi Pajero IO H76 S/W(4×4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာဝင်းနွယ် ၁၂/စခန(နိုင်)၀၀၅၀၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/1893 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/2769 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/2219 Toyota IPSUM ACM 21, S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်ထွေး ၇/ပမန(နိုင်)၁၀၀၃၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/5399 Suzuki Carry DA 65J P/U (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝင်း ၁၂/အစန(နိုင်)၁၂၅၁၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀/ကံဘဲ့၊ မြေကွက်အမှတ်-၁၊ မြေကွက်တည်နေရာအမှတ်-၁၄၊ သရဖီလမ်း၊ (၉)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဦးမူတူး ၁၂/ရကန(နိုင်)၀၆၄၅၁၅ အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဦးမူတူး ၁၂/ရကန(နိုင်)၀၆၄၅၁၅မှ ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားလာပါသည်။ အဆိုပါမြေကွက်၏ မြေစာရင်းမှတ်ချက်တွင် ၁၆-၂-၂၀၀၇ ရက်နေ့၌ ဦးမူတူးမှ ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားကြောင်း မှတ်သားထားခြင်းနှင့် ပတ်သက်၍ ဦးမူတူး၏ ဘဏ်ချေးမြေပုံကူးအား ထုတ်ယူခဲ့ခြင်းမရှိသည့်အပြင် မည်သည့်ဘဏ်တွင်မှ အသုံးပြုခဲ့ခြင်းမရှိပါကြောင်း၊ မြေဂရန်မူရင်းမှာလည်း မိမိ၏လက်ဝယ်တွင်ရှိပါကြောင်း၊ အခြားသူသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း၊ လှူဒါန်းခြင်းတို့မှ ကင်းရှင်းပါကြောင်း ဦးမူတူးမှ ၁၁-၅-၂၀၁၈ ရက်စွဲပါ ကျမ်းကျိန်လွှာနှင့်အတူ ၂၂-၅-၂၀၁၈ ရက်စွဲပါ ဝန်ခံကတိပြုစာတင်ပြလာပါသည်။ သို့ပါ၍ အထက်ဖော်ပြပါအတိုင်း ဦးမူတူး ၁၂/ရကန(နိုင်)၀၆၄၅၁၅ မှ ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




**အောင်ပြည့်စုံ**
**အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားမျိုးစုံဖြင့် အလုပ်သမား စီစဉ်ပေးသည်။**
**09 250095114**
**09 421041338**
**09 73224763**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် SHN/4273 Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းနွန်းက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ဖခင်အမည်မှန်

မိုင်းခတ်မြို့၊ အထကကျောင်း စတုတ္ထတန်းမှ မရှဲဟွမ်းမား၏ ဖခင်အမည်မှန်မှာ ဦးလောကော် ၁၃/မခန(နိုင်)၀၁၁၄၁၉ ဖြစ်ပါကြောင်း။ **ဦးလောကော်**

## ဖခင်အမည်မှန်

အထက(၂) အင်းစိန်၊ ဆဋ္ဌမတန်း(G)မှ မအေးချမ်းမြတ်မင်း၏ ဖခင်အမည်မှန်မှာ ဦးကိုကိုလွင် ၇/ပခန(နိုင်)၃၃၂၈၃၅ ဖြစ်ပါကြောင်း။ **ဦးကိုကိုလွင်**

## ပျောက်ဆုံးကြောင်း

ကျွန်မ မရွှေဥ ၁၃/ကမန(နိုင်)၀၄၇၈၄၈ ၏ Pass Port No (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၂၅၀၅၉၀**

## ဖခင်အမည်မှန်

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဇန်းမော်မြို့ အထက(ခွဲ) အလက(၄) အဋ္ဌမတန်း(A)မှ မရတနာမွန် ကျောင်းဝင်အမှတ် (၅၆၂၀)၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုဝင်း ၅/ကလထ(နိုင်)၁၃၅၂၅၉ ဖြစ်ပါကြောင်း။ **ဦးအောင်ကိုဝင်း**

## ပျောက်ဆုံးကြောင်း

ကျွန်မ မမီရီး ၁၃/တခလ(နိုင်)၀၆၁၈၅၁ ၏ Pass Port No (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၂၅၀၅၉၀**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/7538 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းမိုးမို့ ၁၃/တခလ(နိုင်)၀၃၉၃၂၄ ၏ Pass Port No (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၂၅၀၅၉၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် န/၅၃ (ကျောင်းကုန်း)၊ မြေကွက်အမှတ် (၄၄၀/က)၊ ခရေလမ်း၊ အကျယ်အဝန်းအားဖြင့် (၂၀×၆၀)ပေ ပမာဏရှိသည့်မြေကွက်သည် အိုးအိမ်ဦးစီးဌာနတွင် ဦးစိန်မြင့်အမည်ဖြင့် မှတ်သားထားရှိသည့် ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မိုးမိုးအောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်သိန်းဦး ၈/ရနခ(နိုင်)၁၁၀၆၄၁ က ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးမြင့်သိန်းဦး**
**၈/ရနခ(နိုင်)၁၁၀၆၄၁**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုမာ** တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၂၁/၂၀၁၁)
**ဒေါ်ဆုမြတ်ကျော်စိုး** အထက်တန်းရှေ့နေ (စဉ်-၄၂၁၅၆)
**အမှတ်(၆၀)၊ မြေညီထပ်၊ ဘားလမ်း(ခ)မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် န/၅၃ (ကျောင်းကုန်း)၊ မြေကွက်အမှတ် (၄၃၉/ခ)၊ ခရေလမ်း၊ အကျယ်အဝန်းအားဖြင့် ပေ(၂၀×၆၀) ပမာဏရှိသည့် မြေကွက်သည် အိုးအိမ်ဦးစီးဌာနတွင် ဦးလွင်အမည်ဖြင့် မှတ်သားထားရှိသည့် ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် တစ်ထပ်တိုက်အိမ်တို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မိုးမိုးအောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်သိန်းဦး ၈/ရနခ(နိုင်)၁၁၀၆၄၁ က ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးမြင့်သိန်းဦး**
**၈/ရနခ(နိုင်)၁၁၀၆၄၁**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုမာ** တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၂၁/၂၀၁၁)
**ဒေါ်ဆုမြတ်ကျော်စိုး** အထက်တန်းရှေ့နေ (စဉ်-၄၂၁၅၆)
**အမှတ် (၆၀)၊ မြေညီထပ်၊ ဘားလမ်း(ခ)မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃ အမ်၊ မြေကွက်အမှတ် III Class ၁၃၁၊ မြေကွက်တည်နေရာအမှတ်(၁၃)၊ စံပယ်လမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ် မငြိမ်းဇနှင့် သားမောင်လှမြင့် အမည်ပေါက် နှစ် ၉၀ဂရန်မြေ (သက်ကုန်)မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ (မိခင်)ဒေါ်ငြိမ်းအေးသည် ၁၆-၇-၂၀၀၆ ရက်တွင် လည်းကောင်း၊ (ဖခင်)ဖြစ်သူ ဦးလှမောင်သည် ၁၆-၃-၁၉၉၉ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဦးလှမြင့် ၁၂/အလန(နိုင်)၀၁၂၆၄၃ မှ တစ်ဦးတည်းသော (သား)ဖြစ်၍ မိခင်ဒေါ်ငြိမ်းအေးအစုအား တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၄၂၈၊ မြေကွက်တည်နေရာအမှတ် ၄၂၈၊ စကားဝါလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးခင်သူ ၁၂/ရကန(နိုင်)၀၃၀၆၀၁၊ ဒေါ်စန္ဒီကျော် ၁၂/ရကန(နိုင်)၀၂၈၃၄၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်သူ၊ ဒေါ်စန္ဒီကျော်တို့နှစ်ဦးအနက် အမည်ပေါက် (၁)ဦးဖြစ်သူ ဒေါ်စန္ဒီကျော်(ကွယ်လွန်)သဖြင့် ခင်ပွန်းဖြစ်သူ ဦးခင်သူမှ ဇနီးသေစာရင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တရားရုံးကျမ်းကျိန်သူအရာရှိရှေ့တွင် ပြုလုပ်ထားသည့် ၁၉-၄-၂၀၁၈ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ် (၄/၉၉၅) ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ နိုင်ကတ်၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်+အရောင်းမြေပုံကူး လျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးခဲ့ရာ အုတ်ကာ၊ သွပ်မိုး(၂)ထပ်အိမ်ရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသည်။ သို့ပါ၍ ဦးခင်သူ၏ ပိုင်ဆိုင်+အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၆၂၆၇၅ Yamaha FZS ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ Eight Cloud Public Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၇၀၀၉၇ Honda C90 Custom, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာညီ ၅/မရန(နိုင်)၁၂၆၆၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၆၂၉၀၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/9089 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

# (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး

## ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် ဇူလိုင် ၅**

၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန် ကွပ်ကဲရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ၂၀၁၈ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်သူ၊ ဗိုလ်ချုပ်မြင့်နွယ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင်စန်းနိုင်၊ ဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❍



ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

## အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု(စ) ၌ ပါဝင်

**ရန်ကုန် ဇူလိုင် ၅**

(၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် တစ်ကျော့ပြန်ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အမျိုးသားဘောလုံးအသင်းသည် အုပ်စု (စ)၌ အာရှအင်အားကြီးအသင်းများဖြစ်သော မြောက်ကိုရီးယား၊ ဆော်ဒီ၊ အီရန်အသင်းတို့နှင့် ကျရောက်နေသည်။ အာရှအားကစားပြိုင်ပွဲ၏ အုပ်စုပုံစံဖြင့် ကျင်းပမည့် အုပ်စုမဲခွဲပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် မွန်းလွဲပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပခဲ့သည်။

အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုခွဲဝေမှုအရ အုပ်စု (က) တွင် အိမ်ရှင် အင်ဒိုနီးရှား၊ ဟောင်ကောင်၊ လာအို၊ ထိုင်ဝမ်၊ အုပ်စု (ခ)တွင် ထိုင်း၊ ဥဇဘက်ကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ကာတာ၊ အုပ်စု (ဂ) တွင် အီရတ်၊ တရုတ်၊ တီမော၊ ဆီးရီးယား၊ အုပ်စု (ဃ) တွင် ဂျပန်၊ ဗီယက်နမ်၊ ပါကစ္စတန်၊ နီပေါ၊ အုပ်စု (င) တွင် လက်ရှိချန်ပီယံ တောင်ကိုရီးယား၊ ကာဂျစ္စတန်၊ မလေးရှား၊ ဘာရိန်း၊ အုပ်စု (စ) တွင် မြောက်ကိုရီးယား၊ ဆော်ဒီ၊ အီရန်၊ မြန်မာအသင်းတို့ ပါဝင်နေသည်။ အမျိုးသားဘောလုံးပြိုင်ပွဲကို ယူ-၂၃ ပြိုင်ပွဲအဖြစ် သတ်မှတ်ထားပြီး မြန်မာအသင်းသည်

စာမျက်နှာ ၁၂ ကော်လံ ၁ ✪



၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၂ အသင်း။

## အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်း အိမ်ရှင် အင်ဒိုနီးရှားအသင်းကို ဂိုးပြတ်သွင်းပြီး နိုင်ပွဲဆက်

**ရန်ကုန် ဇူလိုင် ၅**

၂၀၁၈ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (ခ) တတိယနေ့ကို ယနေ့ ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာအမျိုးသမီးအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အင်ဒိုနီးရှားနှင့် ယှဉ်ပြိုင်ခဲ့ရပြီး ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အဖွင့်ပွဲတွင် ဖိလစ်ပိုင်အသင်းကို ဂိုးပြတ်အနိုင်ရခဲ့ပြီး ယခုပွဲတွင်လည်း အိမ်ရှင်အင်ဒိုနီးရှားအသင်းကို ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် နှစ်ပွဲဆက်အနိုင်ရကာ ဗီယက်နမ်နှင့် အပြိုင်ဖြစ်နေသည်။ နှစ်ပွဲဆက်အနိုင်ရထားသည့် မြန်မာနှင့် ဗီယက်နမ်အသင်းသည် အုပ်စုပထမနေရာအတွက် ဆက်လက်ပြိုင်ဆိုင်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုပွဲတွင် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး အရန်ကစားသမားများကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ အင်ဒိုနီးရှားအသင်းသည် အိမ်ရှင်အသင်းဖြစ်သော်လည်း ခြေစွမ်းအရသာမန်ထက်မပိုသောကြောင့် မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ပထမပိုင်းမှာပင် သုံးဂိုးပြတ်အနိုင်ရနေသည်။ မြန်မာအသင်းသည် ပွဲအစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၄ မိနစ်တွင် ဝင်းသီရိထွန်းက အဖွင့်ဂိုးသွင်းယူခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၄ ❏


